# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၂၀ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၉)၊ အမှတ် (၃၅၃)


# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း

## ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် သတင်းမီဒီယာများ၏အခန်းကဏ္ဍ အွန်လိုင်းတွေ့ဆုံဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့ ပူးပေါင်းကျင်းပသည့် "၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် သတင်းမီဒီယာများ၏ အခန်းကဏ္ဍ" တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အွန်လိုင်းဖြင့် ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အွန်လိုင်း တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ-ဦးအုန်းကြိုင်)၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးနှင့် မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို) မှ တာဝန်ရှိသူများနှင့် သတင်းမီဒီယာအဖွဲ့ ၁၉ ဖွဲ့မှ သတင်းမီဒီယာသမား ၁၉ ဦးတို့ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ တို့က အမှာစကား အသီးသီးပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၅* ❏



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း "၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် သတင်းမီဒီယာများ၏ အခန်းကဏ္ဍ" တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်စဉ်။ သတင်းစဉ်

## ကိုဗစ်-၁၉ အတည်ပြုလူနာများနှင့် ထိတွေ့ဆက်စပ်သူများအား အသွားအလာကန့်သတ်စောင့်ကြည့်ရန် ကိုဗစ် - ၁၉ ရောဂါ ကုသရေးဌာန ယာယီဆေးရုံ (သုဝဏ္ဏ) ဆောင်ရွက်ထား

**ရန်ကုန် စက်တင်ဘာ ၁၉**

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏဘောလုံး အကယ်ဒမီကျောင်း မြက်ခင်းတုအားကစားကွင်းတွင် ယာယီဆေးရုံ (Tent Hospital)၌ ကိုဗစ် - ၁၉ အတည်ပြုလူနာများနှင့် ထိတွေ့ဆက်စပ်သည့်သူများအား အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုထားရှိနိုင်ရေး ဆောင်ရွက်ထားမှုပြီးစီးပြီဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍



ကိုဗစ် - ၁၉ ရောဂါကုသရေးဌာန ယာယီဆေးရုံ(သုဝဏ္ဏ) ပြင်ဆင်ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

**ကိုဗစ်- ၁၉ ဒုတိယအကျော့ ဝင်ရောက်မှုနှင့် ပြန်လည်အရှိန်ယူကြရဦးမည့် ခရီးသွားကဏ္ဍ**

ဆောင်းပါး စာ ၆

.......................

**လာမည့်နှစ်ဧပြီလတွင် အမေရိကန်ပြည်သူတစ်ရပ်လုံးအတွက် ကိုဗစ်- ၁၉ ကာကွယ်ဆေးအလုံအလောက်ရရှိနိုင်မည်ဖြစ်ကြောင်း ဒေါ်နယ်ထရမ့်ပြော**

နိုင်ငံတကာသတင်း စာ ၁၂


MTB

MYANMA TOURISM BANK

မြန်မာ့ခရီးသွားဘဏ်



မြန်မာနိုင်ငံအတွက် ကိုယ်ကျိုးစွန့် ကာကွယ်ပေးနေသော Frontliner များအားလုံးကို မြန်မာ့ခရီးသွားဘဏ်မှ အထူးအသိအမှတ်ပြု ကျေးဇူးတင်ရှိပါသည်။

မြန်မာ့အလင်း

# အမုန်းစကား၊ အမုန်းတရား ကင်းစင်ရေး

ဒီမိုကရေစီနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သည် ဒင်္ဂါးပြား တစ်ခု၏ ခေါင်းနှင့်ပန်းဟု တင်စားလေ့ရှိ၏။ ဒီမိုကရေစီမရှိလျှင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် မရှိ။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် မရှိဘူးဆိုလျှင် ဒီမိုကရေစီရှိသည်ဟု မဆိုနိုင်။

မြန်မာနိုင်ငံသည် အာဏာရှင်စနစ်အောက်မှ ရုန်းထွက်ကာ ဒီမိုကရေစီစနစ်ကို ထူထောင်နေသည့်နိုင်ငံဖြစ်၏။ ပြည်သူလူထုက ဒီမိုကရေစီစနစ်ကို တောင့်တသည်၊ လိုချင်သည်ဟူသည့် အဆိုတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို လိုချင်သည်ဟူသည်က ရှေ့တန်းကပါပါသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို နှစ်ပေါင်းများစွာ ပိတ်ပင်ခြင်းခံခဲ့ရသည်ကိုး။

ယနေ့အခါတွင် ဒီမိုကရေစီကို ခိုင်ခိုင်မာမာအုတ်မြစ်ချနိုင်ခဲ့ပြီဟု မဆိုနိုင်သေးသော်လည်း ဒီမိုကရေစီအခွင့်အရေးများကို စတင်ရရှိလာနေပြီဖြစ်ရာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည်လည်း ကျွဲကူးရေပါ တွဲလျက်သာဟု ဆိုရပါမည်။

သို့သော်...

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုသည်မှာ လွတ်လပ်စွာ တိုင်းထွာဆဲရေးခွင့်ရခြင်းတော့ မဟုတ်ပါ။ အထူးသဖြင့် လူမှုကွန်ရက်များပေါ်တွင် သတင်းအမှားများကို လုပ်ကြံရေးတင်ပြီး မကြားဝံ့ မနာသာ ရုန့်ရုန့်ရင်းရင်းရေးကြ ပြောကြသည်မှာ တစ်စတစ်စ များပြားလာပါသည်။ နည်းပညာအကူအညီဖြင့် လုပ်ဇာတ်ထိုးဇာတ်များကို စနစ်တကျလုပ်လာကြခြင်းဖြင့် ရိုင်းစိုင်းမှုကို ပြိုင်ဆိုင်နေကြသကဲ့သို့ပင်။

ကြမ်းတမ်းရိုင်းစိုင်းပြောဆိုမှု အချိန်ကြာလာသည်နှင့်အမျှ ရင့်သီးပြင်းထန်သည့် စကားလုံးအသုံးအနှုန်းများနှင့် ယဉ်ပါးလာကြကာ ငယ်ရွယ်သူတို့အကြား မောင်နှင့် နှမ၊ သားနှင့်အမိ မကြားဝံ့ မနာသာတို့ကို ထမင်းစား ရေသောက် ပြောဆိုသုံးနှုန်းနေကြလေသည်။ ချစ်ခင်သူတို့ကြား သုံးစွဲနေသည်ကပင် ရိုင်းပျလှပြီဖြစ်လေရာ အခြားသူများနှင့် ဆက်ဆံပြောဆိုရာတွင် သုံးနှုန်းသည့်အခါ လူလူချင်း မုန်းတီးမှုများ၊ ခက်ထန်မှုများကို ဖြစ်ပေါ်လာစေတော့သည်။

အမုန်းစကားများက အမုန်းတရားများကို မွေးဖွားပေး၏။ အမုန်းတရားဟူသည် လောက၏ ငြိမ်းချမ်းမှုကို ပျက်စီးထိခိုက်စေသည့် အဆိုးရွားဆုံး အကြောင်းရပ်တစ်ခုဖြစ်၏။

အမုန်းတရားတို့က မကောင်းသော ဒုစရိုက်မှုများကို မီးမြှိုက်ပေး၏။ အမုန်းစကားတို့က လူတို့၏ ကိုယ်၊ နှုတ်၊ နှလုံးတို့ကို ရိုင်းပျလာအောင် နှိုးဆွ၏။ ရိုင်းစိုင်းပြောဆိုမှုက ရိုင်းပျတုံ့ပြန်လာအောင် လှုံ့ဆော်၊ ရိုင်းပျလာသည့်အခါ ရိုင်းစိုင်းမှုက ပိုမိုခက်ထန် ကြမ်းတမ်းလာ။ ဤသို့ဖြင့် ဒုစရိုက်သံသရာ မပြတ်တမ်းလည်တော့သည်။

အမုန်းစကားတို့၏ အစမှာ မဟုတ်မမှန်ပြောဆိုခြင်း၊ မုသာဝါဒ၊ ကုန်းတိုက်စကားပြောဆိုခြင်း၊ ပိသုဏာဝါစာ၊ ဆဲရေးတိုင်းထွာခြင်း၊ ကြမ်းတမ်းသော စကားပြောဆိုခြင်း၊ ဖရုသဝါစာ၊ အကျိုးမရှိ သိမ်ဖျင်းအနှစ်မဲ့သောစကားကို ပြောခြင်း သမ္ဖပ္ပလာပ ဟူသည့် ဝစီဒုစရိုက် လေးပါးပင် ဖြစ်ပါသည်။ ယင်းတို့သည်ကား အမုန်းစကားဟု ထင်ထင်ရှားရှားပေါ်လွင်စေသည့် အရင်းခံများဖြစ်ပါသည်။

ထို့အတူပင် ညင်သာသိမ်မွေ့စွာဖြစ်စေ ပြောဆိုရင်း ကြားနာသူတို့၏ ခံစားချက်တွင် မုန်းတီးမှုများ ပေါ်ပေါက်လာအောင် ဆွဲဆောင်တတ်သော ပရိယာယ်စကားများလည်း ရှိ၏။ နားထောင်သူတို့ ရင်ထဲတွင် မတရား၊ မမျှတ၊ နှိမ့်ချသည်၊ ဖိနှိပ်သည်၊ အနိုင်ကျင့်သည်ဟူသည့် ခံစားချက်များ ဖြစ်ပေါ်လာအောင် နှိုးဆွပြောဆိုမှုများသည်လည်း အမုန်းတရားများကို မွေးဖွားစေသည့် အမုန်းစကားများဖြစ်မည်သာ။ မိမိတို့၏ နှုတ်ထွက်စကား၊ မိမိတို့၏ အရေးအသားတို့ကြောင့် လူတို့စိတ်တွင် မုန်းတီးမှုများ ခက်ထန်စိတ်များ ထကြွဖြစ်ပေါ်လာစေခြင်းသည်ကား ဒုစရိုက်သာ။

လူ့ဘောင်လောကတွင် လူတို့သည် မတူကွဲပြားခြားနားမှုများ မည်သို့ရှိစေ၊ တစ်ဦးနှင့် တစ်ဦး မတော် မတရား မပြုခြင်း၊ တစ်ဦးနှင့် တစ်ဦး စာနာနားလည်ထောက်ထားခြင်း၊ ဖေးမကူညီလိုခြင်းတို့သည်သာ လောကငြိမ်းချမ်းရေးအတွက် သော့ချက်များပင်ဖြစ်သည် မဟုတ်ပါလား။

အမုန်းစကားတို့သည် ဒီမိုကရေစီမဟုတ်။ အမုန်းစကားတို့ သည် ဒီမိုကရေစီကို အတွင်းကလှိုက်စားလောင်ကျွမ်းစေမည့် မီး ဖြစ်၏။ အမုန်းစကားတို့သည် ဒီမိုကရေစီကို သိမ်ဖျင်းအောင်ပြုလုပ်မည့် အင်အားရှိ၏။

အမုန်းစကားတို့ ကင်းစင်ကာ မေတ္တာစကားတို့ဖြင့် လောကတစ်ခွင် ငြိမ်းချမ်းသာယာ ရှိပါစေသား။ ။

## မကွေးတိုင်းဒေသကြီးအတွင်း ဟိုတယ်၊ မိုတယ် ခြောက်ခုတွင် ဟိုတယ်အသွားအလာကန့်သတ်ခြင်း ဝင်နိုင်

မကွေး စက်တင်ဘာ ၁၉



မကွေးတိုင်းဒေသကြီးအတွင်း လုပ်ငန်းကိစ္စများဖြင့် ခရီးသွားလာနေရသည့် ဧည့်သည်များအတွက် ဟိုတယ်၊ မိုတယ် ခြောက်ခုတွင် ဟိုတယ်အသွားအလာ ကန့်သတ်ခြင်း ဝင်ရောက်နိုင်ကြောင်း မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များ အသင်း (မကွေး) ဥက္ကဋ္ဌ ဦးစံထွေးထံမှ သိရသည်။

"ကျွန်တော်တို့ရဲ့ သဘောနဲ့ တိုင်းဒေသကြီးရဲ့ လိုအပ်ချက်ကို စာထွက်ပြီး လက်ခံပေးတဲ့ သဘောပါ။ မကွေးက ဟိုတယ်သုံးလုံးနဲ့ တိုင်းဒေသကြီးအတွင်းက ဟိုတယ်၊ မိုတယ်သုံးခုတို့မှာ အသွားအလာကန့်သတ် ဝင်လို့ရအောင် ကူညီပံ့ပိုး လုပ်ဆောင်ပေးတာပါ။ အခုချိန်ထိတော့ မဝင်သေးပါဘူး။ အရင်ရက်ပိုင်းကတော့ တစ်ယောက်ဝင်ပါတယ်" ဟု မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(မကွေး)ဥက္ကဋ္ဌ ဦးစံထွေးက ပြောသည်။

အဆိုပါ ဟိုတယ် အသွားအလာ ကန့်သတ်ခြင်း ဝင်ရောက်နိုင်သည့် ဟိုတယ်၊ မိုတယ်များမှာ မကွေးမြို့မှ နန်းထိုက်သူဟိုတယ်၊ ပုလဲရွှေရည် ဟိုတယ်နှင့် My River View Hotel၊ မင်းဘူးမြို့မှ မန်းသီတာဟိုတယ်၊ ပခုက္ကူမြို့မှ Hotel Juno နှင့် ဂန့်ဂေါမြို့မှ အောင်စည်ဟိန်းမိုတယ်တို့ ဖြစ်ပြီး ယင်းကဲ့သို့ ဆောင်ရွက်ပေးရခြင်းမှာလည်း မကွေးတိုင်းဒေသကြီးအတွင်းသို့ ဝင်ရောက်လာသည့် ခရီးသွားများအား ကိုဗစ်ကော်မတီမှ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် မူရင်းလာသည့်နေရာများမှ ထောက်ခံစာများဖြင့် ဝင်ရောက်လာသည့်အခါ မြို့တွင်း၌ တည်းခိုစရာ ခက်ခဲသဖြင့် ဟိုတယ်လုပ်ငန်းရှင်များ အသင်းအနေဖြင့် ယခုကဲ့သို့ တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဟိုတယ်များတွင် ပိုးတွေ့သူများကို ထားခြင်း မဟုတ်ဘဲ မကွေးသို့ မဖြစ်မနေ ဝင်လာရသည့် သူများကို စောင့်ကြည့်ကာလအနေဖြင့် ထားခြင်းဖြစ်ကြောင်းနှင့် ဟိုတယ်တွင်ရှိသည့် ဝန်ထမ်းများကိုလည်း အဝင်အထွက် မရှိအောင် ကန့်သတ်ချထားပြီး အပြင်နှင့် ထိတွေ့မှု မရှိအောင် ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## သာပေါင်းမြို့နယ် ကြေးတိုင်အင်းများအတွင်း ငါးမျိုးစိုက်ထည့်

နေပြည်တော် စက်တင်ဘာ ၁၉

ငါးလုပ်ငန်းဦးစီးဌာနသည် ဂရန်အင်းများ ရေရှည်တည်တံ့ပြီး ငါးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးအတွက် နှစ်ရှည်အငှားဂရန် (ကြေးတိုင်အင်း) လုပ်ကိုင်ခွင့်များ ခွင့်ပြုပေးလျက်ရှိရာ ၂၀၂၀-၂၀၂၁ အင်းလုပ်ငန်းရာသီတွင် ကြေးတိုင်အင်းလုပ်ကိုင်ခွင့်ရ အင်းများ၏ငါးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးအတွက် ငါးမျိုးစိုက်ထည့်ခြင်းကို ယမန်နေ့က သာပေါင်းမြို့နယ် ကြိမ်တလီမြင်းဝန်းအင်းအတွင်း၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ပြုလုပ်သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၊ တိုင်းဒေသကြီးအမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်အောင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးသော်ထွန်းဦး၊ ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးအေးနိုင်၊ ကြေးတိုင်အင်းစိစစ်ရေးကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သာပေါင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးသိမ်းနှင့်ဝန်ထမ်းများ၊ တလုပ်လှ ငါးလုပ်ငန်းစခန်း တာဝန်ခံ ဒေါ်အေးအေးမင်းနှင့်ဝန်ထမ်းများ၊ အင်းသားကြီးများ တက်ရောက်ကြသည်။

ထို့နောက် ကြေးတိုင်အင်း ၁၅ အင်းအတွက် တလုပ်လှငါးလုပ်ငန်းစခန်းမှ သန့်စွမ်းကျန်းမာသော မျိုးမြင့်ငါးမြစ်ချင်းငါးမျိုးများ ငါးမြစ်ချင်း(ငါးဖျန်း) သားပေါက်ကောင်ရေ ၉၅၀၀၀ နှင့် ငါးတန်(ငါးဖျန်း) သားပေါက်ကောင်ရေ ၂၀၀၀၀ စုစုပေါင်းကောင်ရေ ၁၁၅၀၀၀ အား အင်းသားကြီးများသို့ လွှဲပြောင်းပေးအပ်ကာ ကြိမ်တလီ မြင်းဝန်းအင်းအတွင်း စုပေါင်းငါးမျိုးစိုက်ထည့်ပေးကြောင်း သိရသည်။ **သတင်းစဉ်**



(၅၆)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၌ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ထွန်း ဦးဆောင်၍ ရဲမှူးကြီး ဝင်းချွန်နှင့် ပဲခူးမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ရန်နိုင်အောင်တို့က သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များအား အားပေးစကားပြောကြားစဉ်။ မင်းခေတ်

## မိုးညှင်းမြို့နယ်၌ ငါးမွေးတောင်သူများအား ငါးသားပေါက်များ ထောက်ပံ့ပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၉

ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ မိုးညှင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ ငါးမွေးမြူရေးလုပ်ငန်း ပြန်လည်ထူထောင်နိုင်စေရေးအတွက် ငါးမွေးတောင်သူများအား ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ခြင်းလုပ်ငန်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ယမန်နေ့က မိုးညှင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးတွင် ပြုလုပ်ခဲ့ပြီး မြို့နယ်အတွင်းရှိ ငါးမွေးတောင်သူ ၂၈ ဦး၏ ငါးမွေးကန်ဧက ၈၃ ဒသမ ၅၆၂ အတွက် ငါးသားပေါက်ကောင်ရေ ၁၆၇၁၂၄ ကောင်ကို ထောက်ပံ့ပေးအပ်ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းဆွေ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလေးနိုင်နှင့် ဝန်ထမ်းများက ငါးမွေးတောင်သူများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်သူသာလျှင် အဓိက

○ *ရှေ့ဖုံးမှ*



အဆိုပါ ယာယီဆေးရုံ (သုဝဏ္ဏ) ဆောင်ရွက်ပြီးစီးမှုကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက ကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)**

ယာယီဆေးရုံ တည်ဆောက်ပြီးစီးမှုများကို တိုင်းဒေသကြီး ကိုဗစ် – ၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ကုသရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဆေးတက္ကသိုလ် – ၁ ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ ဇော်ဝေစိုးနှင့် ရေဝတီဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ရှင်းလင်းတင်ပြကြသည်။

ရောဂါလက္ခဏာ မပြင်းထန်သူများ၊ အသက်ငယ်ရွယ်သူများ၊ နောက်ခံရောဂါမရှိသူများ စသည့် ရောဂါလက္ခဏာ ပြင်းထန်ခြင်းမရှိ၊ မစိုးရိမ်ရသည့် ကိုဗစ် – ၁၉ လူနာများကို ယာယီဆေးရုံများ ဖန်တီးပြီး ပြောင်းရွှေ့ကုသခြင်း အစီအစဉ်အရ ယခုဆေးရုံအား ရေဝတီဖောင်ဒေးရှင်းက တာဝန်ယူတည်ဆောက်ပေးခဲ့ကာ ယာယီဆေးရုံတစ်ခုလျှင် ကိုဗစ် – ၁၉ လူနာ ၁၀၄ ဦး ထားရှိနိုင်မည်ဖြစ်သည်။ ဆေးရုံလေးခုတွင် ၄၁၆ ဦးနှင့် တာဝန်ထမ်းဆောင်ကြမည့် ကျန်းမာရေးဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်း ၁၀၀ နေထိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကုသရေးလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆောင်ရွက်သွားမည်ဖြစ်ပြီး နေရေးထိုင်ရေးနှင့် နေ့စဉ်အစားအသောက် ကုန်ကျစရိတ်များကို ရေဝတီဖောင်ဒေးရှင်းက တာဝန်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့သူ မြို့သားများ အနေဖြင့် မိမိနေအိမ်တွင် နေထိုင်ခြင်းဖြင့် စည်းကမ်းများကို တိတိကျကျ လိုက်နာကြရန်၊ မဖြစ်မနေ ပြင်ပသို့ သွားရောက်ရပါက နှာခေါင်းစည်းများ မဖြစ်မနေတပ်ကြရန်နှင့် ရန်ကုန်မြို့သည် လူဦးရေများပြားသည့်အတွက် ယခုလို ကူးစက်ပြန့်ပွားမှု မြင့်တက်လာချိန်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်း စည်းကမ်းများအား အထူးဂရုပြုလိုက်နာကြရန် လိုအပ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက နှိုးဆော်ထားကြောင်း သိရသည်။

**ဆန်းကျော်ဦး ( ပြန် / ဆက်)**

❑ *ရှေ့ဖုံးမှ*

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် သတင်းမီဒီယာဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။

**ပြန်လည်ရှင်းလင်း**

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာသမားများ၏ မေးမြန်းချက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ အွန်လိုင်းတွေ့ဆုံ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၀ ရက် ၁၀:၀၀ မှ ၁၂:၀၀ နာရီအချိန်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၁၉**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့ကရိတ်မြို့တွင် ၅ ဒသမ ၉၁ လက်မ၊ လောင်းလုံမြို့တွင် ၅ ဒသမ ၆၇ လက်မ၊ မြိတ်မြို့တွင် ၄ ဒသမ ၈၈ လက်မ၊ သထုံမြို့နှင့် မော်လမြိုင်မြို့တို့တွင် ၄ ဒသမ ၇၆ လက်မစီ၊ ချောင်းဆုံမြို့တွင် ၄ ဒသမ ၆၁ လက်မ၊ ထားဝယ်မြို့တွင် ၄ ဒသမ ၄၉ လက်မ၊ ညောင်လေးပင်မြို့တွင် ၄ ဒသမ ၂၂ လက်မ၊ လေးထပ်ပြင်(စိုက်ပျိုးရေးမိုးလေဝသ)တွင် ၃ ဒသမ ၇၄ လက်မ၊ ပြည်မြို့၊ ဘားအံမြို့နှင့် မုဒုံမြို့တို့တွင် ၃ ဒသမ ၅၈လက်မစီ၊ ပဲခူးမြို့တွင် ၃ ဒသမ ၂၈ လက်မ၊ ကျိုက်ဒိုမြို့တွင် ၃ ဒသမ ၂၀ လက်မ၊ ခရမ်းမြို့တွင် ၃ ဒသမ ၀၃ လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၉၀ လက်မနှင့် ဟသ်ာတမြို့တွင် ၂ ဒသမ ၇၂ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ ဒေသအလိုက် မိုးကြီးခြင်းနှင့် နေရာကွက်၍ မိုးကြီးခြင်းတို့ ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၉**

ယနေ့မြန်မာစံတော်ချိန် ည ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ ထိုင်း–မြန်မာနယ်စပ်အနီးတွင် ရောက်ရှိနေသော လေဖိအားနည်းရပ်ဝန်း သည် မြန်မာနိုင်ငံ ကရင်ပြည်နယ်သို့ ရောက်ရှိခဲ့ပြီး အနောက်–အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ယနေ့ညမှ စက်တင်ဘာ ၂၂ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးခြင်းနှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ထစ်ချုန်းရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်သူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကိုဗစ်-၁၉ ထိန်းချုပ် တားဆီး ကာကွယ်ရေးတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများအား အလှူငွေပေးအပ်

**တောင်ကြီး စက်တင်ဘာ ၁၉**




ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဒေါက်တာအောင်သန်းမောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးနေလင်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက် ၉ နာရီက တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံတွင် ကိုဗစ်-၁၉ ထိန်းချုပ် တားဆီးကာကွယ်ရေးတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က အလှူငွေကျပ်သိန်း ၃၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးနှင့် စဝ်စံထွန်း ဆေးရုံအုပ်ကြီးတို့က လက်ခံရယူသည်။**(ယာပုံ)**

ထို့အပြင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်မိခင်နှင့်ကလေးဆေးရုံကြီးတွင်လည်း အလှူငွေကျပ်သိန်း ၃၀ သွားရောက်ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးက လက်ခံရယူကြကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးတင်မြင့်ဝင်းက ရှမ်းပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၏ ဖွဲ့စည်းပုံ ဝန်ထမ်းအင်အား၊ လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်စာရင်း လာရောက်တင်သွင်းမှု၊ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း လာရောက်တင်သွင်းမှု၊ လွှတ်တော်ကိုယ်စားလှယ်လောင်း ရုပ်သိမ်း/ပယ်မှုအခြေအနေနှင့် အမည်စာရင်း၊ ရှမ်းပြည်နယ်တွင် ပါဝင်ယှဉ်ပြိုင်သော ပါတီများစာရင်း၊ ရှမ်းပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲက ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၅ ရက်တွင် ပထမအကြိမ် ကပ်ထားကြေညာသည့် မြို့နယ်အလိုက် အခြေခံမဲဆန္ဒရှင်အင်အားစာရင်း၊ မဲစာရင်း ကပ်ထားစဉ် လာရောက်ကြည့်ရှုသူနှင့် ပုံစံ(၃)၊ ပုံစံ(၄)၊ ပုံစံ(၄–ဂ)များဖြင့် လာရောက်လျှောက်ထားသူစာရင်း၊ ရှမ်းပြည်နယ်၏ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် လျာထားမဲရုံများစာရင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသက်(၁၈)နှစ်ပြည့်၍ ပထမအကြိမ် မဲပေးမည့်သူများစာရင်း၊ နိုင်ငံသား စိစစ်ရေးကတ်များ ဖြည့်သွင်းရန် လိုအပ်သည့်အရေအတွက် စာရင်းစသည့် ပြည်နယ်ချုပ်စာရင်းများကို ရှင်းလင်းတင်ပြပြီး ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထင်ကျော်၊ ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ဦးစိုင်းထွန်းမြတို့က မဲဆန္ဒရှင် မဲစာရင်း ကောက်ခံရရှိမှုများ၊ လုံခြုံရေးကိစ္စရပ်များ၊ လျှပ်စစ်မီးကိစ္စရပ်များ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးနေလင်းက မဲစာရင်းများမှန်ကန်စွာဖြင့် မဲပေးနိုင်ရေးနှင့် လုံခြုံစိတ်ချမှုရှိရေး၊ မြေပြင်အခြေအနေရှိ မဲရုံများတွေ့ရှိမှု ကိစ္စရပ်များနှင့် ဖွဲ့စည်းပုံများကို ဆောလျင်စွာ ဆောင်ရွက်ထားရန်၊ လျှပ်စစ်မီးရရှိရေး ကိစ္စရပ်များ၊ မဲရေတွက်သည့်အချိန်တွင် ပွင့်လင်း မြင်သာမှုရှိရန်နှင့် လျှပ်စစ်မီးလုံလောက်စွာရှိရန်၊ မဲရုံ၏ အဓိက အခက်အခဲသုံးခုဖြစ်သည့် လျှပ်စစ်မီး၊ ဆက်သွယ်ရေး၊ လုံခြုံရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်က ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ တင်ပြဆွေးနွေးသည့် ကိစ္စရပ်များကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ တင်ပြကာ ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အတွက် ထရန်စဖော်မာ ကိစ္စရပ်နှင့်ပတ်သက်၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင် သီးခြားအဖွဲ့ခွဲများမှလည်း တင်ပြစရာရှိပါက တင်ပြနိုင်ပါကြောင်း ပြောကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ လူနာလေးထောင်ကျော်ကို ထားရှိကုသပေးနိုင်မည့်နေရာများ အမြန်ဆုံးစီစဉ်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၉

**ကူးစက်မှုနှုန်း ပြန်လည်မြင့်မားလာသည့် တစ်ကျော့ပြန် ကိုဗစ်-၁၉ လူနာများကြောင့် ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ လူနာလေးထောင်ကျော်ကို ထားရှိကုသပေးနိုင်မည့်နေရာများ အမြန်ဆုံးစီစဉ်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဆေးတက္ကသိုလ် (၁) ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဇော်ဝေစိုးထံမှ သိရသည်။**



ပါမောက္ခ ဒေါက်တာဇော်ဝေစိုးက “လက်ရှိ ရန်ကုန်မှာဖြစ်နေတဲ့ အနေအထားအရ ကိုဗစ်-၁၉ လူနာသစ် တစ်ရက်ကို ၃၀၀ နဲ့ ၄၀၀ စာလောက်အထိ မှန်းတယ်။ ဒီအတွက် ကျွန်တော်တို့ ပြင်ဆင်နေတယ်။ တစ်နေ့ကို ကိုဗစ်-၁၉ လူနာ ၃၀၀ နှုန်းနဲ့ တွက်ကြည့်မယ်ဆိုရင် လူတစ်ယောက်သည် ဆေးရုံကို နှစ်ပတ်(၁၄ရက်) တက်ရောက် ကုသဖို့ လိုမယ်။ နှစ်ပတ်ပြည့်ရင်တော့ အဲဒီရောဂါက အခြားသူကို မကူးနိုင်တော့ဘူး။ သူ့မှာ အဲဒီလက္ခဏာမရှိတော့ဘူး။ ဒါကြောင့် ဆေးရုံကို နှစ်ပတ်တက်ရောက်နိုင်ဖို့ဆိုရင် တစ်ရက် ၃၀၀ နှုန်းနဲ့ တစ်ပတ်ကို လူနာ ၂၁၀၀ ရှိမယ်။ နှစ်ပတ်ဆိုရင် ၄၂၀၀ ရှိလာမယ်။ ဒါကြောင့် ရန်ကုန်မှာ လူ ၄၂၀၀ စာအတွက် ဆေးရုံလိုအပ်တယ်” ဟု ပြောသည်။

လက်ရှိအနေအထားအရ ရန်ကုန်တိုင်းဒေသကြီးရှိ ရန်ကုန် ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး) တွင် ကိုဗစ်-၁၉ လူနာ ၁၁၄၀၊ ဝေဘာဂီ အထူးကုဆေးရုံတွင် ၇၀၊ တောင်ဥက္ကလာပအထူးဆေးရုံတွင် ၇၀ ၊ ဒဂုံဆိပ်ကမ်းမြို့နယ် ရှိးမ ယာယီဆေးရုံတွင် ၆၀၀၊ လှိုင်တက္ကသိုလ်တွင် ၅၀၀ စုစုပေါင်း ၂၃၈၀ ထားရှိနိုင်ပြီဖြစ်ကာ သုဝဏ္ဏဘောလုံး အကယ်ဒမီကျောင်းတွင် လူနာ ၄၀၀ ကျော်ဆံ့ ယာယီဆေးရုံတည်ဆောက်နေပြီး ယခုရက်ပိုင်းအတွင်း ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ပါမောက္ခဒေါက်တာဇော်ဝေစိုးက “ လက်ရှိအနေအထားအရ ကျွန်တော်တို့ ကြိုတင်ပြင်ဆင်ထားတာက အခုဆို ဖောင်ကြီး၊ ဝေဘာဂီ၊ တောင်ဥက္ကလာပ၊ ရှိးမ၊ လှိုင်တို့မှာ ကိုဗစ်-၁၉ လူနာ ၂၃၈၀ ထားရှိနိုင်တဲ့ အနေအထား ဖြစ်သွားပါပြီ။ ကျွန်တော်တို့ နောက်ထပ်လူနာတွေ ထားနိုင်ဖို့ လိုသေးတယ်။ အခုဆိုရင် ဧရာဝတီဖောင်ဒေးရှင်းက သုဝဏ္ဏမြက်ခင်းတု အားကစားကွင်းမှာ ခုတင် ၄၀၀ ဆံ့ ယာယီဆေးရုံ ဆောင်ရွက်နေတယ်။ နောက်ထပ် ဒဂုံဆိပ်ကမ်း (ရှိးမ) ကိုဗစ်-၁၉ ကုသရေးစင်တာမှာ လူနာ ၁၅၀၀ အထိ ၊ (လှိုင်) ကိုဗစ်-၁၉ ကုသရေးစင်တာမှာ လူနာ ၁၀၀၀ အထိထားနိုင်ဖို့အတွက် စီစဉ်နေပါတယ်။ ဒါမှသာ ကျွန်တော်ပြောတဲ့ တစ်နေ့ ၃၀၀ ဝင်၊ ၃၀၀ ထွက် ပုံစံမျိုးရပြီး လည်ပတ်နိုင်မှာ ဖြစ်ပါတယ်။ တကယ်လို့ လိုအပ်ရင် ဒီမှာ(သုဝဏ္ဏ) ကျန်တဲ့ ကွင်းတွေ ရှိသေးတယ်။ ထပ်တိုးလို့ရတယ် ” ဟုပြောသည်။

ဆက်လက်၍ ပါမောက္ခ ဒေါက်တာဇော်ဝေစိုးက “ဒါဟာ ထိန်းချုပ်ရေးမဟာဗျူဟာကို သုံးတာပါ။ ကျွန်တော်တို့က အခုလို ကိုဗစ်လူနာတွေကို အခြားတိုင်းပြည်တွေမှာလို ဆေးရုံမှာမထားဘဲနဲ့ အိမ်ပြန်လွှတ်မယ်၊ အိမ်မှာထားပြီး ကုမယ်ဆိုရင် သူတို့အိမ်တွေရဲ့ အနေအထားအရ တစ်ယောက်ကို တစ်ယောက်ကူးမှာ သေချာပါတယ်။ ပတ်ဝန်းကျင်ကို ကူးမှာ သေချာပါတယ်။ အထူးသဖြင့် ချမ်းသာတဲ့အိမ်တွေမှာ တစ်ယောက်တစ်ခန်း နေနိုင်ပေမယ့် ကျွန်တော်တို့နိုင်ငံမှာ လူတိုင်း မနေနိုင်ပါဘူး။ နောက် ကျွန်တော်တို့နိုင်ငံရဲ့ အနေအထားနဲ့ ပုံစံကိုက မိသားစုတွေစုပြီး နေထိုင်ကြတာ ဖြစ်ပါတယ်။ အဲဒီတော့ အသက်ကြီးတဲ့သူတွေကို ဒီရောဂါ ကူးသွားမှာ ဖြစ်ပါတယ်။ ကူးသွားရင် ဒီရောဂါဟာ လူငယ်တွေကို ဒုက္ခမပေးနိုင်ပေမယ့် လူကြီးတွေကို သေချာပေါက် ဒုက္ခပေးမှာဖြစ်ပါတယ်” ဟု ပြောသည်။

ရဲခေါင်ညွန့်
ဓာတ်ပုံ-ဖိုးထောင်

# အပူပိုင်းမုန်တိုင်း နို(လ်) ၏ အရှိန်ကြောင့် အိုးအိမ်များ ထိခိုက်ပျက်စီးမှုအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ကူညီ

**နေပြည်တော် စက်တင်ဘာ ၁၉**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ တောင်တရုတ်ပင်လယ်ပြင်မှ စတင်ဖြစ်ပွားခဲ့သော အပူပိုင်းမုန်တိုင်း နို(လ်) သည် ကုန်းတွင်းမုန်တိုင်းအဖြစ်သို့ အားလျော့သွားခဲ့ပြီဖြစ်သော်လည်း ၎င်း၏ အရှိန်ကြောင့် စက်တင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းများဖြစ်ပွားခဲ့ရာ ကော့သောင်းမြို့နယ်၌ လေပြင်းတိုက်ခတ်ခြင်းကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီး နေအိမ်ငါးလုံး၊ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ပြိုကျနေအိမ်တစ်လုံး၊ တစ်စိတ်တစ်ပိုင်း ပျက်စီး နေအိမ် ၁၂ လုံးနှင့် ဘာသာရေး အဆောက်အအုံတစ်လုံး ထိခိုက်ပျက်စီးခဲ့သည်။

အလားတူ စက်တင်ဘာ ၁၈ ရက်တွင် လေပြင်းတိုက်ခတ်ခြင်းကြောင့် ဘုတ်ပြင်းမြို့နယ်၌ ပြိုကျနေအိမ် ၄၃ လုံး၊ တစ်စိတ်တစ်ပိုင်း ပျက်စီး နေအိမ် ၁၁ လုံးနှင့် ကျွန်းစုမြို့နယ်၌ ပြိုကျနေအိမ်သုံးလုံး၊ တစ်စိတ်တစ်ပိုင်း ပျက်စီးနေအိမ် ၁၄ လုံးရှိခဲ့ကြောင်း သိရှိရပြီး ယနေ့တွင်လည်း လောင်းလုံမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် နေအိမ်လေးလုံး ပြိုကျပျက်စီးခဲ့ကြောင်း ကနဦးသိရသည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် နေအိမ်ထိခိုက်ပျက်စီးခဲ့သည့် ဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုးများနှင့် ကယ်ဆယ်ရေးပစ္စည်းများကို သက်ဆိုင်ရာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် ခရိုင်ဦးစီးမှူးရုံးများမှ တာဝန်ရှိသူများက တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ဒေသဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းကာ ဘေးသင့် နေရာများသို့ အမြန်ဆုံး သွားရောက်ထောက်ပံ့ပေးသည်။

ပြည်သူလူထုအနေဖြင့် မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်များ၊ သတိပေးချက်များကို အလေးထား ဂရုပြုလိုက်နာရန်နှင့် သဘာဝ ဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါကြောင်းလည်း သိရသည်။

သတင်းစဉ်

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၉**

ယနေ့ မွန်းလွဲ ၂နာရီတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်တွင် ယနေ့မွန်းလွဲ ၁နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်း၌ နောက် ၂၄ နာရီအတွင်း လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## လေရှီးမြို့နယ်တွင် ကိုဗစ် - ၁၉ စီးပွားရေးကုစားမှု အစီအစဉ်ဖြင့် ကျေးရွာ ၁၃ ရွာ၌ စီမံကိန်းဆောင်ရွက်ပြီးစီး

**လေရှီး စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကိုဗစ် -၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ ဒေသခံများဝင်ငွေရရှိရေး စီမံကိန်းဖြင့် ကျေးရွာ ၁၃ ရွာ၌ စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးခေါင်းပေါ့က ပြောကြားသည်။

အဆိုပါ စီမံကိန်းကို ကျေးရွာ ၁၃ ရွာတွင် ဆောင်ရွက်လျက်ရှိရာ ကျေးရွာတစ်ရွာလျှင် ငွေကျပ် သိန်း ၁၀၀ ဖြင့် ဒေသခံများဝင်ငွေရရှိရေးစီမံကိန်း အကောင်အထည်ဖော်ရာ၌ ရေမြောင်းဖော်ခြင်း၊ စိုက်ပျိုးမြေများရှင်းလင်းခြင်းနှင့် လမ်းသစ်များဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းကျေးရွာများမှာ အောင်ဇေယျကျေးရွာ၊ ကျုန်ကျေးရွာ၊ ထဝိုင်ကျေးရွာ၊ ဆုံကင်းကျေးရွာ၊ ကူကီး ရွာမကျေးရွာ၊ ရော်ပါးမီကျေးရွာ၊ ကျဲကော့ကျေးရွာ၊ မွန်းကိုင်လင်ကျေးရွာ၊ အမိမီကျေးရွာ၊ မြေနီကုန်းကျေးရွာ၊ ဂျီချဲခါးကျေးရွာ၊ ဘုံဘားကျေးရွာနှင့် ဖွန်သရက်ကျေးရွာတို့တွင် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း၊ ကျေးရွာ ၁၃ ရွာမှ အိမ်ခြေ ၇၁၃ အိမ်၊ လူဦးရေ ၃၇၆၆ ဦးတို့ကို အကျိုးပြုမည်ဖြစ်ပါကြောင်း မြို့နယ်ဦးစီးမှူး ဦးခေါင်းပေါ့က ဆက်လက်ပြောကြားသည်။

မွေးကြူဇင်

# ပိုင်ကျုံမြို့အတွင်းရှိ အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများအား ပြည်သူများ၏လက်ဝယ်အရောက် ပေးအပ်

**ပိုင်ကျုံ စက်တင်ဘာ ၁၉**

ကရင်ပြည်နယ် ပိုင်ကျုံမြို့အတွင်းရှိ ကျေးရွာအုပ်စုများတွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နေစဉ်ကာလအတွင်း နိုင်ငံတော်အစိုးရမှ အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ငွေများပေးအပ်ရာတွင် ဌာနဆိုင်ရာများနှင့် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများပူးပေါင်း၍ လိုက်လံထောက်ပံ့ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများ မိသားစုစားဝတ်နေရေး အဆင်ပြေစေရန်နှင့် အလုပ်အကိုင် အခက်အခဲများဖြစ်ခဲ့မှုအပေါ် ယခုလို ငွေကြေးထောက်ပံ့ပေးအပ်ရခြင်းဖြစ်ပြီး အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ယနေ့နံနက်ပိုင်းတွင် ပိုင်ကျုံမြို့အမှတ်(၂) ရပ်ကွက်ရှိ အိမ်ထောင်စု ၄၉ စုအတွက် စုစုပေါင်းထောက်ပံ့ငွေကျပ် ၉၈၀၀၀၀ ကို ပြည်သူများ၏လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။**(ယာပုံ)**

ပိုင်ကျုံမြို့အတွင်းရှိ မြို့ပေါ်ရပ်ကွက်ငါးရပ်ကွက်နှင့် ကျေးရွာ အုပ်စု ၂၇ အုပ်စုတွင် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၃၆၁၇ စုရှိပြီး ထောက်ပံ့ငွေများကို ပိုင်ကျုံမြို့ဌာနဆိုင်ရာများနှင့် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ကျေးရွာများအရောက် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပိုင်ကျုံ(ပြန်/ဆက်)**



# မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၆၇ ဦး ဆက်လက်ဝင်ရောက်



**မြဝတီ စက်တင်ဘာ ၁၉**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၆၇ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့တွင် ဆက်လက်ဝင်ရောက်လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ (ဓာတ်ပုံ)

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ၁၅၉၉၈ ဦး၊ စက်တင်ဘာ ၁ ရက်မှ ၁၉ ရက်အထိ ၇၀၄၃ ဦး စုစုပေါင်း ၇၈၂၂၄ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၁၁၂ ဦး၊ အမျိုးသမီး ၅၅ ဦး စုစုပေါင်း ၁၆၇ ဦးဖြစ်ပြီး သက်ဆိုင်ရာအသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ရုံဖန်ရုံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်

**နေပြည်တော် စက်တင်ဘာ ၁၉**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရုံဖန်ရုံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၄ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## ပြည်ပ၌အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၂၉ ဦးကို ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၉**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံး၊ ရီယာဒ်မြို့မှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည် ရောက်ရှိကြသည်။

အဆိုပါကယ်ဆယ်ရေးလေယာဉ်တွင် ကာတာမှ ခြောက်ဦး၊ ဘာရိန်းမှ သုံးဦး၊ အာရပ်စော်ဘွားများပြည်ထောင်စုမှ ၈၆ ဦး၊ ကူဝိတ်မှ သုံးဦး၊ တောင်အာဖရိကမှ လေးဦး၊ ပြင်သစ်မှ နှစ်ဦး၊ သီရိလင်္ကာမှ လေးဦး၊ ဂျာမနီမှ သုံးဦး၊ ဘယ်လ်ဂျီယံမှ သုံးဦး၊ နော်ဝေမှ နှစ်ဦး၊ အစ္စရေးမှ တစ်ဦး၊ ဘရာဇီးလ်မှ လေးဦး၊ အင်္ဂလန်မှ ရှစ်ဦး၊ မြန်မာနိုင်ငံသား စုစုပေါင်း ၁၂၉ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ရီယာဒ်မြို့မှ ကယ်ဆယ်ရေးလေယာဉ် (၈) ကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးကောင်းမြို့တွင် အတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူ ၁၂ ဦးအား စောင့်ကြပ်ကြည့်ရှုနေ

**မိုးကောင်း စက်တင်ဘာ ၁၉**

ကချင်ပြည်နယ် မိုးကောင်းမြို့တွင် ပထမဆုံး ကိုဗစ်-၁၉ အတည်ပြုလူနာတွေ့ရှိခဲ့ပြီး ထိတွေ့ဆက်စပ်ခဲ့သူ ၁၂ ဦးအား အထက(၁) စောင့်ကြည့်စင်တာတွင် သီးသန့် စောင့်ကြပ်ကြည့်ရှုနိုင်ရန် စီစဉ်လျက်ရှိကြောင်း မိုးကောင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သိရသည်။



အဆိုပါ အတည်ပြုလူနာသည် မိုးကောင်းမြို့နယ် နောင်းပုံကျေးရွာတွင် နေထိုင်သည့် အသက်(၂၀ နှစ်) အရွယ် အမျိုးသမီးတစ်ဦးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ အစ်ကိုဖြစ်သူထံမှ ဩဂုတ် ၃၁ ရက်တွင် ရထားဖြင့် ပြန်လာခဲ့ရာ စက်တင်ဘာ ၂ ရက်တွင် မိုးကောင်းမြို့သို့ ရောက်ရှိခဲ့ပြီး စက်တင်ဘာ ၁၂ ရက်တွင် မိုးကောင်းမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ သံဃာဆောင်တွင် သီးသန့်စောင့်ကြည့်ကုသလျက်ရှိသည်။

မိုးကောင်းမြို့နယ် ကျန်းမာရေးဦးစီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ အဆိုပါ စောင့်ကြည့်လူနာ၏ ခတ်ခွဲအဖြေမှာ ရောဂါပိုးတွေ့ရှိခဲ့ပြီး အတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူ မိသားစု ငါးဦး၏ ခတ်ခွဲနမူနာမှာ ရောဂါပိုးမတွေ့ရှိရကြောင်း သိရသည်။

မိုးကောင်းမြို့နယ် အတွင်း အတည်ပြုလူနာနှင့် ကနဦးထိတွေ့ခဲ့သူ စုစုပေါင်း ၁၂ ဦးရှိပြီး အထက(၁) စောင့်ကြည့်စင်တာတွင် သီးသန့် စောင့်ကြပ်ကြည့်ရှုမည်ဖြစ်ကာ ခတ်ခွဲနမူနာများ ရယူစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## နေပြည်တော်မှ ပြည်သူများသို့ တိုက်တွန်းအကြံပြုချက်များ

၁။ နေပြည်တော်အတွင်းသို့ တရားမဝင်သည့် နည်းလမ်းဖြင့် မဝင်ရောက်ကြရန် လိုအပ်ပါသည်။ တခြားဒေသများမှ ပြန်လာလျှင်လည်း အသိပေးပြီး စစ်ဆေးခံကြရန် လိုအပ်ပါသည်။ ကိုဗစ်ရောဂါ စမ်းသပ်စစ်ဆေးခကို များစွာလျှော့ချထားပါသည်။

၂။ ရန်ကုန် – မန္တလေး အမြန်လမ်းနှင့် လမ်းဟောင်း တချို့နေရာများတွင် ကားပေါ်မှ ဆင်းပြီး ဆိုင်ကယ်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းမှတစ်ဆင့် နေပြည်တော်သို့ ဝင်ရောက်ခြင်းများရှိသည်ကို ကြားသိနေရသည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်းပြီး ကြပ်ကြပ်မတ်မတ်ထိန်းချုပ်နေသည်။

၃။ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများကို မိမိရပ်ကွက်ကျေးရွာသို့ ဝင်ရောက်လာသူများ၊ ပြန်လာသူများရှိပါက ချက်ချင်းသတင်းပို့ရန်၊ ကြပ်မတ်ရန်နှင့် Quarantine စင်တာများသို့ ပို့ဆောင်ရန် ညွှန်ကြားထားသည်။

၄။ ကုန်စည်စီးဆင်းမှုအဆင်ပြေစေရန် ဖြတ်သန်းမှုများနှင့် ပတ်သက်၍ အဝင်ဂိတ်များတွင် စလစ်များပေးပြီး အထွက်ဂိတ်ကို တောက်လျှောက်မောင်းနှင်ရန်၊ လမ်းတွင် တခြားနေရာများသို့ မဝင်ရောက်ရန်၊ အထွက်ဂိတ်တွင် စလစ်ပြန်အပ်ရန် ညွှန်ကြားထားပါသည်။

၅။ နေပြည်တော်ရှိ မြို့နယ်များ၌ Mask တပ်ဆင်ရေး ၊ ကိုဗစ်ပညာပေးလုပ်ငန်းများကို အသံချဲ့စက်ဖြင့် လိုက်လံဆော်ဩခြင်းနှင့် ညမထွက်ရအမိန့် လိုက်နာမှုရှိစေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး စားသောက်ဆိုင်များတွင်လည်း ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများသို့ တိုက်တွန်းအကြံပြုချက်များ

၁။ ရန်ကုန်မြို့တွင် Quarantine ဝင်နေသူ လူဦးရေ ၆၀၀၀ ခန့်ရှိပါသည်။ ရခိုင်ပြည်နယ်မှ ပြန်လာသည့်လူဦးရေ ၁၀၀၀ ကို နှစ်ရက်အတွင်း နေရာထိုင်ခင်း ဖန်တီးပေးထားပါသည်။ ယခု Contact များလာသည့်အတွက် လူဦးရေ ၁၀၀၀ ခန့်အတွက် Quarantine Center ၇ ခု အသစ်ဖွင့်လှစ်ပြီး ဆောင်ရွက်ပေးထားပါသည်။ Quarantine Center ဝင်ရောက်သူများအား ရန်ကုန်မြို့ရှိ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများအနေဖြင့် ကူညီရန် လာရောက်ဆက်သွယ်ပေးစေလိုပါသည်။

၂။ ရန်ကုန်မြို့သူ၊ မြို့သားများအနေဖြင့် Contact Tracing ကို ရှာသည့်အခါတွင် ရောဂါပိုးရှိသူနှင့် ထိတွေ့ခဲ့သူရပ်ကွက်၌ ရှိနေပြီဆိုပါက စိုးရိမ်ထိတ်လန့်မှုမရှိစေဘဲ Quarantine Center များသို့ မြန်မြန်ဆန်ဆန်ပို့ဆောင်ပေးရန် လိုအပ်ပါသည်။

၃။ Quarantine Center များသို့ ရောက်ရှိသွားပါက သတ်မှတ်ထားသည့် စည်းကမ်းချက်များအား လိုက်နာနေထိုင်ကြစေရန်နှင့် Quarantine ဝင်ရောက်နေကြသူများအား စားသောက်ဖွယ်ရာများ ပို့ဆောင်ရာတွင် အရက်သေစာနှင့် ဆေးလိပ်တို့ကို ထည့်သွင်းပို့ဆောင်ခြင်းမပြုလုပ်ကြရန် မေတ္တာရပ်ခံလိုပါသည်။

၄။ ရန်ကုန်မြို့သူ မြို့သားများအနေဖြင့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ ဝန်ထုပ်ဝန်ပိုးများလည်း များပြားပါသည်။ သို့ဖြစ်၍ Stay Home သတ်မှတ်ကာလ ၂ ပတ်၊ ၃ ပတ်ခန့်အချိန်အတွင်း မိမိတို့နေအိမ်တွင် နေထိုင်ခြင်းဖြင့် စည်းကမ်းများကို တိတိကျကျလိုက်နာကြရန်၊ မဖြစ်မနေပြင်ပသို့ သွားရောက်ရပါက Mask များ၊ မဖြစ်မနေတပ်ကြရန်၊ ရန်ကုန်မြို့သည် လူဦးရေများပြားသည့်အတွက် ယခုလို ကူးစက်ပြန့်ပွားမှု မြင့်တက်လာချိန်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများအား အထူးဂရုပြုလိုက်နာကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# ကိုဗစ်- ၁၉ ဒုတိယအကျော့ဝင်ရောက်မှုနှင့် ပြန်လည်အရှိန်ယူကြရဦးမည့် ခရီးသွားကဏ္ဍ

မောင်မြန်မာ (ခရီးသွား)

### လူသားတို့၏ ကမ္ဘာဂြိုဟ်

ကျွန်ုပ်တို့ လူသားများ ရှင်သန်မှီတင်းနေထိုင်ရာ ကမ္ဘာ ဖမြေကြီး (သို့) ကမ္ဘာဂြိုဟ်သည် လုံးပတ်အဝန်း မိုင်ပေါင်း ၂၀၀၀၀ ခန့်ရှိပြီး အချင်းအားဖြင့် မိုင်ပေါင်း ၈၀၀၀ ခန့်ရှိသော ဒြပ်ထုအစိုင်အခဲကြီးတစ်ခုဖြစ်ကာ မှီတင်းနေထိုင်သူ လူဦးရေပေါင်းမှာ ယနေ့အခါ သန်းပေါင်း ၇၀၀၀ ကျော်ရှိပြီဟု သိရပါသည်။ ကမ္ဘာမြေကြီး၏ အရံဂြိုဟ်ဟု ဆိုနိုင်သော 'လ' မင်းကြီးသည် ကမ္ဘာမြေမှ မိုင်ပေါင်း ၂၀၀၀၀၀ ခန့်ကွာဝေးကာ အချင်းအားဖြင့် မိုင် ၂၀၀၀ ခန့်ရှိသည် ဟုဆိုပါသည်။ အလားတူ ကမ္ဘာမြေကြီးနှင့် မိုင်ပေါင်း ၉၃ သန်းနီးပါး ကွာဝေးသော နေမင်းကြီးသည် ကမ္ဘာထက် အချင်းမိုင်အားဖြင့် ၁၀၈ ဆခန့် ပိုမိုရှည်လျားကာ ထုထည်အားဖြင့် အဆပေါင်း နှစ်သိန်းနှစ်သောင်းခန့် ပိုမိုကြီးမားလေသည်။

ထင်ရှားအောင် ဥပမာပေးရပါမူ နေမင်းကြီးသည် ဘောလုံးကွင်းကြီးတစ်ခုဟုဆိုလျှင် ကမ္ဘာသည် ယင်းဘောလုံးကွင်းထဲတွင်ရှိသော ဘောလုံးကလေးတစ်လုံး အရွယ်မျှသာရှိသည့် အချိုးအဆပမာ ဖြစ်ပေသည်။ Solar System ဟုခေါ်သော နေမိသားစုအဖွဲ့အစည်းကြီးတွင် ကမ္ဘာအပါအဝင် ဂြိုဟ်ကြီး ကိုးလုံးဖြင့် ဖွဲ့စည်းပါဝင်ပြီး နေကိုဗဟိုပြု လှည့်ပတ်သွားလာလျက်ရှိပေရာ ကမ္ဘာသည် နေနှင့် တတိယအနီးဆုံးဂြိုဟ်တစ်လုံး ဖြစ်ပါသည်။ ကမ္ဘာထက်ပို၍ နေနှင့် ပိုမိုဝေးကွာသော ဂြိုဟ်များရှိကြပေရာ မိုင်ပေါင်း မရေမတွက်နိုင်အောင်ပင် ကုဋေကုဋာ ချီဝေးကွာကြကာ ပလူတိုဂြိုဟ်မှာ နေနှင့်အဝေးဆုံး ဂြိုဟ်ငယ်တစ်ခု ဖြစ်ပါသည်။ ထိုမျှကြီးမားကျယ်ဝန်းသော နေစကြဝဠာ အသိုက်အဝန်းအတွင်းရှိ ကမ္ဘာဂြိုဟ်သည် စင်စစ်တွင် ပင်လယ်ကမ်းခြေ သောင်ပြင်ကျယ်ကြီး အတွင်းမှ သဲပွင့်ငယ် တစ်ခုမျှသာရှိသည်ဟု ဆိုနိုင်ပါသည်။ တစ်ဖန် ကမ္ဘာမြေကြီးတစ်ခုတည်းကို ထပ်ဆင့်ကွက်၍ ကြည့်ပါက မြန်မာနိုင်ငံသည် မြောက်မှတောင်သို့ အရှည်ဆုံးနေရာတွင် မိုင်ပေါင်း ၁၃၀၀ ခန့်၊ အနောက်မှ အရှေ့သို့ အကျယ်ဆုံးနေရာတွင် မိုင်ပေါင်း ၆၀၀ ခန့်သာ ရှည်လျားသည် ဖြစ်ပေရာ လွန်စွာသေးငယ်လှသည့် ကမ္ဘာ့အစိတ်အပိုင်းတစ်ခုဟု ဆိုနိုင်ပါမည်။

### သဘာဝအမွေ မြန်မာ့မြေ

လူ့သဘောသဘာဝအရ လူသားတို့သည် ကျောက်ခေတ်ဦးကပင်လျှင် တစ်နေရာမှ တစ်နေရာသို့လှည့်လည်သွားလာကြသည့် သတ္တဝါတစ်မျိုးဖြစ်ပေရာ မည်သူမျှ တစ်နေရာတည်းတွင် အိမ်တွင်းမှ အိမ်အပြင်သို့မထွက်ဘဲ နေနိုင်သူဟူ၍ မရှိနိုင်ပေ။ ထို့ကြောင့် လူသားမှန်လျှင် မွေးကင်းစအရွယ်မှသည် သက်ကြီးရွယ်အိုအဆုံး မသေဆုံးမီအချိန်ထိ တစ်နေရာမှ တစ်နေရာသို့ အကြောင်းအမျိုးမျိုးဖြင့် ခရီးသွားလာကြပါတော့သည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူမျိုးအသီးသီးတို့သည်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံသားတို့သည်လည်းကောင်း ခေါင်းစဉ်အမျိုးမျိုးဖြင့် ပြည်တွင်း/ ပြည်ပသို့ သာမက ကမ္ဘာ့အပြင်ဘက် အာကာသ၊ လကမ္ဘာ ထိအောင်ပင် ခရီးသွားလျက်ရှိကြပါသည်။ ထိုသို့သွားလာချင်အောင်ပင် သဘာဝတရားကြီးက နေရာပုံသဏ္ဌာန်အမျိုးမျိုး၊ အလှအပနှင့် ဆွဲဆောင်မှုအနေအထားအမျိုးမျိုးတို့ကို ထူးဆန်းဖွယ်ရာ ဖန်တီးပေးထားလေသည်။ ဥပမာ- တောင်တန်းများ၊ မြစ်ချောင်းများ၊ သစ်တောကြီးများ၊ မြေပြန့်လွင်ပြင်များ၊ ချိုင့်ဝှမ်းကြီးများ၊ ကျွန်းများ၊ ပင်လယ်သမုဒ္ဒရာများ၊ ရေခဲပြင်များ၊ သဲကန္တာရများစသည်တို့ဖြင့် နိုင်ငံတစ်ခုနှင့်တစ်ခု သဘာဝတရားကြီး၏အမွေကို အမျိုးမျိုးပိုင်ဆိုင်ရရှိထားကြလေသည်။

အထက်ပါအတိုင်း သဘာဝတရားကြီးက ပေးထားသည့် အမွေများပိုင်ဆိုင်ကြရာတွင် စာရေးသူတို့မြန်မာနိုင်ငံသည်လည်း ဧရိယာ ၂၆၁၂၂၈ စတုရန်းမိုင်တစ်ခု အပါအဝင်ဖြစ်ပေရာ နိုင်ငံအကျယ်အဝန်းအားဖြင့် မကြီးမားလှသော်လည်း ထိုအထဲမှာပင် မြင့်မားလှသော ရေခဲတောင်တန်းကြီးများ၊ မီးတောင်ဟောင်းများ၊ နက်ရှိုင်းထူထပ်သော သစ်တောကြီးများ၊ ကျယ်ပြောလှသော မြေပြန့်လွင်ပြင်များ၊ ကန္တာရနီးပါးပူပြင်းခြောက်သွေ့သော ရပ်ဝန်းများ၊ မြစ်ချောင်းများ၊ ပင်လယ်များ၊ ကျွန်းများ၊ ဒီရေတောများ၊ ဂူများ၊ အံ့ဖွယ်ရေတံခွန်ကြီးများ စသည်တို့စုံလင်စွာဖြင့် သဘာဝအမွေ ရရှိထားပါသည်။ မည်သူမဆို မိမိနိုင်ငံအတွင်း၌ မရှိသော သဘာဝအလှတရားများ၊ လူလုပ်အလှအပများ၊ ထူးဆန်းဖွယ်ရာ အဖြစ်အပျက်များ စသည်တို့ရှိရာနိုင်ငံများ၊ ဒေသများကို သွားရောက်လေ့လာ လည်ပတ်လိုကြမည်ဖြစ်သော်လည်း အကြောင်းတရားများ ညီညွတ်ပြည့်စုံကောင်းမွန်ပါမှသာ သွားရောက်လည်ပတ်နိုင်ကြမည် ဖြစ်လေသည်။ သာဓကအားဖြင့် စစ်မက်ထူပြောခြင်း၊ ဆူပူသောင်းကျန်းမှုများရှိနေခြင်း၊ ရာဇဝတ်မှုကြီးများ ဖြစ်ပွားလေ့ရှိခြင်း၊ ဆိုးရွားကြမ်းတမ်းလှသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း၊ အကြမ်းဖက်မှုများ ရှိနေခြင်း၊ လူမျိုးရေးပဋိပက္ခများ ကြီးမားစွာရှိနေခြင်း၊ ကပ်ဘေးရောဂါကြီးများ ကျရောက်ခြင်း၊ ခရီးသည်ကိုယ်တိုင် ကျန်းမာရေး မကောင်းခြင်း စသည်တို့ ဖြစ်ပွားနေလျှင် ခရီးသွားခြင်း၊ လည်ပတ်ခြင်းများ ပြုလုပ်နိုင်ကြတော့မည် မဟုတ်ပေ။

**"မဝေးလှသည့် တစ်ချိန်မှာပင် ကိုဗစ်- ၁၉ ရောဂါကို ကာကွယ်နိုင်သည့်ဆေး၊ ပျောက်ကင်းအောင် ကုသနိုင်သည့်ဆေးများ ပေါ်ပေါက်လာမည်ဟု ယုံကြည်ရပေသည်။ ထိုသို့ပေါ်ပေါက်လာပါက လူများသည် ယင်းတို့၏ ပင်ကိုဗီဇ၊ ဝါသနာနှင့် စေ့ဆော်မှုတို့အရ ခရီးသွားလာခြင်း၊ လည်ပတ်ခြင်းများကို မလွဲမသွေ ပြန်လည်ပြုလုပ်လာကြမည် ဖြစ်ပေသည်။ ထိုအခါ တစ်ရေးတစ်မော အိပ်မောကျနေသော ခရီးသွားကဏ္ဍကြီးသည် ပြန်လည်လှုပ်ရှားအသက်ဝင်လာကြမည်ဖြစ်သလို မြန်မာ့ခရီးသွားလုပ်ငန်းကြီးသည်လည်း ရေစီးကြောင်းနှင့်အတူ အလိုက်သင့် မျောပါလှုပ်ရှားမှုများ မုချပြန်လည်ဖြစ်ပေါ်လာပေမည်"**

### မဖိတ်ခေါ်ဘဲ ရောက်လာတဲ့ဧည့်သည်

အထက်ပါ အကြောင်းတရားများစွာအနက်မှ လတ်တလောမျက်မှောက်ကာလတွင် တစ်ကမ္ဘာလုံး ရင်ဆိုင်နေကြရသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ် – ၁၉ ရောဂါဆိုးကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်း တစ်ကမ္ဘာလုံးနီးပါး ခရီးသွားလာမှု ရပ်တန့်သွားခဲ့ရပေသည်။ မြန်မာနိုင်ငံသည်လည်း ယင်းရောဂါဆိုးကြီးကြောင့် ကပ်ဘေးသင့်ခြင်းမှ မရှောင်လွှဲနိုင်တော့ဘဲ ဆိုးကျိုးတရားများ (အထူးသဖြင့် ခရီးသွားလုပ်ငန်း)ရိုက်ခတ် သက်ရောက်ခံစားခဲ့ရပေတော့သည်။ မြန်မာနိုင်ငံ၏ လတ်တလော ခရီးသွားလုပ်ငန်း အခြေအနေများကို လေ့လာကြည့်လျှင် ကိုဗစ်– ၁၉ စတင်ဖြစ်ပေါ်ခဲ့သည့် ကာလနှင့် ဆက်စပ်စဉ်းစားရမည် ဖြစ်ပေသည်။ ကိုဗစ်– ၁၉ ရောဂါသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တရုတ်နိုင်ငံမှ စတင်ဖြစ်ပွားခဲ့ပြီးနောက် ချက်ချင်းဆိုသလို ကမ္ဘာ့နိုင်ငံအများအပြားသို့ ကူးစက်ပြန့်ပွားသွားခဲ့သော်လည်း အိမ်နီးချင်းမြန်မာနိုင်ငံသို့မူ သုံးလခန့်ကြာပြီးနောက် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့ရောက်မှသာ ရောဂါပိုးကူးစက်လူနာတစ်ဦး စတင်တွေ့ရှိခဲ့ပါသည်။ ထိုသို့လျှင် မဖိတ်ခေါ်ဘဲ ရောက်ရှိလာခဲ့သည့် ဧည့်သည်ဟုဆိုရမည့် ကိုဗစ် – ၁၉ ကို ကျွန်ုပ်တို့ နိုင်ငံသားများ ရင်ဆိုင်ကြရပါတော့သည်။ ယင်းသုံးလတာ ကာလကြားဝယ် မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်ခြင်းကျဆင်းမှု လွန်စွာမကြီးမားခဲ့သေးဘဲ အတိုင်းအတာတစ်ခုအထိ လာရောက်လည်ပတ်နေကြသေးသည်ကို အောက်ပါဇယားတွင် အလားတူ ယမန်နှစ် ကာလနှင့် နှိုင်းယှဉ်တွေ့မြင်နိုင်ပါသည်–

**၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် ပြည်ပဧည့်သည်ရောက်ရှိမှု နှိုင်းယှဉ်ဇယား**

| လအမည် | ၂၀၁၉ ခုနှစ် | ၂၀၂၀ ပြည့်နှစ် |
|---|---|---|
| ဇန်နဝါရီလ | ၃၈၀၁၇၂ ဦး | ၄၀၈၁၈၂ ဦး |
| ဖေဖော်ဝါရီလ | ၃၆၇၇၃၃ ဦး | ၂၄၀၂၁၁ ဦး |
| မတ်လ | ၃၈၈၇၁၀ ဦး | ၁၆၈၄၅၈ ဦး |
| **စုစုပေါင်း** | **၁၁၃၆၆၁၅ ဦး** | **၈၁၆၈၅၁ ဦး** |

ယခင်က ရောဂါစတင်ဖြစ်ပွားရာ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ တိုက်ရိုက်ပြေးဆွဲသည့် လေကြောင်းလိုင်း ၁၃ လိုင်းရှိခဲ့ရာမှ ကိုဗစ်– ၁၉ ဖြစ်ပွားပြီးနောက် တစ်စတစ်စကျဆင်းလာခဲ့ရာတွင် အထူးသဖြင့်၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလနှောင်းပိုင်းမှစ၍ တိုက်ရိုက်လေယာဉ်ပြေးဆွဲမှုများစွာ လျော့နည်းလာကာ နောက်ဆုံး ၂၀၂၀ မတ်လကုန်ခန့်တွင် လုံးဝရပ်ဆိုင်းသွားခဲ့ရပါသည်။ အလားတူ အခြားနိုင်ငံတကာလေကြောင်းလိုင်းများလည်း လုပ်ငန်းများ ရပ်နားကုန်ကြသဖြင့် မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ ပြည်ပလေယာဉ် ဆင်းသက် ရပ်နားမှု မရှိသလောက် ဖြစ်သွားခဲ့ရပါသည်။ ပင်လယ်ရေကြောင်း အပျော်စီးသင်္ဘောခရီးစဉ်များ၊ နိုင်ငံဖြတ်ကျော် ယာဉ်တန်းခရီးစဉ်များ၊ အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်ပေါက်ဂိတ်များတို့သည်လည်း အလားတူ ခရီးသည်ဝင်ရောက်မှု လုံးဝမရှိတော့ဘဲ ရပ်ဆိုင်းသွားခဲ့ရပါတော့သည်။ ထိုသို့ မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်တွင် ကိုဗစ်– ၁၉ ရောဂါပိုးရှိသူကို စတင်တွေ့ရှိခဲ့ရပြီးနောက် နိုင်ငံတော်မှလည်း သင့်လျော်သည့် ကာကွယ်တားဆီးထိန်းချုပ်မှုများကို တင်းကျပ်ထိရောက်စွာ ပိုမိုပြုလုပ်ခဲ့သဖြင့် ပြည်ပခရီးသည် ရောက်ရှိမှု လျော့နည်းကျဆင်းသွားခဲ့သော်လည်း တစ်ဖက်တွင်မူ နိုင်ငံသားများ ရောဂါကူးစက်ခံစားရမှုမှ တစ်ဆင့် အသက်ဘေးအန္တရာယ် မကျရောက်စေရန် များစွာကာကွယ်နိုင်ခဲ့ပါသည်။ ပြည်ပဧည့်သည်ရောက်ရှိမှု အလွန်အမင်းလျော့နည်းကျဆင်းသွားသည်ကို ၂၀၂၀ ပြည့်နှစ် နှစ်လယ်ပိုင်းဖြစ်သည့် အောက်ဖော်ပြပါလများတွင် တွေ့မြင်သိရှိနိုင်မည် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ခရီးသွားကဏ္ဍကြီး တစ်ရေးတစ်မော ခဏတာအိပ်မောကျသွားခဲ့သည်ဟု ဆိုရပါမည်။

**၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် (နှစ်လယ်ငါးလ) ပြည်ပဧည့်သည်ရောက်ရှိမှု နှိုင်းယှဉ်ဇယား**

| လအမည် | ၂၀၁၉ ခုနှစ် | ၂၀၂၀ ပြည့်နှစ် |
|---|---|---|
| ဧပြီ | ၃၆၅၇၈၉ ဦး | ၆၃၁၁ ဦး |
| မေ | ၃၃၉၉၁၁ ဦး | ၈၉၃၂ ဦး |
| ဇွန် | ၃၀၁၁၅၃ ဦး | ၉၇၆၃ ဦး |
| ဇူလိုင် | ၃၃၀၈၄၃ ဦး | ၁၀၅၇၅ ဦး |
| ဩဂုတ် | ၃၃၉၈၂၈ ဦး | ၁၀၃၃၀ ဦး |
| **စုစုပေါင်း** | **၂၈၁၄၁၃၉ ဦး** | **၈၆၂၇၆၂ ဦး** |

အထက်ပါဇယားတွင် တွေ့မြင်ရသော လာရောက်နေကြသေးသည့် ပြည်ပဧည့်သည်များဆိုသည်မှာလည်း အပန်းဖြေအလည်အပတ်ခရီး လာရောက်သူများ မဟုတ်ကြဘဲ ကိုဗစ်– ၁၉ နှင့် ဆက်စပ်နေသော Relief Flight၊ Special Flight ဖြင့် ကူညီကယ်ဆယ်ရေးနှင့် အခြား အကြောင်းကိစ္စများအတွက် ရောက်ရှိလာကြသူများသာ ဖြစ်ပါသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် အစဉ်တစိုက် ကြိုးပမ်းခဲ့မှုကြောင့် ကိုဗစ်– ၁၉ မတိုင်မီကာလများက နိုင်ငံတော်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများကို များစွာအထောက်အကူပြုပေးနိုင်ခဲ့ပါသည်။ ကိန်းဂဏန်းဖြင့်ကြည့်လျှင် ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်သည့် ပမာဏမှာ ၄၃၆၄၁၀၀ ဦးအထိ ရှိခဲ့ပေရာ ၂၀၁၈ ခုနှစ် ဧည့်သည်ရောက်ရှိမှု ၃၅၅၁၄၂၈ ဦးနှင့် နှိုင်းယှဉ်လျှင် ၈၁၂၆၇၃ ဦးအထိ ပိုမိုခဲ့သောကြောင့် ရာခိုင်နှုန်းအားဖြင့် ၂၃ ရာခိုင်နှုန်းတိုးတက်ခဲ့ကာ ကမ္ဘာ့နိုင်ငံအသီးသီးတို့၏ တိုးတက်နှုန်းထက် စံချိန်တင်မြင့်မားရောက်ရှိခဲ့ပေသည်။ ထိုသို့အရှိန်အဟုန်ကောင်းနေဆဲမှာပင် မမျှော်လင့်သော ယခင်က ဖြစ်တောင့်ဖြစ်ခဲ ရှားပါးလှသော ကိုဗစ်– ၁၉ ရောဂါဆိုးကြီးကြောင့် မြန်မာ့ခရီးသွားလုပ်ငန်းကြီး **"လေ့လှော်ရင်း တက်ကျိုး"** ဖြစ်ကာ လုံးဝရပ်တန့်သွားခဲ့ရပါတော့သည်။

ယနေ့ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၁၉ ရက်နေ့အထိ ကမ္ဘာပေါ်တွင် ကိုဗစ်– ၁၉ ရောဂါကူးစက်ခံရသူ ၃၀၇၆၂၀၆၇ ဦး၊ သေဆုံးသူ ၉၅၇၅၆၃ ဦးအထိ ရှိနေကြောင်း ကမ္ဘာ့သတင်းများအရ သိရှိရပြီး မြန်မာနိုင်ငံအနေဖြင့်မူ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၁၉ ရက်အထိ ကိုဗစ်– ၁၉ ကူးစက်ခံရသူ ၄၈၇၀နှင့် သေဆုံးသူ ၈၁ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရပါသည်။ နိုင်ငံတော်အနေဖြင့် ကိုဗစ်– ၁၉ ကူးစက်ပြန့်ပွားမှုကို သိလျှင်သိချင်း ကာကွယ်တားဆီးထိန်းချုပ်နိုင်ရေးအစီအစဉ်များ ကောင်းစွာချမှတ်လုပ်ဆောင်ခဲ့သောကြောင့် ၂၀၂၀ ပြည့်နှစ် မတ်လမှ ဇူလိုင်လအထိတွင် ထိခိုက်သေဆုံးမှုမှာ အခြားနိုင်ငံများထက်စာလျှင် များစွာလျော့နည်းသက်သာခဲ့ရပါသည်။ သို့ရာတွင် ၂၀၂၀ ဩဂုတ်လလယ်မှစ၍ ကိုဗစ်– ၁၉ ရောဂါ ဒုတိယအကျော့ ကူးစက်ပြန့်ပွားမှု ပြန်လည်ဖြစ်ပွားလာခဲ့ရာ ယခင်အကြိမ်ထက် ကူးစက်မှု ပိုမိုမြန်ဆန်လာခြင်း၊ ကူးစက်ခံရသူဦးရေ လျင်မြန်စွာ တိုးတက်လာခြင်း၊ သေဆုံးသူများပြားလာခြင်းတို့ ဖြစ်နေသော်လည်း ရောဂါကိုကြောက်ရွံ့မှု နည်းပါးကာ ပေါ့လျော့လာခြင်းတို့ ဖြစ်လာသည်ကို တွေ့ရှိရပါသည်။

ယေဘုယျအားဖြင့် ဒုတိယအကျော့အဖြစ် ရခိုင်ပြည်နယ်မှအစပြု၍ ပြည်တွင်းကူးစက်မှု ဖြစ်ခဲ့သည်ဟု ယူဆရပြီး အချိန်တိုအတွင်းမှာပင် တောမီးပမာ လျင်မြန်စွာ ကူးစက်သွားခဲ့ပေရာ ယခုအခါ တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး(ကယားပြည်နယ်မပါသေး) တို့ကို ကူးစက်ခံရသော အခြေအနေသို့ ရောက်ရှိသွားခဲ့သည်ဖြစ်၍ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း အချို့မြို့နယ်များကို Stay at Home နေကြရန် နိုင်ငံတော်မှအမိန့်များ ထုတ်ပြန်ထားရသည် အထိ ဖြစ်လာပါသည်။ ခရီးစဉ်ဒေသများကို ပိတ်ထားရပြီး နေအိမ်တွင်သာ နေကြရမည်ဆိုသဖြင့် ပြည်တွင်းခရီးသွားများလည်း လုံးဝရပ်တန့်အနားယူနေကြရပေသည်။

### အချိန်ကို အကျိုးရှိစွာ အသုံးချခြင်း

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် နိုင်ငံခြားသားများနှင့် ထိတွေ့ဆက်ဆံရမှုအပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာနပြီးလျှင် ဒုတိယအများဆုံးဟု ဆိုနိုင်သည့် ဌာနကြီးဖြစ်သည့်အလျောက် နိုင်ငံတော်အစိုးရ၏ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး နိုင်ငံခြားသားဧည့်သည်များ လာရောက်လည်ပတ်စဉ် ကိုဗစ်– ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု အသက်သာဆုံးဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် ခရီးသွားကဏ္ဍနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများ၊ အသင်းအဖွဲ့များ၊ ဟိုတယ်များ၊ တည်းခိုရိပ်သာများ၊ ခရီးလှည့်လည်ရေးကုမ္ပဏီများ၊ ဧည့်လမ်းညွှန်များတို့နှင့်လည်း Online အစည်းအဝေးများ မကြာခဏပြုလုပ်ခြင်း၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းတို့ကို အဆက်မပြတ်လုပ်ဆောင်နေသည်ကို တွေ့မြင်နိုင်ပါသည်။

ခရီးသွားလုပ်ငန်းကြီးတစ်ခုလုံး ရပ်ဆိုင်းလုနီးပါးဖြစ်နေချိန်တွင် ဝန်ကြီးဌာနသည် အခြားသောလုပ်ဆောင်သင့်သည့်၊ လုပ်ဆောင်ပေးနိုင်သည့် ကိစ္စများဖြစ်သော လိုင်စင်ကြေးများ တစ်နှစ်တာကင်းလွတ်ခွင့်ပြုခြင်း၊ ဌာနပိုင်မြေ၊ ဟိုတယ်နှင့် အဆောက်အအုံငှားရမ်းခများကို ခြောက်လတာ ရွှေ့ဆိုင်းပေးခြင်း၊ အခြေခံလူတန်းစားများ တက်ရောက်နိုင်မည့် သက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး(HR) သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဆက်စပ်သင်တန်းတက်ရောက်သူများကို နေ့တွက်စရိတ်ထောက်ပံ့ကြေးများထုတ်ပေးခြင်း၊ အသင်းအဖွဲ့အလိုက်သော်လည်းကောင်း၊ လုပ်ငန်းတစ်ခုချင်း အလိုက်သော်လည်းကောင်း ချေးငွေများ ရရှိရေးဆောင်ရွက်ပေးခြင်းတို့ကို အဆက်မပြတ်ကုစား ပြုလုပ်ပေးနေခဲ့ပါသည်။ ထို့အပြင် Tourism National Guidelines များ ချမှတ်ရေးဆွဲဆောင်ရွက်ခဲ့ရာ (Beta Version–V) အထိ ထုတ်ပြန်နိုင်ခဲ့ခြင်း၊ Myanmar Tourism Relief Plan(2020) ကို အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိခြင်းတို့ကို ဆောင်ရွက်နေပါသည်။

*စာမျက်နှာ ၇ သို့*

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅) နှစ်စီမံကိန်း ရေးဆွဲရေးဆိုင်ရာTechnical Core Group အွန်လိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၉**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ(၅)နှစ်စီမံကိန်း ရေးဆွဲချမှတ်နိုင်ရန် မသန်စွမ်းသူများအတွက် မဟာဗျူဟာ(၅) နှစ် စီမံကိန်း ရေးဆွဲရေးဆိုင်ရာ Technical Core Group အစည်းအဝေးကို ယမန်နေ့ နံနက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေး ဦးစီးဌာနတွင် အွန်လိုင်းဖြင့် ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးသို့ Technical Core Group အဖွဲ့ဝင်များဖြစ်သည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ UNICEF (မြန်မာ)နှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်တို့မှ တာဝန်ရှိသူ ၁၂ ဦး ပါဝင်တက်ရောက်ခဲ့ပြီး ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက မဟာဗျူဟာ (၅)နှစ် စီမံကိန်းရေးဆွဲရာတွင် အခန်းကဏ္ဍအလိုက် ဦးဆောင်ပါဝင်ဆွေးနွေးရန် လိုအပ်ချက်များ၊ မဟာဗျူဟာ (၅) နှစ် စီမံကိန်းတွင် ထည့်သွင်းမည့် အကြောင်းအရာနှင့် လုပ်ငန်းများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ဦးစားပေးစီမံချက်များ၊ မူဝါဒများ၊ မဟာဗျူဟာများနှင့် ကိုက်ညီမှုသေချာစေရေးအတွက် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ချက်များ၊ မဟာဗျူဟာ (၅) နှစ် စီမံကိန်းကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်မှုတွင် ဘဏ္ဍာငွေလျာထားမှု၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေရေး အထူးသဖြင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၏ ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍ၊ နည်းပညာပိုင်းဆိုင်ရာ အားသာချက်၊ အားနည်းချက်၊ မဟာဗျူဟာ (၅)နှစ်စီမံကိန်းရေးဆွဲရေးအတွက် ကျင်းပခဲ့သည့် ပထမအကြိမ် ဆွေးနွေးညှိနှိုင်းပွဲများမှ ရရှိလာသော ရလဒ်များ၊ မဟာဗျူဟာစီမံကိန်း (ပထမမူကြမ်း)၊ ရှေ့လုပ်ငန်းစဉ်များ၊ ဒုတိယအကြိမ် အစည်းအဝေးများ မစတင်မီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် အချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ(၅) နှစ်စီမံကိန်းကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလအတွင်း အပြီးသတ်ရေးဆွဲချမှတ်နိုင်ရေးအတွက် ဆပ်ကော်မတီအလိုက် ညှိနှိုင်းဆွေးနွေးပွဲတို့ကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လမှ စတင်ကျင်းပလျက်ရှိပြီး စက်တင်ဘာလမှ အောက်တိုဘာလအတွင်း ဆပ်ကော်မတီအလိုက် ဆွေးနွေးပွဲတို့ကို သုံးကြိမ်ခန့် ဆက်လက်ကျင်းပခြင်း၊ Technical Core Group အစည်းအဝေးကို ဆပ်ကော်မတီ ဆွေးနွေးပွဲများမတိုင်မီ ကြိုတင်ခေါ်ယူ၍ အကြိုညှိနှိုင်းမှုများ ပြုလုပ်ခြင်း၊ ဆပ်ကော်မတီဆွေးနွေးပွဲများ ပြီးသည့်အခါတိုင်း Technical Core Group အစည်းအဝေးကျင်းပခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❑ *ကျောဖုံးမှ*

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၉–၉–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီမှ ည (၈:၀၀)နာရီအထိ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၂၄၉) ဦး | (၄,၈၇၀) ဦး |
| ဆေးရုံဆင်း | (၅၈) ဦး | (၁,၁၈၈) ဦး |
| သေဆုံးလူနာ | (၀) ဦး | (၈၁) ဦး |

# ဝါးခယ်မ၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၂၈၀၀၀ ကျော်အတွက် ထောက်ပံ့ငွေများ ပေးအပ်

**ဝါးခယ်မ စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်ရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၂၈၀၀၀ ကျော်အတွက် ထောက်ပံ့ငွေများပေးအပ်ခြင်းကို စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဝါးခယ်မမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၄၅ အုပ်စုရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ငွေများကို အလျင်အမြန်ထောက်ပံ့ပေးအပ်ရန် မြို့နယ်အတွင်းရှိ အိမ်ထောင်စုပေါင်း ၂၈၅၈၉ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေ နှစ်သောင်းကျပ်နှုန်းဖြင့် ၅၇၁၇၈၀၀၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ အခြေခံလူတန်းစားများ လက်ဝယ်ရရှိစေရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက နယ်မြေအလိုက် ကြီးကြပ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

ယင်းသို့ ထောက်ပံ့ပေးအပ်ရာတွင် နိုင်ငံတော်အစိုးရက ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား ပြီးခဲ့သည့် ဧပြီလပိုင်းမှစတင်၍ အခြေခံစားသောက်ကုန်ငါးမျိုးကို ပထမအကြိမ်အဖြစ် လည်းကောင်း၊ ဒုတိယအကြိမ်မြောက်တွင် အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိခဲ့သည့် အိမ်ထောင်စုများအတွက် ငွေကျပ် တစ်သောင်းခွဲနှုန်းဖြင့် လည်းကောင်း၊ တတိယ၊ စတုတ္ထ၊ ယခု ပဉ္စမအကြိမ်တို့တွင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။ **လွှမ်းသီဟ (ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

**မလျှော့ခွဲဖြင့် ကျော်ဖြတ်မယ်**

၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO) က ချမှတ်ထားသော ဆောင်ပုဒ် (Slogan)မှာ **“ Tourism & Rural Development ”** ဖြစ်ပါသည်။ မြန်မာလို **“ကျေးလက်ဒေသဖွံ့ဖြိုးဖို့ ခရီးသွားလုပ်ငန်း ဆောင်ရွက်စို့”**ဟု ဘာသာပြန်လျှင် နီးစပ်မည်ထင်ပါသည်။ နိုင်ငံတော်အစိုးရကကြီးမှူးပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် ၂၀၁၂ မှစ၍ စက်တင်ဘာလ ၂၇ ရက်နေ့ ရောက်တိုင်း မြန်မာနိုင်ငံတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်း (UNWTO) နေ့အခမ်းအနားကို နေပြည်တော်တွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ချမှတ်ပေးသော ခရီးသွားဆောင်ပုဒ်များနှင့်အညီ နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သော်လည်း ယခုလာမည့် ၂၀၂၀ စက်တင်ဘာ ၂၇ တွင် ကျရောက်မည့် UNWTO နေ့ကို ကိုဗစ်– ၁၉ ကြောင့် ယခင်နှစ်များကဲ့သို့ အခမ်းအနားဖြင့် ကျင်းပနိုင်ဖွယ်ရာမမြင်တော့ပေ။ ဝန်ကြီးဌာနကတော့ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို မေ့လျော့ခြင်းမရှိဘဲ အစဉ်အသိအမှတ်ပြုလျက် အမြဲအသင့် ပြင်ဆင်ထားမည်သာ ဖြစ်ပေသည်။

သမိုင်းကြောင်းကို ပြန်လည်လေ့လာပါက ကမ္ဘာတွင် ယခင်ရာစုနှစ်များကလည်း အလွန်ဆိုးရွားလှသည့် ကပ်ရောဂါကြီးများ (ဥပမာ– ကာလဝမ်းရောဂါ၊ ပုလိပ်ရောဂါ စသည်) ကြောင့် လူပေါင်းသန်းပေါင်းရာနှင့်ချီ၍ သေဆုံးခဲ့ကြဖူးပါသည်။ ထိုစဉ်က ဆေးပညာရပ်များ ကောင်းစွာ မထွန်းကားသေးသည့် အချိန်ဖြစ်၍လည်း သေဆုံးမှုများပြားလှပါသည်။ သို့သော်လည်း သူ့ခေတ်၊ သူ့အခါကရှိနေသည့် ဆေးပညာရပ်များဖြင့်ပင် ပညာရှင်များက တီထွင်ကြံဆကာ ယင်းကူးစက်ရောဂါဆိုးကြီးများကို အောင်မြင်စွာ ကာကွယ်နှိမ်နင်းနိုင်ခဲ့ကြပါသည်။ ယနေ့ကာလမှာတော့ ဆေးသိပ္ပံပညာရပ်များ အံ့မခန်းတိုးတက်လာပြီဖြစ်လေရာ ယခုဖြစ်ပေါ်နေသော ကိုဗစ်–၁၉ ရောဂါကို ကာကွယ်ကုသနိုင်သည့်ဆေးများ တီထွင်ဖော်ထုတ်လာနိုင်ကြပြီး မုချအောင်မြင်ကျော်လွှားနိုင်မည်ဟု ယုံကြည်ရပေသည်။ လက်ရှိအချိန်မှာပင် ကမ္ဘာ့နိုင်ငံအချို့သည် ကာကွယ်ကုသဆေးများကို အပြိုင်အဆိုင် ကြိုးပမ်းထုတ်လုပ်နေကြပေရာ လူသားများကို စတင်စမ်းသပ် ထိုးနှံကုသသည့်အဆင့်သို့ပင် ရောက်ရှိနေပြီဖြစ်ပါသည်။

လုံးဝအားကိုးစိတ်ချနိုင်မည့် ကာကွယ်ကုသဆေးများ မပေါ်ပေါက်သေးစေကာမူ ကျန်းမာရေးဆိုင်ရာလမ်းညွှန်ချက်များကို တိကျစွာ လိုက်နာကြခြင်းဖြင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာကြီးတစ်ခုလုံးတွင် ထိရောက်စွာ ကာကွယ်တားဆီးနိုင်ကြမည်ဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံသည် ရက် ၁၀၀ ဆက်တိုက် ကိုဗစ်– ၁၉ ရောဂါပိုးကူးစက်မှုမရှိအောင် ထိန်းထားနိုင်သည်ကိုလည်းကောင်း၊ လာအိုနိုင်ငံသည် လက်ချိုးရေတွက်ရသော အရေအတွက်မျှသာကူးစက်ခံရပြီး သေဆုံးသူ တစ်ဦးတစ်ယောက်မျှမရှိအောင် ထိန်းထားနိုင်သည်ကိုလည်းကောင်း၊ ရပ်ဝေးဒေသမှ ပင်လယ်သမုဒ္ဒရာပိုင်းနယ်မြေ နိုင်ငံတစ်ခုဖြစ်သော နယူးဇီလန်နိုင်ငံသည် များမကြာမီက ကိုဗစ်– ၁၉ ရောဂါကို ကျော်လွှားနိုင်ပြီဖြစ်ကြောင်း ကြေညာနိုင်ခဲ့သည်ကိုလည်းကောင်း တွေ့ရှိရသဖြင့် ယင်းနမူနာကောင်းများကို အတုယူ ဆောင်ရွက်သွားမည်သာ ဖြစ်ပါသည်။ ဤနေရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် အသက်ဘေးကိုမငဲ့ဘဲ ကိုဗစ်– ၁၉ ရောဂါကို ကာကွယ်၊ ထိန်းချုပ်နိုင်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နေကြသည်မှာ အထူးပင်လေးစားချီးကျူးဖွယ်ရာဖြစ်ပါသည်။ ထိုသို့တချို့နိုင်ငံများက ကိုဗစ်– ၁၉ ထိန်းချုပ်ရေး ဆောင်ရွက်နိုင်ခြင်းများကြောင့် ကမ္ဘာ့နိုင်ငံအချို့သည် လေကြောင်းလိုင်း တချို့ပြန်လည် ဖွင့်လှစ်ခြင်း၊ ခရီးသွားလုပ်ငန်းများပြန်လည် စတင်ခြင်းများ ပြုလုပ်လာကြသည့် အခြေအနေကို တွေ့ရပါသည်။ မြန်မာနိုင်ငံသည်လည်း အိမ်နီးချင်း ထိုင်းနိုင်ငံသို့ လေကြောင်းခရီးစဉ်များ မကြာမီပြန်လည်ပြေးဆွဲနိုင်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း သတင်းကောင်းများအား တက်ဖွယ်ကြားနေရပြီ ဖြစ်ပါသည်။ အလားတူ ဥရောပ ထိပ်တန်းခရီးသွား နိုင်ငံကြီးများသည်လည်း ကိုဗစ်– ၁၉ ကာကွယ်၊ ထိန်းချုပ်ရေး လိုက်နာရန်အချက်များနှင့်အညီ အကန့်အသတ်ဖြင့် ခရီးသွားလုပ်ငန်းပြန်လည်စတင်ရန် တာစူနေကြကြောင်း သိရပါသည်။ တစ်နည်းအားဖြင့် တစ်ရေးတစ်မော အိပ်မောကျနေသော ခရီးသွားကမ္ဘာကြီး ပြန်လည်နိုးထလာသည့် ခြေလှမ်းအစဟု ဆိုနိုင်မည်ဖြစ်ပါသည်။

**မေးစက် တစ်ရေးနိုး**

လူတို့သည် တစ်ရက်တာကာလ၏ နေ့/ညအချိန်များကို ဖြတ်ကျော်ကြရာတွင် ယေဘုယျအားဖြင့် နေ့အချိန်တွင် သွားလာလှုပ်ရှားလုပ်ကိုင်ကြပြီး ညအချိန်တွင် အိပ်စက် အနားယူလေ့ရှိကြပါသည်။ ထိုသို့အိပ်စက်အနားယူကြသည်မှာ နောက်တစ်နေ့သွားလာလှုပ်ရှားလုပ်ကိုင်နိုင်ရန်အတွက် အားအင်များ ပြန်လည်ပြည့်ဖြိုးလာစေရန် အားဖြည့်ခြင်း သို့မဟုတ် ဘက်ထရီကဲ့သို့ အားသွင်းမှု ပြုလုပ်ခြင်းဟုလည်း ဆိုနိုင်ပါမည်။ ရံဖန်ရံခါတွင်မှာတော့ နေ့လယ်နေ့ခင်းအချိန်များတွင် ခေတ္တမျှ အနားယူမေးစက်ရာမှ မထင်မှတ်ဘဲ မေးခန်ခေတ္တမျှ အိပ်ပျော်သွားတတ်ကြပါသည်။ ယင်းမေးစက် အနားယူမှုသည်ကား အိပ်ပျော်သွားလျှင်လည်း မိနစ်ပိုင်းခန့်မျှသာကြာသည်ဖြစ်၍ ညဘက်တွင် အိပ်စက်သကဲ့သို့ ရှည်ကြာစွာတစ်ညတာ အိပ်စက်မှုမျိုး မဟုတ်ပါပေ။ ယာယီသဘောမျှသာဖြစ်၍ မကြာမီမှာပင် ပြန်လည်နိုးထကြသည့် သဘောရှိပါသည်။

ယခု ကိုဗစ်– ၁၉ ရောဂါဖြစ်ပွားနေမှုကြောင့် ရပ်တန့်နေရသော ခရီးသွားကမ္ဘာကြီးသည်လည်း အထက်ပါနမူနာကဲ့သို့ အတိုင်းအဆမရှိ ကာလရှည်ကြာ အခြေအနေမျိုး မဟုတ်ဘဲ နေ့လယ်ပိုင်းတဒင်္ဂ အိပ်မောကျသွားသည့် လူတစ်ဦးကဲ့သို့သာ ဖြစ်ပေလိမ့်မည်။ မဝေးလှသည့် တစ်ချိန်မှာပင် ကိုဗစ်– ၁၉ ရောဂါကို ကာကွယ်နိုင်သည့်ဆေး၊ ပျောက်ကင်းအောင်ကုသနိုင်သည့်ဆေးများ ပေါ်ပေါက်လာမည်ဟု ယုံကြည်ရပေသည်။ ထိုသို့ပေါ်ပေါက်လာပါက လူများသည် ယင်းတို့၏ ပင်ကိုဗီဇ၊ ဝါသနာနှင့် စွဲဆော်မှုတို့အရ ခရီးသွားလာခြင်း၊ လည်ပတ်ခြင်းများကို မလွဲမသွေ ပြန်လည်ပြုလုပ်လာကြမည် ဖြစ်ပေသည်။ ထိုအခါ တစ်ရေးတစ်မောအိပ်မောကျနေသော ခရီးသွားကမ္ဘာကြီးသည် ပြန်လည် လှုပ်ရှားအသက်ဝင်လာကြမည်ဖြစ်သလို မြန်မာ့ခရီးသွား လုပ်ငန်းကြီးသည်လည်း ရေစီးကြောင်းနှင့်အတူ အလိုက်သင့် မျောပါလှုပ်ရှားမှုများ မုချပြန်လည်ဖြစ်ပေါ်လာပေမည်။

ခြုံငုံ၍ သုံးသပ်ရပါမူ ကိုဗစ်– ၁၉ ရောဂါမတိုင်မီ များမကြာမီ နှစ်အနည်းငယ်အတွင်းက ကြက်ငှက်တုပ်ကွေး၊ ဝက်တုပ်ကွေး၊ အီဘိုလာ၊ ဆားစ် (SARS) စသည်ဖြင့် ကူးစက်ရောဂါတို့ ကမ္ဘာတစ်လွှားကူးစက်ပျံ့နှံ့ခဲ့မှုကြောင့် ကမ္ဘာ့နိုင်ငံများ၏ ခရီးသွားလုပ်ငန်းများ ထိခိုက်ခဲ့ရသော်လည်း ဆေးသိပ္ပံပညာရှင်များက ကာကွယ်ကုသဆေးများ ဖော်ထုတ်ကုသနိုင်ခဲ့ကြသဖြင့် ရောဂါများကို ပြန်လည်အနိုင်ယူနိုင်ပြီး ကမ္ဘာ့ခရီးသွားလုပ်ငန်းများ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ကြပါသည်။ ယခု ဖြစ်ပွားလျက်ရှိနေသော ကိုဗစ်– ၁၉ ရောဂါသည်လည်း အထက်ပါရောဂါများ၏ အုပ်စုအနွယ်ဝင်တစ်ခုပင် ဖြစ်ပေရာ မဝေးလှသည့် တစ်နေ့မှာ သူ့ကိုနိုင်သည့် ကာကွယ်ကုသဆေးများကို ဆေးသိပ္ပံပညာရှင်များက ရှာဖွေဖော်ထုတ်တွေ့ရှိအနိုင်ယူလျက် အောင်ပွဲခံကာ ကမ္ဘာ့ပြည်သူအများကို မူလအခြေအနေသို့ ပြန်လည် ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။ အများပြည်သူတို့ကလည်း ကိုဗစ်– ၁၉ ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ သတ်မှတ်ချက်များနှင့်အညီ လှုပ်ရှားနေထိုင်ကြခြင်းဖြင့် ပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ပါမည်။

စာရေးသူတို့ မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းထွန်းသစ်စနိုင်ငံတစ်ခုဟု ဆိုနိုင်ပေရာ တလူလူတက်နေသော အညွှန့်အခက်များ မကျိုးသွားစေရန်အတွက် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်သဖြင့် နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုနေသည့် ကျေးလက်တောနယ်များ ပါမကျန် ဝင်ငွေရှင်စေမည့် ခရီးသွားလုပ်ငန်းပြန်လည်နာလန်ထူလာစေရေးအတွက် UNWTO ၏ **“ကျေးလက်ဒေသဖွံ့ဖြိုးဖို့ ခရီးသွားလုပ်ငန်း ဆောင်ရွက်စို့”** ဟူသော ဆောင်ပုဒ်နှင့်အညီ ကိုဗစ်– ၁၉ အလွန်တွင် တက်ညီလက်ညီ ပြန်လည်ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါမည်။ ထိုသို့ အားလုံးစုံညီ စွမ်းဆောင်ပေးနိုင်ခဲ့ပါလျှင် အထက်ပါအတိုင်း တင်စားပြောဆိုခဲ့သော တစ်ရေးတစ်မောအိပ်မောကျနေသည့် ခရီးသွားကမ္ဘာကြီး ပြန်လည်နိုးထလာမှုနှင့်အတူ မြန်မာနိုင်ငံ၏ ပြည်တွင်းခရီးသွားလုပ်ငန်း၊ ပြည်ပခရီးသွားလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပြန်လည်အသက်ဝင်လာကာ မူလလမ်းကြောင်း အမှန်ပေါ်သို့ ဦးတည်ရောက်ရှိလာမည်ဟု မျှော်မှန်းယုံကြည်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# နိုင်ငံတော်အစိုးရရဲ့ လုံးပမ်းမှုတွေကို ဝိုင်းဝန်းကူညီပေးကြပါ



ကျန်းမာရေးဝန်ထမ်းတွေ ကြားထဲမှာရော၊ တခြားဝန်ထမ်းတွေ ကြားထဲမှာရော ရောဂါပြန့်ပွားလာတာ အတိုင်းအတာတစ်ခုထိ ရှိပါတယ်။ နောက်ပြီးတော့ ကျွန်မတို့ရဲ့ စေတနာ့ဝန်ထမ်းတွေ ဝိုင်းဝန်းကူညီနေတာ ကျွန်မတို့ရဲ့ အားသာချက်တစ်ခုက ဒါပါပဲ။ ကျွန်မတို့ပြည်သူတွေက တကယ်အရေးကြီးပြီဆိုရင် သွေးစည်းကြပါတယ်။ တတ်နိုင်သမျှ ဝိုင်းဝန်းကူညီကြပါတယ်။ ဒီအကူအညီတွေအတွက်လည်း ကျွန်မတို့ ကျေးဇူးတင်ကြောင်း ပြောချင်တယ်။ ထပ်လည်း ဖိတ်ခေါ်ချင်ပါတယ်။ ကျွန်မတို့ စေတနာ့ဝန်ထမ်းတွေ၊ ပညာရှင်တွေ နိုင်ငံတော်အစိုးရရဲ့ လုံးပမ်းမှုတွေကို ဝိုင်းဝန်းကူညီပေးကြပါ။ အားလုံးက ဝိုင်းဝန်းလုပ်မယ်ဆိုရင် အောင်မြင်မှာပါဆိုတာ ကျွန်မဒီကနေ ပြောချင်ပါတယ်။

**(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၁၅ ရက်နေ့တွင် နိုင်ငံအတွင်း COVID–19 ရောဂါပြန့်ပွားမှု အခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၄၀၃ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၄၈၇၀ ရှိသွားပြီ

နေပြည်တော် စက်တင်ဘာ ၁၉

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၄၀၃ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၄၈၇၀ ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၄၈၇၀ အနက် သေဆုံးသူ ၈၁ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၁၁၈၈ ဦးနှင့် စက်တင်ဘာ ၁၈ ရက်မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၁၉ ရက်မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၃၂၈ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၂၁၂၈၂၆ | ၄၈၇၀ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၁၈၈ | ၈၁ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၁၀၇၁၈

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၁၁၈၈ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၉-၉-၂၀၂၀ ရက်၊ ည(၈:၀၀) နာရီ

### ၁၉-၉-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၉၂၈၃၀၄ | ၄၁၉၂၇၇၄ | ၂၀၃၁၈၈ |
| ၂။ | အိန္ဒိယ | ၅၃၁၂၅၃၇ | ၄၂၀၈၄၃၁ | ၈၅၆၅၀ |
| ၃။ | ဘရာဇီး | ၄၄၉၇၄၃၄ | ၃၇၈၉၁၃၉ | ၁၃၅၈၅၇ |
| ၄။ | ရုရှား | ၁၀၉၇၂၅၁ | ၉၀၆၄၆၂ | ၁၉၃၃၉ |
| ၅။ | ပီရူး | ၇၅၆၄၁၂ | ၆၀၀၇၉၅ | ၃၁၂၈၃ |
| ၆။ | ကိုလံဘီယာ | ၇၅၀၄၇၁ | ၆၂၁၅၂၁ | ၂၃၈၅၀ |
| ၇။ | မက္ကဆီကို | ၆၈၈၉၅၄ | ၄၉၂၁၉၂ | ၇၂၈၀၃ |
| ၈။ | စပိန် | ၆၅၉၃၃၄ | စိစစ်ဆဲ | ၃၀၄၉၅ |
| ၉။ | တောင်အာဖရိက | ၆၅၇၆၂၇ | ၅၈၆၈၄၄ | ၁၅၈၅၇ |
| ၁၀။ | အာဂျင်တီးနား | ၆၁၃၆၅၈ | ၄၇၈၀၇၇ | ၁၂၇၀၅ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၉ – ၉ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၂၈၃၄၆၀ | ၂၀၉၈၈၅ | ၄၉၃၀ |
| အင်ဒိုနီးရှား | ၂၄၀၆၈၇ | ၁၇၄၃၅၀ | ၉၄၄၈ |
| စင်ကာပူ | ၅၇၅၅၈ | ၅၇၀၇၁ | ၂၇ |
| မလေးရှား | ၁၀၁၆၇ | ၉၃၁၅ | ၁၃၀ |
| မြန်မာ | ၄၈၇၀ | ၁၁၈၈ | ၈၁ |
| ထိုင်း | ၃၅၀၀ | ၃၃၃၈ | ၅၉ |
| ဗီယက်နမ် | ၁၀၆၈ | ၉၄၂ | ၃၅ |
| ကမ္ဘောဒီးယား | ၂၇၅ | ၂၇၄ | ၀ |
| ဘရူနိုင်း | ၁၄၅ | ၁၄၁ | ၃ |
| လာအို | ၂၃ | ၂၂ | ၀ |

◆ *ကျောဖုံးမှ*

ပေးအပ်ခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ထောက်ပံ့ပေးအပ်ရန် ကျန်ရှိခဲ့သည့် အခြေခံအိမ်ထောင်စုများအတွက် ထောက်ပံ့ငွေကျပ် ၁၅၀၀၀ ပေးအပ်ခဲ့ကြောင်း၊ ဒုတိယအကြိမ်အဖြစ် ဇူလိုင် ၂၈ ရက်တွင် ငွေကျပ် ၂၀၀၀၀ ထပ်မံထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ တတိယအကြိမ်အဖြစ် ဩဂုတ် ၁၅ ရက်တွင်လည်း ငွေကျပ် ၂၀၀၀၀ ထပ်မံပေးခဲ့ပြီး ယခု ထပ်မံထောက်ပံ့ပေးခြင်းသည် စတုတ္ထအကြိမ်မြောက် ထောက်ပံ့ခြင်းဖြစ်ကြောင်း သိရသည်။

မိုးစက် (ဘိုကလေး)

❊ *ကျောဖုံးမှ*

စုစုပေါင်း သင်္ဘောလေးစင်းပေါ်မှ သင်္ဘောသား ၄၄ ဦး ပြန်လည်ထွက်ခွာလာရာ ယမန်နေ့ ညနေပိုင်းက မြို့မဆိပ်ကမ်းမှတစ်ဆင့် ကော့သောင်းမြို့သို့ ဝင်ရောက်လာပြီး ဟိုတယ်၌ အသွားအလာကန့်သတ် ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

သင်္ဘောများပေါ်မှ ပြန်လည်ထွက်ခွာလာသည့် အဆိုပါ မြန်မာသင်္ဘောသား ၄၄ ဦးမှာ ကော့သောင်းမြို့တွင် ကြိုတင်ရောက်ရှိနေသည့် MV.Akagisan သင်္ဘောပေါ်သို့ တက်ရောက်မည့် အင်ဂျင်နီယာဦးစောနယ်လာ ပါ သင်္ဘောသား ၁၅ ဦး၊ M.T Chemocean Orion သင်္ဘောပေါ်သို့ တက်ရောက်မည့် ကပ္ပတိန်ဦးသီဟသူ ပါ သင်္ဘောသား ၁၄ ဦး၊ MV Earth Ocean သင်္ဘောပေါ်သို့ တက်ရောက်မည့် ကပ္ပတိန်ဦးစိုးဝင်းအောင် ပါ သင်္ဘောသား သုံးဦး၊ MV Sea Hero သင်္ဘောပေါ်သို့ တက်ရောက်မည့် ကပ္ပတိန် ဦးကျော်သူစိုး ပါ သင်္ဘောသား ၁၀ ဦး တို့ဖြင့် တာဝန်လွှဲပြောင်းယူခဲ့သူများဖြစ်သည်။

သင်္ဘောများပေါ်မှ ထွက်လာသည့် မြန်မာ သင်္ဘောသား ၄၄ ဦးအား ဆိပ်ကမ်း၌ တာဝန်ရှိဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့နှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ကာ ကော့သောင်းမြို့နှင့် မြိတ်မြို့များတွင် ဟိုတယ်၌ အသွားအလာကန့်သတ် ၂၁ ရက်ထားရှိပြီး ၎င်းတို့၏ Swab နမူနာများအား ရန်ကုန် အမျိုးသား ကျန်းမာရေးဓာတ်ခွဲဌာနသို့ ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၉–၉–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

၁။ (၁၈–၉–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉–၉–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ အတွင်း COVID–19 ဓာတ်ခွဲစစ်ဆေးချက်များအရ –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁,၀၁၇)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)မှ ဒုတိယ အသုတ် ဓာတ်ခွဲနမူနာ (၂၈၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဒုတိယ အသုတ် ဓာတ်ခွဲနမူနာ (၁၆၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၈၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၁၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှ ဓာတ်ခွဲနမူနာ (၁၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ၏ (၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- နေပြည်တော်၊ အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်–၁၀၀၀) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁၈၈) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်–၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၉၂၉) ခု၊

  စုစုပေါင်း ဓာတ်ခွဲနမူနာ (၂,၇၁၈) ခုတို့အား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ

- • COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၁၅၄) ဦး တွေ့ရှိပါသည်။

၂။ သို့ဖြစ်ရာ (၁၉–၉–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၄,၆၂၁)ဦး ရှိပြီ ဖြစ်ပါသည်။

၃။ (၁၉–၉–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ ထပ်မံသေဆုံးသူ(၅) ဦးရှိသည့်အတွက် ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၇၅) ဦးရှိပြီ ဖြစ်ပါသည်။

၄။ (၁၈–၉–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၂,၀၃၁) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၃၀၁)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၇၄၁)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၃၁၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(တောင်ကြီး) မှ ဓာတ်ခွဲနမူနာ (၃၁၆) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀)မှ ဓာတ်ခွဲနမူနာ(၈၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့မှ ဓာတ်ခွဲနမူနာ (၈) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တီးတိန်မြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၇) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့မှ ဓာတ်ခွဲနမူနာ (၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဇန်းမော်မြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၈၄) ခု၊

**ဓာတ်ခွဲအတည်ပြုလူများအနက် သေဆုံးလူနာများ**

| စဉ် | Case | အသက် | ကျား/မ | ဆေးရုံ | သေဆုံးသည့် ရက်စွဲ |
|---|---|---|---|---|---|
| ၁။ | Case-3506 | ၆၄ နှစ် | ကျား | COVID-19 ကုသရေးဌာန၊ ရန်ကုန် | (၁၈–၉–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁:၃၀) နာရီ |
| ၂။ | Case-4384 * | ၆၂ နှစ် | ကျား | ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး | (၁၈–၉–၂၀၂၀) ရက်နေ့၊ နံနက် (၁:၁၀) နာရီ |
| ၃။ | Case-4382 * | ၈၄ နှစ် | မ | ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး | (၁၆–၉–၂၀၂၀) ရက်နေ့၊ ညနေ (၅:၃၀) နာရီ |
| ၄။ | Case-4429 * | ၈၅ နှစ် | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၁၈–၉–၂၀၂၀) ရက်နေ့၊ နံနက် (၁၀:၁၅) နာရီ |
| ၅။ | Case-4389 * | ၆၅ နှစ် | မ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၁၈–၉–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ |

ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း(၇၅)ဦး ရှိပြီ ဖြစ်ပါသည်။

(*) အဆိုပါလူနာများ သေဆုံးချိန်တွင် ဓာတ်ခွဲနမူနာရယူ၍ ပေးပို့စစ်ဆေးထားဆဲဖြစ်ပြီး COVID –19 ရောဂါပိုးတွေ့ရှိကြောင်း ဓာတ်ခွဲအဖြေရရှိပြီးနောက် ထုတ်ပြန်ခြင်းဖြစ်ပါသည်။

- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၁၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှ ဓာတ်ခွဲနမူနာ (၁၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- နေပြည်တော်၊ အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်–၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၃၄၄) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်–၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၉၂၉) ခု၊

စုစုပေါင်း ဓာတ်ခွဲနမူနာ (၅,၂၅၂) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၂၂) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြုလူနာ (၁၆၈)ဦး တွေ့ရှိကြောင်းကို (၁၈–၉–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီသတင်းတွင် ထုတ်ပြန်ပြီး ဖြစ်ပါသည်။)

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**(ယခုသတင်းထုတ်ပြန်ချိန်အထိ) COVID–19 လူနာများအခြေအနေ**

**(၁၉–၉–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း | (၁၅၄) ဦး | (၄,၆၂၁) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၀) ဦး | (၁,၁၃၀) ဦး |
| သေဆုံးလူနာ | (၅) ဦး | (၇၅) ဦး |

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၉–၉–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ |
|---|---|
| (၁၈–၉–၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) | (၁,၀၁၇) ခု |
| (၁၈–၉–၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ဒုတိယအသုတ်) | (၂၈၂)ခု |
| (၁၈–၉–၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ (ဒုတိယအသုတ်) | (၁၆၅)ခု |
| (၁၈–၉–၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | (၈၄)ခု |
| (၁၈–၉–၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့ | (၁၃)ခု |
| (၁၈–၉–၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့ | (၁၆)ခု |
| (၁၈–၉–၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့ | (၁၆)ခု |
| (၁၈–၉–၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ (ဒုတိယအသုတ်) | (၅)ခု |
| (၁၈–၉–၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့ | (၃) ခု |
| (၁၈–၉–၂၀၂၀) နေပြည်တော်၊ အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်–၁၀၀၀) မှ (ဒုတိယအသုတ်) | (၁၈၈) ခု |
| (၁၈–၉–၂၀၂၀) ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်–၁၀၀၀) | (၉၂၉) ခု |
| (၁၈–၉–၂၀၂၀) ရက်နေ့တွင် ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂,၇၁၈) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိရသည့် ဓာတ်ခွဲအတည်ပြုလူနာသစ် | (၁၅၄) ဦး |

(၁၈–၉–၂၀၂၀)ရက်နေ့အတွက် COVID –19 ဓာတ်ခွဲစစ်ဆေးမှုများအနေဖြင့် ဓာတ်ခွဲနမူနာစုစုပေါင်း (၅၂၅၂)ခု အား စစ်ဆေးခဲ့ပါသည်။

## ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၆၉ ဦးအား သက်ဆိုင်ရာဒေသများသို့ ဆက်လက်ပို့ဆောင်

**လားရှိုး စက်တင်ဘာ ၁၉**

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မူဆယ်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့များရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့် နေ့စဉ်ဝင်ရောက်လျက်ရှိရာ နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် ရထားခရီးစဉ်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ စနစ်တကျ လွှဲပြောင်း ပို့ဆောင်ပေးလျက်ရှိသည်။


ထိုသို့ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ စက်တင်ဘာ ၁၉ ရက်တွင် နေရပ်ပြန်ပြည်သူ အမျိုးသား ၄၆ ဦး၊ အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၆၉ ဦးတို့အား လွှဲပြောင်းပို့ဆောင်ပေးနိုင်ခဲ့သည်။ အဆိုပါ နေရပ်ပြန် ပြည်သူ ၆၉ ဦးတို့တွင် ကချင်ပြည်နယ်မှ ခြောက်ဦး ၊ချင်းပြည်နယ်မှ ငါးဦး ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သုံးဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၇ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ နှစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ တစ်ဦး ၊ ရှမ်းပြည်နယ်မှ သုံးဦး၊ ရခိုင်ပြည်နယ်မှ ၂၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ သုံးဦးတို့ ဖြစ်သည် ။

ရှမ်းပြည်နယ် မြောက်ပိုင်း ကိုဗစ်–၁၉ ရောဂါကာကွယ်၊ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် နေရပ်ပြည်သူများအား သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ပို့ဆောင်ခဲ့ရာ မေ ၆ ရက်မှ စက်တင်ဘာ ၁၉ ရက်အထိ အမျိုးသား ၁၀၁၃၆ ဦး ၊ အမျိုးသမီး ၆၃၆၈ ဦး စုစုပေါင်း ၁၆၅၀၄ ဦးတို့ကို စနစ်တကျ လွှဲပြောင်း ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

**အမုန်းစကားမပြောရ။**

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



## နေရပ်ပြန်များ ၎င်းတို့ နေရပ်အသီးသီးသို့ အဆင်ပြေချောမွေ့စွာပြန်နိုင်ရေး နေ့စဉ် စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

**မန္တလေး စက်တင်ဘာ ၁၉**

မန္တလေး အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် ၁၄လမ်းနှင့် ၆၂လမ်းထောင့်ရှိ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးတွင် တရုတ်နိုင်ငံ နယ်စပ်မြို့များမှ ရောက်ရှိလာကြသော နေရပ်ပြန်များအား ယနေ့နံနက် ၁၀ နာရီခွဲက ၎င်းတို့နေထိုင်ရာ နေရပ်အသီးသီးသို့ အဆင်ပြေချောမွေ့စွာ ပြန်နိုင်ရေးအတွက် လူစာရင်းစစ်ဆေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့ထားသည့် ထမင်းထုပ်၊ သောက်ရေသန့်ဘူးများအား ဝေငှပေးခြင်းတို့ကို တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

### နေရပ်ပြန်စုစုပေါင်း ၅၁ ဦးရှိ

အဆိုပါနေရပ်ပြန်များမှာ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးသို့ စက်တင်ဘာ ၁၈ ရက် ည ၉ နာရီခွဲက တရုတ်နိုင်ငံ နယ်စပ်မြို့များမှ ရထားဖြင့် ရောက်ရှိလာသူများဖြစ်ပြီး နေပြည်တော်မှ ၁၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ လေးဦး၊ မန္တလေးတိုင်းဒေသကြီးမှ နှစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၁၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှလေးဦး၊ ကရင်ပြည်နယ်မှတစ်ဦး၊ ကချင်ပြည်နယ်မှ ၁၅ ဦး စုစုပေါင်း ၅၁ ဦး ရှိကြောင်း သိရသည်။

### ဆောင်ရွက်ပေး

နေရပ်ပြန်များ ၎င်းတို့နေထိုင်ရာဒေသသို့ အဆင်ပြေချောမွေ့စွာ ပြန်နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အောင်မြေသာစံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့ဆောင်နှင့်ဝန်ထမ်းများ၊ ဒေါနဘွားရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးချစ်အောင်နှင့် ရာအိမ်မှူးများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များက နေ့စဉ်စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၉-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၃:၀၀)နာရီ

၁။ သို့ဖြစ်ပါ၍ (၁၈-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၃:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ(၄,၂၆၁) ဦး ရှိပြီဖြစ်ပါသည်။

၂။ (၁၈-၉-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြု လူနာသစ် (၃၂၂) ဦး၏ တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁ | ဧရာဝတီတိုင်းဒေသကြီး | ကျောင်းကုန်းမြို့နယ် | ၁ |
| | | လပွတ္တာမြို့နယ်* | ၁ |
| | | ပုသိမ်မြို့နယ် | ၁ |
| | | စုစုပေါင်း | ၃ |
| ၂ | ပဲခူးတိုင်းဒေသကြီး | ကဝမြို့နယ် | ၃၅ |
| | | ပဲခူးမြို့နယ်* | ၃ |
| | | ဒိုက်ဦးမြို့နယ် | ၃ |
| | | နတ္တလင်းမြို့နယ် | ၂ |
| | | ပြည်မြို့နယ်* | ၂ |
| | | သဲကုန်းမြို့နယ် | ၂ |
| | | ဒိုက်ဦးမြို့နယ် | ၁ |
| | | လက်ပံတန်းမြို့နယ်* | ၁ |
| | | အုတ်ဖိုမြို့နယ် | ၁ |
| | | ရွှေတောင်မြို့နယ် | ၁ |
| | | သာယာဝတီမြို့နယ် | ၁ |
| | | စုစုပေါင်း | ၅၂ |
| ၃ | ကချင်ပြည်နယ် | ဖားကန့်မြို့နယ် | ၄ |
| | | မိုးကောင်းမြို့နယ် | ၁ |
| | | စုစုပေါင်း | ၅ |
| ၄ | မကွေးတိုင်းဒေသကြီး | မကွေးမြို့နယ်* | ၁ |
| | | စုစုပေါင်း | ၁ |
| ၅ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေမြို့နယ် | ၃ |
| | | မြင်းခြံမြို့နယ် | ၁ |
| | | တောင်သာမြို့နယ်* | ၁ |
| | | ချမ်းအေးသာစံမြို့နယ် | ၁ |
| | | စုစုပေါင်း | ၆ |
| ၆ | မွန်ပြည်နယ် | မော်လမြိုင်မြို့နယ်*** | ၁၁ |
| | | စုစုပေါင်း | ၁၁ |
| ၇ | နေပြည်တော် | ဇမ္ဗူသီရိမြို့နယ် | ၂ |
| | | ဥတ္တရသီရိမြို့နယ်** | ၁ |
| | | စုစုပေါင်း | ၃ |
| ၈ | ရခိုင်ပြည်နယ် | မောင်တောမြို့နယ် | ၁၀ |
| | | ကျောက်ဖြူမြို့နယ် | ၉ |
| | | စစ်တွေမြို့နယ် | ၇ |
| | | မြောက်ဦးမြို့နယ် | ၁ |
| | | စုစုပေါင်း | ၂၇ |
| ၉ | တနင်္သာရီတိုင်းဒေသကြီး | မြိတ်မြို့နယ်* | ၄ |
| | | ကော့သောင်းမြို့နယ်* | ၁ |
| | | ရေးမြို့နယ် | ၁ |
| | | စုစုပေါင်း | ၆ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာမြို့နယ် | ၂၈ |
| | | မင်္ဂလာဒုံမြို့နယ် | ၂၃ |
| | | သင်္ဃန်းကျွန်းမြို့နယ် | ၁၃ |
| | | မြောက်ဥက္ကလာပမြို့နယ် | ၁၁ |
| | | တောင်ဥက္ကလာပမြို့နယ် | ၁၀ |
| | | ကြည့်မြင်တိုင်မြို့နယ် | ၉ |
| | | ပန်းဘဲတန်းမြို့နယ် | ၉ |
| | | လသာမြို့နယ် | ၈ |
| | | မရမ်းကုန်းမြို့နယ် | ၈ |
| | | ဒလမြို့နယ် | ၇ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ် | ၇ |
| | | လှိုင်မြို့နယ် | ၇ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် | ၆ |
| | | တာမွေမြို့နယ် | ၆ |
| | | လမ်းမတော်မြို့နယ် | ၆ |
| | | ဒေါပုံမြို့နယ် | ၆ |
| | | သာကေတမြို့နယ် | ၅ |
| | | အင်းစိန်မြို့နယ် | ၅ |
| | | ဗဟန်းမြို့နယ် | ၅ |
| | | စမ်းချောင်းမြို့နယ် | ၅ |
| | | ဆိပ်ကြီးခနောင်တိုမြို့နယ် | ၄ |
| | | ဗိုလ်တထောင်မြို့နယ် | ၃ |
| | | ပုဇွန်တောင်မြို့နယ် | ၃ |
| | | ဒဂုံမြို့နယ် | ၃ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် | ၃ |
| | | အလုံမြို့နယ် | ၂ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် | ၁ |
| | | ကျောက်တံတားမြို့နယ် | ၁ |
| | | ရန်ကင်းမြို့နယ် | ၁ |
| | | ဒဂုံဆိပ်ကမ်းမြို့နယ် | ၁ |
| | | သုံးခွမြို့နယ် | ၁ |
| | | ရွှေပြည်သာမြို့နယ် | ၁ |
| | | စုစုပေါင်း | ၂၀၈ |
| | | (၁၈-၉-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ၃၂၂ |

***မော်လမြိုင်မြို့နယ်မှ (၂) ဦးသည် Stay at Home ထုတ်ပြန်ထားသော မြို့နယ်များသို့ ခရီးသွားရာဇဝင်ရှိပြီး ကျန်(၁)ဦးသည် ပြည်ပနိုင်ငံသို့ ခရီးသွားရာဇဝင်ရှိသဖြင့် အသွားအလာကန့်သတ်ထားရှိပါသည်။

ပဲခူးမြို့နယ်မှ (၁)ဦး၊ ပြည်မြို့နယ်မှ (၁)ဦးနှင့် အခြား * မြို့နယ်များမှ သူများသည် Stay at Home ထုတ်ပြန်ထားသော မြို့နယ်များသို့ ခရီးသွားရာဇဝင်ရှိပြီး အသွားအလာကန့်သတ်ထားရှိပါသည်။

** မြို့နယ်မှသူသည် ပြည်ပနိုင်ငံများသို့ ခရီးသွားရာဇဝင်ရှိသဖြင့် အသွားအလာ ကန့်သတ်ထားရှိပါသည်။

၃။ (၁၉-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၃:၀၀)နာရီအထိ ထပ်မံသေဆုံးသူ (၆) ဦး ရှိပါသည် -

| စဉ် | Case | အသက် | ကျား/မ | ဆေးရုံ | သေဆုံးသည့် ရက်စွဲ |
|---|---|---|---|---|---|
| ၁ | Case-4035 | ၆၈ နှစ် | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၁၈-၉-၂၀၂၀) ရက်နေ့၊ ညနေ (၄:၅၅)နာရီ |
| ၂ | Case-4388 | ၆၅ နှစ် | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၁၉-၉-၂၀၂၀) ရက်နေ့၊ နံနက် (၂:၂၅)နာရီ |
| ၃ | Case -4029 | ၆၀ နှစ် | ကျား | တောင်ဥက္ကလာပအထူးကုဆေးရုံကြီး | (၁၉-၉-၂၀၂၀) ရက်နေ့၊ နံနက် (၅:၃၀)နာရီ |
| ၄ | Case - 3141 | ၈၄ နှစ် | မ | COVID-19 ကုသရေးဌာန (ဒဂုံဆိပ်ကမ်း) | (၁၈-၉-၂၀၂၀) ရက်နေ့၊ ညနေ (၅:၅၀)နာရီ |
| ၅ | Case - 4403 | ၈၁ နှစ် | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၁၆-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၄၀)နာရီ |
| ၆ | Case - 4374 | ၆၄ နှစ် | ကျား | မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး | (၁၆-၉-၂၀၂၀) ရက်နေ့၊ ည (၈:၂၀)နာရီ |

၄။ ယခုသတင်းထုတ်ပြန်ချိန်အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၈၁)ဦး ရှိပြီဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ခေါင်လန်ဖူးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နှာခေါင်းစည်းများဖြန့်ဝေပြီး ကျန်းမာရေး စောင့်ရှောက်မှုများဆောင်ရွက်



**ခေါင်လန်ဖူး စက်တင်ဘာ ၁၉**

ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ် ရခီဖူးကျေးရွာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် နှာခေါင်းစည်းများဖြန့်ဝေခြင်းကို စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်သည်။

### ဖြန့်ဝေပေးခဲ့

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့်ကာလတွင် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပြီး နှာခေါင်းစည်းများ တပ်ဆင်စေခြင်း၊ ကိုယ်အပူချိန် တိုင်းတာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုလို မိုးတွင်းကာလတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် တောင်ပေါ်ဒေသရှိ ဒေသခံများအနေဖြင့် ဆေးရုံသို့လာရောက်ရာတွင် အခက်အခဲများ ရှိနေသောကြောင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အထွေထွေ ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဂွမ်ဆိုင်းလီက ပြောကြားသည်။

ထို့နောက် ရခီဖူးကျေးရွာရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများကို မြို့နယ်ဆရာဝန်ကြီးနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ငြိမ်းအိအိဖြိုး(ပြန်/ဆက်)**

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် စက်တင်ဘာ ၁၉**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID - 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center(ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသန ဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။ **သတင်းစဉ်**





မိမိနှင့် မိမိ မိသားစု လုံခြုံစေချင်ပါသလား။ တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း ကို စနစ်တကျအသုံးပြုပါ။ အသုံးပြုပြီး ပါးစပ်နှင့်နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျပြန်ဆေးပါ။


**ကိုဗစ်-၁၉ ကာကွယ်ဖို့ စနစ်တကျလက်ဆေးစို့**

# မြိတ်၊ ကျွန်းစု၊ လောင်းလုံ၊ ဘုတ်ပြင်း၊ ပုလောနှင့် မြန်အောင်မြို့နယ်တို့တွင် သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များကြောင့် နေအိမ်များ ပျက်စီးခြင်း၊ စာသင်ကျောင်းနှင့် လယ်ယာမြေများ ရေနစ်မြုပ်မှုများဖြစ်ပေါ်

## မြိတ်

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းမှစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီး တောင်ကျရေစီးဆင်းမှုကြောင့် လူနေအိမ် ၆၇ လုံး ရေဝင်ရောက်မှုဖြစ်ခဲ့၍ လမ်းတချို့ ရေကျော်မှုဖြစ်ခဲ့ကာ ပင်လယ်ဒီရေမြင့်တက်ပြီး လှိုင်းရိုက်ပုတ်မှုကြောင့် နေအိမ် ၁၂ လုံး ပျက်စီးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေ စီးဆင်းမှုကြောင့် အလယ်ချောင်းကျေးရွာ မိုင်တိုင်အမှတ် (၁၀/၅)၊ မင်းပြင်ချောင်းတံတားနှင့် အလယ်ချောင်းချောင်းတံတား အနီးရှိ မြိတ်-ထားဝယ် ကားလမ်းမပေါ် တစ်ပေခန့် လမ်းရေကျော်မှုဖြစ်ခဲ့ပြီး ချောင်းအနီးတွင် နေထိုင်ကြသည့် နေအိမ် ၁၄ လုံး၊ RC တစ်ထပ် ဝန်ထမ်းအိမ်ရာနှစ်လုံး ရေဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။

ထို့အတူ ပပြင်ကျေးရွာ မိုင်တိုင်အမှတ်(၅/၄)နှင့် (၅/၆)အကြား မြိတ်-ထားဝယ် ကားလမ်းမပေါ်၌ တစ်ပေခန့် လမ်းရေကျော်မှုဖြစ်ခဲ့ပြီး ချောင်းအနီးတွင် နေထိုင်ကြသည့် နေအိမ် ၅၁ လုံး ရေဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ ရေဝင်ရောက်မှုကြောင့် ၎င်းနေအိမ်များ၌ နေထိုင်ကြသော ပြည်သူများအား တာဝန်ရှိသူများက ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေရာ ချထားပေးခဲ့ကြသည်။ အဆိုပါနေရာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်နှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ပင်လယ်ဒီရေတက်မှုကြောင့် သဗျာကျေးရွာရှိ မြစ်ကမ်းနားတွင် နေထိုင်သည့် လူနေအိမ် ၁၂ လုံး ထိခိုက်ပျက်စီးခဲ့သည်။ ပျက်စီးသွားသည့် လူနေအိမ်များကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့တို့က ရှင်းလင်းဆောင်ရွက်လျက်ရှိပြီး ယင်းအိမ်များတွင် နေထိုင်သူများကို ၎င်းတို့၏နီးစပ်ရာ ဆွေမျိုးနေအိမ်များသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြကြောင်း သိရသည်။

ခိုင်ထူး ( မြိတ် ပြန်/ဆက်)

## ကျွန်းစု

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်း ယမန်နေ့ မွန်းလွဲပိုင်းက ရုတ်တရက်လေပြင်းတိုက်ခတ်၍ ဒီရေလှိုင်းရိုက်ခတ်မှုကြောင့် ဝါးအော်ကျေးရွာ၌ နေအိမ်နှစ်လုံး အကာအရံများ မျောပါပျက်စီးခဲ့ပြီး နေအိမ်တစ်လုံး ပျက်စီးခဲ့ကြောင်း သိရသည်။ အလားတူ ကော်မယ်(အနောက်)ကျေးရွာနှင့် ကော်မယ်(အရှေ့)ကျေးရွာ၌ နေအိမ်နှစ်လုံး အကာအရံများ မျောပါပျက်စီးခဲ့ပြီး နေအိမ်တစ်လုံးမှာ ပျက်စီးခဲ့ကြောင်း၊ ရေကန်တောင်ကျေးရွာ၌ နေအိမ် ၁၀ လုံးမှာ အကာအရံများ မျောပါပျက်စီးခဲ့ပြီး နေအိမ်တစ်လုံးပျက်စီးခဲ့ကြောင်း သိရသည်။



ကျွန်းစုမြို့နယ်အတွင်း လေပြင်းတိုက်ခတ်ပြီး ဒီရေလှိုင်းပုတ်ခတ်မှုကြောင့် ပျက်စီးသွားသည့် နေအိမ်များကို တွေ့ရစဉ်။

ရေဘေးကြောင့် နေအိမ် အပျက်အစီးများအား ကျေးရွာတာဝန်ခံများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများက ဝိုင်းဝန်းရှင်းလင်းပေးခဲ့ကြောင်းနှင့် ရေဘေးသင့်မိသားစုဝင်များအား ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ပြောင်းရွှေ့နေထိုင်နိုင်ရေး စီစဉ်ပေးခဲ့ကြောင်း သိရသည်။

ကျွန်းစု (ပြန်/ဆက်)

## လောင်းလုံ

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် စမ်းလှမ်းကျေးရွာတွင် ယမန်နေ့မှစ၍ ယနေ့ ညနေ ၃ နာရီအထိ မိုးသည်းထန်စွာရွာသွန်းပြီး ဒီရေမြင့်တက်လာမှုကြောင့် စမ်းလှမ်းကျေးရွာတွင် နေအိမ်လေးလုံးပြိုကျပျက်စီးခဲ့ကာ နောက်ထပ် နေအိမ်များ ဆက်လက်စိုးရိမ်ရကြောင်း သိရသည်။

သိန်းသိန်း(ပြန်/ဆက်)

## ဘုတ်ပြင်း

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်တွင် ယမန်နေ့က မိုးသည်းထန်စွာ ရွာသွန်းကာ လေပြင်းတိုက်ခတ်မှုနှင့် ထူးကဲဒီရေမြင့်တက်ပြီး ရေလှိုင်းရိုက်ခတ်မှုကြောင့် ပင်လယ်ကျေးရွာအချို့တွင် နေအိမ်ပြိုကျခြင်း၊ ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

သဘာဝဘေးအန္တရာယ်ကြောင့် ပင်လယ်ကျေးရွာများဖြစ်သည့် ချောင်းကဖီးကျေးရွာတွင် နေအိမ်ခုနစ်လုံးပြိုကျ၊ ၁၅ လုံးပျက်စီးခြင်း၊ ကြိမ်နီတောင်ကျေးရွာတွင် နေအိမ်သုံးလုံးပျက်စီးခြင်း၊ ကလန်းချောင်းကျေးရွာတွင် နေအိမ်တစ်လုံးပျက်စီးခြင်း၊ ချောင်းကရုက်ကျေးရွာတွင် နေအိမ်သုံးလုံးပျက်စီးခြင်းနှင့် သစ်သားတံတားလေးစင်းပျက်စီးခြင်း၊ အုန်းတောကမ်း ကျေးရွာတွင် နေအိမ်လေးလုံး ပြိုကျပျက်စီးခြင်း၊ စတိန်ကျေးရွာတွင် နေအိမ်သုံးလုံးပျက်စီးခြင်း၊ သံဖုံးကျေးရွာတွင် နေအိမ်တစ်လုံးနှင့် သစ်သားတံတားတစ်စင်း ပျက်စီးခြင်း၊ မိကျောင်းချောင်းကျေးရွာတွင် နေအိမ်တစ်လုံးနှင့် သစ်သားတံတားတစ်စင်းပျက်စီးခြင်း၊ အညွှင်းဆုံကျေးရွာတွင် နေအိမ်လေးလုံးပျက်စီးခြင်း၊ ရေင်ကြီးကျေးရွာတွင် တံတားတစ်စင်းပျက်စီးခြင်း၊ အလယ်မန်ကျေးရွာ ရေလုပ်သားများနေထိုင်သည့် နေအိမ်တန်းလျားငါးလုံး ကြမ်းခင်းပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါသဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့် နေအိမ်များရှိ မိသားစုဝင်များအား သက်ဆိုင်ရာအုပ်ချုပ်ရေးနှင့် တာဝန်ရှိသူများက နီးစပ်ရာ ဆွေမျိုးများ၏နေအိမ်သို့ ယာယီပြောင်းရွှေ့ပေးပြီး ပျက်စီးခဲ့သည့် နေအိမ်များအား တာဝန်ရှိသူများက ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ထံမှ သိရသည်။

သန်းထွန်းဦး(ပြန်/ဆက်)

## ပုလော

တနင်္သာရီတိုင်းဒေသကြီး ထားဝယ် - မြိတ်- ကော့သောင်း ပြည်ထောင်စုလမ်းမပေါ်ရှိ ပုလောမြို့နယ်တွင် ကီလိုမီတာ ၆၈၁ မှ ကီလိုမီတာ ၆၈၃ အကြားရှိ တိုကျေးရွာ၊ ကဒဲကျေးရွာမှ ပဝတ်ကုန်းကျေးရွာအထိ ယနေ့နံနက်ပိုင်းက မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းမှု ဖြစ်ပေါ်ခဲ့ပြီး ပြည်ထောင်စုလမ်းမကြီးနှင့် လယ်ယာတချို့ ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုလမ်းမကြီး ကီလိုမီတာ ၆၈၁မှ ကီလိုမီတာ ၆၈၃ အကြားရှိ တိုကျေးရွာ၊ ကဒဲကျေးရွာမှ ပဝတ်ကုန်းကျေးရွာအထိ ပြည်ထောင်စုလမ်းမကြီးတွင် ရေကြီးရေလျှံမှုကြောင့် ကဒဲကျေးရွာ စာသင်ကျောင်း အဆောက်အအုံတစ်လုံး ရေမြုပ်မှုဖြစ်ပေါ်ခဲ့ကြောင်း သိရပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကူညီဆောင်ရွက်ပေးနေကြောင်း သိရသည်။

ပုလော(ပြန်/ဆက်)

## မြန်အောင်

မြန်အောင်မြို့နယ်အတွင်း ယနေ့ နံနက် ၅ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ညောင်ရွှေမြိုင်ကျေးရွာတွင် ဦးနိုင်မင်းထွန်း၏ နေအိမ်အမိုးလန်မှုဖြစ်ပွားခဲ့ကြောင်းနှင့် မြန်အောင်မြို့နယ် ငှက်ကြီးသိုက်ကျေးရွာတွင် နံနက် ၁၀ နာရီခွဲခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဒေါ်ခင်ရွှေ၏ နေအိမ်ပေါ်သို့ သစ်ပင်ပြိုလဲခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

ဝင်းဗိုလ် (ပြန်/ဆက်)

# COVID-19 ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များအား လိုက်နာခြင်းမရှိသောသူများကို ဆက်လက်အရေးယူလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၉**

COVID-19 ရောဂါ ကူးစက်နိုင်မှုဖြစ်နိုင်ခြေအများဆုံး အခြေအနေရှိပြီး သတ်မှတ်စည်းကမ်းချက်များအား လိုက်နာခြင်းမရှိသည့် KTV/Bar/ တရားမဝင်အနှိပ်ခန်း ဖွင့်လှစ်နေမှုများ၊ ညမထွက်ရအချိန် ကျော်လွန် သွားလာနေမှုများ၊ နှာခေါင်းစည်းမတပ်ဆင်ဘဲ သွားလာနေသူများကို ဆက်လက်စိစစ်အရေးယူဆောင်ရွက်မှုများ ပြုလုပ်နေကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

ယခုတစ်ပတ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးတွင် ပြည့်တန်ဆာအိမ် နှစ်အိမ်မှ ပိုင်ရှင်နှင့် ပြည့်တန်ဆာလုပ်ကိုင်သူ အမျိုးသမီးငါးဦးအားလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် တရားမဝင်အနှိပ်ခန်း တစ်ခန်းမှ ဆိုင်ဝန်ထမ်းနှင့် အနှိပ်သမ ၁၁ ဦးအား လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် တရားမဝင် KTV ဆိုင်တစ်ဆိုင်နှင့် အနှိပ်ခန်း သုံးခန်းတို့မှ ပိုင်ရှင်၊ ဆိုင်ဝန်ထမ်း၊ ဧည့်သည်နှင့် အကူသီဆိုသူ၊ အနှိပ်သမ ခုနစ်ဦးအား လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် တရားမဝင်အနှိပ်ခန်း တစ်ခန်းနှင့် ပြည့်တန်ဆာ အိမ်တစ်အိမ်တို့မှ ဆိုင်ဝန်ထမ်း၊ အနှိပ်သမ၊ ပြည့်တန်ဆာလုပ်ကိုင်သူ အမျိုးသမီး ၁၀ ဦးအားလည်းကောင်း ဖမ်းဆီးရမိခဲ့၍ သက်ဆိုင်ရာ မြို့နယ်များ၌ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူ ဆောင်ရွက်ထားရှိကြောင်း သိရသည်။


ထို့အတူ ပြည်နယ်/တိုင်းဒေသကြီးအသီးသီး၌ ညမထွက်ရအချိန် ကျော်လွန် သွားလာသူများကိုလည်း စိစစ်အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ရာ ရာဇသတ်ကြီး ပုဒ်မ-၁၈၈ ဖြင့် အရေးယူခဲ့ရသည့် အမှုပေါင်း ၂၄၂ မှုနှင့် ကျူးလွန်သူ အမျိုးသား ၄၂၄ ဦး၊ အမျိုးသမီး ၂၀၊ စုစုပေါင်း ၄၄၄ ဦးကို အရေးယူဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် နှာခေါင်းစည်း (Mask) မတပ်ဆင်ဘဲ သွားလာသူများကိုလည်း ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ-၁၅ ဖြင့် အရေးယူခဲ့ရသည့် အမှုပေါင်း ၂၀၄ မှုနှင့် ကျူးလွန်သူ အမျိုးသား ၁၅၄ ဦး၊ အမျိုးသမီး ၅၁ ဦး၊ စုစုပေါင်း ၂၀၅ ဦးကို အရေးယူ ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

စိစစ်ချက်များအရ သတ်မှတ်စည်းကမ်းချက်များ မလိုက်နာဘဲ ညမထွက်ရအချိန် ကျော်လွန် သွားလာမှုများ၊ နှာခေါင်းစည်း မတပ်ဆင်ဘဲ သွားလာမှုများကြောင့် အရေးယူရသည့်အမှုများ လျော့ကျသွားခြင်း မရှိကြောင်း တွေ့ရှိရသဖြင့် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။ **သတင်းစဉ်**

# ထားဝယ်၊ ကျေးသီး၊ လားရှိုးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၈ ရက် ညနေ ၆ နာရီတွင် ထားဝယ်မြို့ ဆန်းချီမြို့သစ်ရပ်ကွက် ကမြောကင်းလမ်းရှိ စားသောက်ဆိုင်သို့ ရောက်ရှိလာသူ အောင်ဆက်ပိုင်(ခ) ဝက်ကြီးနှင့် ဇော်ဟိန်း(ခ)သားကြီး တို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် ဆိုင်ကယ်တစ်စီးတို့ကို လည်းကောင်း။




ကျေးသီးမြို့နယ်၌ သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများအား တွေ့ရစဉ်။

အလားတူ ယင်းနေ့ နံနက် ၈ နာရီက ကျေးသီးမြို့မရဲခန်းမှ တပ်ဖွဲ့ဝင်များသည် ကျေးသီးမြို့ ဟိုခိုရပ်ကွက် ကျေးသီး-မိုင်းကိုင်သွားကားလမ်းတွင် မသင်္ကာဖွယ်ရပ်တန့်ထားသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ယာဉ်မောင်းကို မတွေ့ရှိရဘဲ ငွေကျပ် ၅၅၅၇ ဒသမ ၅ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ် ဆေးပြား ၅၅၅၇၅၀ ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေပိုင်းက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ ဝင်များသည် လားရှိုးမြို့နယ် ဟိုပိတ်ကျေးရွာအုပ်စု ကုန်းပေါင်း ကျေးရွာနေ မအားစီး၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၃၁၄၀၀၊ ဘိန်းဖြူ သုညဒသမ ၂၅ ကီလို၊ ငွေကျပ် ၁၀၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ဘရာဇီးနိုင်ငံတွင် ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ အရေအတွက် ၁၃၅၀၀၀ အထိရှိပြီဖြစ်

ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၁၉

**ဘရာဇီးနိုင်ငံ၌ စက်တင်ဘာ ၁၈ ရက်တွင် ကိုဗစ်- ၁၉ ကူးစက်ခံရမှုကြောင့် ထပ်မံသေဆုံးသူ ၈၅၈ ဦး ပေါ်ထွက်ခဲ့ရာ တစ်နိုင်ငံလုံး သေဆုံးသူအရေအတွက်စုစုပေါင်း ၁၃၅၇၉၃ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။**

ဘရာဇီးနိုင်ငံအတွင်း စက်တင်ဘာ ၁၈ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၃၉၇၉၇ ဦးကို စစ်ဆေးတွေ့ရှိခဲ့ရာ တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူအရေအတွက် စုစုပေါင်း ၄၄၉၅၁၈၃ ဦးအထိ ဖြစ်လာခဲ့သည်။

နိုင်ငံအတွင်း မကြာသေးမီရက်ပိုင်းအတွင်းမှာပင် ရောဂါကြောင့် နေ့စဉ်သေဆုံးသူအရေအတွက် လျော့ချနိုင်ရေးစီမံဆောင်ရွက်ချက်များ လုပ်ဆောင်ခဲ့ရာ ပြီးခဲ့သည့် တစ်ပတ်အတွင်း ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ၇၇၉ ဦး ရှိပြီး ယခင်ရက်သတ္တပတ်ကထက် ၉ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း သိရသည်။

နေ့စဉ်ရောဂါကူးစက်ခံရသူ အရေအတွက်မှာလည်း လျော့ကျခဲ့ကာ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ၃၁၀၉၇ ဦး ရှိခဲ့ပြီး ယခင်ရက်သတ္တနှစ်ပတ်ကနှင့်စာလျှင် ၂၂ ရာခိုင်နှုန်း လျော့ကျခဲ့သည်။

ဘရာဇီးနိုင်ငံရှိ လူဦးရေ အထူထပ်ဆုံးပြည်နယ်ဖြစ်သည့် ဆော်ပိုလိုတွင် ရောဂါကူးစက်ဖြစ်ပွားမှု အဆိုးဆုံး ခံစားရပြီး ရောဂါကူးစက်ဖြစ်ပွားသူ ၉၂၄၅၃၂ ဦးနှင့် သေဆုံးသူ ၃၃၆၇၈ ဦးအထိ ရှိကြောင်း သိရသည်။

ဆင်ဟွာ



ဘရာဇီးနိုင်ငံ ဆော်ပိုလိုလေဆိပ်၌ ကိုဗစ်- ၁၉ ကာကွယ်ရန် နှာခေါင်းစည်းတပ်ဆင်ထားကြသည့် လေဆိပ်ဝန်ထမ်းအချို့ကို တွေ့ရစဉ်။

# လာမည့်နှစ် ဧပြီလတွင် အမေရိကန်ပြည်သူတစ်ရပ်လုံးအတွက် ကိုဗစ်- ၁၉ ကာကွယ်ဆေး အလုံအလောက်ရရှိနိုင်မည်ဖြစ်ကြောင်း ဒေါ်နယ်ထရမ့်ပြော

**ဝါရှင်တန် စက်တင်ဘာ ၁၉**

လာမည့်နှစ် ဧပြီလတွင် အမေရိကန်နိုင်ငံသားများ အားလုံးအတွက် ကိုဗစ်- ၁၉ ကာကွယ်ဆေး အလုံအလောက်ရရှိနိုင်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားလိုက်သည်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

လစဉ် ကိုဗစ်- ၁၉ ကာကွယ်ဆေး သန်းပေါင်းရာချီ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သမ္မတထရမ့်က စက်တင်ဘာ ၁၉ ရက်တွင် အိမ်ဖြူတော်၌ ပြောကြားခဲ့သည်။

သို့ရာတွင် သမ္မတထရမ့်၏ ပြောကြားချက်မှာ အမေရိကန် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုဌာန ဒါရိုက်တာ ရောဘတ်ရက်ဒ်ဖီးလ်၏ ခန့်မှန်းချက်နှင့် ကွဲလွဲလျက်ရှိကြောင်း သိရသည်။

စက်တင်ဘာ ၁၆ ရက်က ကွန်ဂရက်လွှတ်တော် အစည်းအဝေးအတွင်း ရောဘတ်ရက်ဒ်ဖီးလ်က လာမည့် ၂၀၂၁ ခုနှစ်၏ ဒုတိယနှစ်ဝက်နှောင်းပိုင်း သို့မဟုတ် တတိယနှစ်ဝက်လောက်တွင် အမေရိကန်ပြည်သူများ ကာကွယ်ဆေးရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရောဘတ်ရက်ဒ်ဖီးလ်၏ ပြောကြားချက်ကို သမ္မတထရမ့်က သတင်းအမှားဖြစ်ကြောင်း ပြောဆိုခဲ့ကာ ယခုနှစ်ကုန်ပိုင်းတွင် ကာကွယ်ဆေးအခုရေ သန်း ၁၀၀ ထက်မနည်းကို ပြည်သူများသို့ ဖြန့်ဝေပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

နိုင်ငံရေးဆိုင်ရာ ဝေဖန်သူများက သမ္မတထရမ့်အနေဖြင့် ကိုဗစ်- ၁၉ ကာကွယ်ဆေးရရှိရေး ကတိကဝတ်ကို ရွေးကောက်ပွဲအနိုင်ရရှိစေမည့် မဲဆွယ်စည်းရုံးရေးလက်နက်တစ်ခုအဖြစ် အသုံးချနေဟန်ရှိကြောင်း ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

# ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဈေးနှုန်းချိုသာစွာဖြင့် လူတိုင်းရရှိနိုင်စေရေး ဂျီ-၂၀ နိုင်ငံများ အလေးပေး

**တိုကျို စက်တင်ဘာ ၁၉**

ဖွံ့ဖြိုးဆဲနိုင်ငံများအပါအဝင် နိုင်ငံများအားလုံးက ကိုဗစ်- ၁၉ ရောဂါကုသမှုနှင့် ကာကွယ်ဆေးများကို သက်သာသည့် ဈေးနှုန်းဖြင့် လူတိုင်းရရှိနိုင်စေရေး အာမခံနိုင်ရန်လိုအပ်ကြောင်း ဂျီ- ၂၀ နိုင်ငံများမှ ဘဏ္ဍာရေးနှင့် ကျန်းမာရေးဆိုင်ရာ အကြီးအကဲများက ပြောကြားခဲ့သည်။




ဂျီ- ၂၀ အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ အွန်လိုင်းအစည်းအဝေး ပြုလုပ်နေစဉ်။

ဂျီ-၂၀ အကြီးအကဲများသည် ပြီးခဲ့သည့် စက်တင်ဘာ ၁၇ ရက်က အွန်လိုင်းရုပ်သံမှတစ်ဆင့် ဆွေးနွေးပွဲပြုလုပ်ခဲ့ပြီးနောက် ပူးတွဲကြေညာချက်တစ်စောင်ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

ပုဂ္ဂလိက ကုမ္ပဏီများသည် ကိုဗစ်- ၁၉ ကာကွယ်ဆေး တီထွင်ထုတ်လုပ်နိုင်ရေး အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိပြီး ထွက်ပေါ်လာမည့် ကာကွယ်ဆေး၏ ဈေးနှုန်းများက သက်ဆိုင်ရာမူပိုင်ခွင့်ကို ထင်ဟပ်နိုင်ဖွယ်ရှိကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီး အာဆိုတာရိုက မှတ်ချက်ချခဲ့သည်။

ကာကွယ်ဆေး၏ ဈေးနှုန်းများ ကြီးမြင့်နိုင်မှုကြောင့် ပြည်သူအချို့ ဝယ်ယူနိုင်မည်မဟုတ်ကြောင်း ၎င်းက ပြောသည်။

ထို့ပြင် ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုတည်းက ဈေးကွက်ကို လက်ဝါးကြီးအုပ်ပြီး အကျိုးအမြတ် ရယူသွားမည်ကို ဂျီ- ၂၀ အဖွဲ့ဝင်နိုင်ငံများက တားဆီးကာကွယ်ရမည်ဟု ဂျပန်နိုင်ငံက အဆိုပြုခဲ့ကြောင်းနှင့် ဂျီ- ၂၀ အဖွဲ့ဝင်နိုင်ငံများက ယင်းကိစ္စကို မည်သို့ ဆောင်ရွက်သွားမည်ဆိုသည်နှင့် ပတ်သက်၍ ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း မစ္စတာ အာဆို၏ ပြောကြားချက်အရ သိရသည်။

အင်န်အိတ်ချ်ကေ

# အမေရိကန်က ဆီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်းသို့ စစ်လက်နက်များ ထပ်မံပေးပို့

**ဝါရှင်တန် စက်တင်ဘာ ၁၉**

အမေရိကန်က ရေဒါစနစ်များနှင့် သံချပ်ကာယာဉ်များကို ဆီးရီးယားအရှေ့မြောက်ပိုင်းဆီသို့ ထပ်မံချထားစေခဲ့ကြောင်း အမေရိကန်စစ်တပ်က စက်တင်ဘာ ၁၈ ရက်တွင် ပြောကြားခဲ့သည်။

ဒေသအတွင်း၌ အမေရိကန်နှင့် ဆီးရီးယား စစ်ဘက်ယာဉ်များအကြား မတော်တဆ တိုက်မိမှုတစ်ခု ဖြစ်ပွားခဲ့ပြီးနောက် ရက်သတ္တပတ်အနည်းငယ်အကြာတွင် အမေရိကန်က ထိုသို့လုပ်ဆောင်လာခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်၏ ယင်းလုပ်ဆောင်ချက်သည် ဆီးရီးယားအရှေ့ပိုင်း လုံခြုံရေးဧရိယာ (ESSA) အတွင်းရှိ မဟာမိတ်တပ်ဖွဲ့ဝင်များကို ကာကွယ်လိုသည့် ဖော်ပြချက်တစ်ခုဖြစ်ကြောင်းနှင့် အိုင်အက်စ်စစ်သွေးကြွများအား ဆက်လက်နှိမ်နင်းတိုက်ထုတ်မည့် စစ်ဆင်ရေးဆောင်ရွက်မှုကို အဟန့်အတားမရှိ လုပ်ဆောင်သွားနိုင်ကြောင်း အတိအလင်း ထုတ်ဖော်ပြသမှုတစ်ရပ်ဖြစ်ကြောင်း အမေရိကန်၏ ဖော်ပြချက်တွင် ပါရှိသည်။

ဆီးရီးယားအရှေ့မြောက်ပိုင်းတွင် နောက်ဆုံးဖြန့်ကြက်ခဲ့သည့် စစ်လက်နက်အင်အားစုများတွင် ဘရက်ဒလေ ယာဉ်ခြောက်စင်းနှင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀ နီးပါး ပါဝင်ကြောင်း ဖော်ပြထားပြီး အဆိုပါဖြန့်ကြက်မှုသည် ဩဂုတ်လနှောင်းပိုင်းက ဆီးရီးယားမြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် အမေရိကန်နှင့် ရုရှားစစ်ဘက်ယာဉ်များ မတော်တဆတိုက်မိမှုကိစ္စကို တုံ့ပြန်သည့်လုပ်ဆောင်ချက်တစ်ရပ်ဟု ယူဆရကြောင်း မီဒီယာအချို့တွင် ဖော်ပြသည်။

အဆိုပါ မတော်တဆဖြစ်ရပ်တွင် အမေရိကန်နှင့်ရုရှားက တစ်ဖက်နှင့်တစ်ဖက် အပြစ်တင်စွပ်စွဲမှုများ ပြုလုပ်ခဲ့ကြသည်။

ဆင်ဟွာ

# ဂျာမနီနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီး ကြော်ငြာခြင်းကို စည်းကမ်းထပ်မံတင်းကျပ်

ဘာလင် စက်တင်ဘာ ၁၉

ဂျာမနီနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထုတ်ကုန်များ ကြော်ငြာခြင်းကို နောက်ထပ် စည်းကမ်းတင်းကျပ်ရန်ရည်ရွယ်သည့် ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ကို ဂျာမနီအထက်လွှတ်တော်က စက်တင်ဘာ ၁၈ ရက်တွင် အတည်ပြုလိုက်ကြောင်း သိရသည်။

အထက်လွှတ်တော်၏ အတည်ပြုချက်အရလာမည့် ၂၀၂၁ ခုနှစ်မှ စတင်ကာ ရုပ်ရှင်များတွင် ဆေးလိပ်ကြော်ငြာခြင်းကို ပိတ်ပင်လိုက်သည့်အမိန့်နှင့် စတိုးဆိုင်ပြင်ပတွင် ဆေးလိပ်နမူနာများ အခမဲ့ဝေငှခြင်းကို ပိတ်ပင်သည့်အမိန့် စတင်သက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အဆောက်အအုံပြင်ပနေရာများဖြစ်ကြသည့် လမ်းဘေးကြော်ငြာဆိုင်းဘုတ်ကြီးများ သို့မဟုတ် ဘတ်စ်ကားမှတ်တိုင်များတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထုတ်ကုန်ပစ္စည်းများ ကြော်ငြာခြင်းကို ပိတ်ပင်သည့်အမိန့် ထုတ်ပြန်ချက်မှာ လာမည့် ၂၀၂၂ ခုနှစ်မှ စတင်သက်ရောက်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

လာမည့် ၂၀၂၄ ခုနှစ်တွင် အီလက်ထရွန်နစ် စီးကရက်ကြော်ငြာများအပါအဝင် ဆေးရွက်ကြီးအပူပေးကိရိယာများပါဝင်သည့် ကြော်ငြာများကိုပါ ပိတ်ပင်သည့်အမိန့် စတင်သက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေသည် ဖြစ်ရာ ကျန်းမာရေးနှင့် လူငယ်များအား ကာကွယ်ရန် ပိုမိုစည်းကမ်းတင်းကျပ်ရခြင်းဖြစ်ကြောင်း ဂျာမနီအစိုးရက ပြောကြားလိုက်သည်။

ဆင်ဟွာ

# အမေရိကန်နိုင်ငံတွင် စက်တင်ဘာ ၂၀ ရက်မှစတင်ကာ TikTok နှင့် WeChat ရယူသုံးစွဲမှုများ ပိတ်ပင်သွားမည်




**ဝါရှင်တန် စက်တင်ဘာ ၁၉**

အမေရိကန်ပြည်ထောင်စုတွင် စက်တင်ဘာ ၂၀ ရက်မှ စတင်ကာ တရုတ်နိုင်ငံသားပိုင် မိုဘိုင်းအက်ပလီကေးရှင်းများဖြစ်သည့် Tik Tok နှင့် WeChat တို့ ရယူသုံးစွဲမှုများကို တားမြစ်သွားမည်ဟု အမေရိကန်အစိုးရက ပြောသည်။

အမေရိကန် ကုန်သွယ်ရေးဌာနက စက်တင်ဘာ ၁၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်သည်ဟုဆိုကာ ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ အက်ပလီကေးရှင်းများအား ဆန့်ကျင်သည့်အမိန့်ကို ဩဂုတ်လအတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လက်မှတ်ရေးထိုးခဲ့သည်။

အမေရိကန်နိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်များအား တရုတ်နိုင်ငံက စုဆောင်းနေမှုများကို နှိမ်နင်းရန် ပြတ်သားသည့် လုပ်ဆောင်မှုများ ပြုလုပ်သွားမည်ဟု ကုန်သွယ်ရေးဝန်ကြီး ဝေလ်ဘာရို့စ်က ပြောသည်။

TikTok အသုံးပြုသူများနှင့် အဆိုပါဗီဒီယိုများ မျှဝေခြင်းကို နိုဝင်ဘာ ၁၂ ရက်တွင် ပိတ်ပင်သွားမည်ဟု ကုန်သွယ်ရေးဌာနက ပြောသည်။ တရုတ်အစိုးရကမူ အမေရိကန်၏ ပိတ်ပင်မှုကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။ အမေရိကန်နိုင်ငံ၏ အပြုအမူသည် အပြည်ပြည်ဆိုင်ရာရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို လျော့ပါးသွားစေပြီး ပုံမှန်စီးပွားရေးလုပ်ရှားမှုများကို နှောင့်ယှက်ဖျက်ဆီးရာရောက်သည်ဟု စက်တင်ဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ သတင်းအချက်အလက်နည်းပညာနယ်ပယ်တွင် ထိန်းချုပ်မှုများကို အမေရိကန်သမ္မတ ထရမ့်အစိုးရက တင်းကျပ်ခဲ့ပြီးနောက် တရုတ်နှင့် အမေရိကန်တို့အကြား စိတ်ဝမ်းကွဲမှုများမှာ ပိုပြီးပြင်းထန်လာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

---

## လစ်ဗျားကြားဖြတ်အစိုးရ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်လိုဟုဆို

**ထရီပိုလီ စက်တင်ဘာ ၁၉**

ကုလသမဂ္ဂက အသိအမှတ်ပြုထားသည့် လစ်ဗျားအစိုးရအဖွဲ့ အကြီးအကဲက လာမည့်လကုန်လျှင် ရာထူးမှ နုတ်ထွက်လိုသည်ဟု ပြောကြားခဲ့သည်။ ထို့ကြောင့် တိုင်းပြည်အတွင်း ပဋိပက္ခကို အဆုံးသတ်စေမည့် ဆွေးနွေးညှိနှိုင်းမှုများအပေါ် ရိုက်ခတ်မှုရှိလာမည်ကို စိုးရိမ်နေကြရသည်။

အောက်တိုဘာလမကုန်မီ ဝန်ကြီးချုပ်ရာထူးနှင့် ၎င်း၏ တာဝန်များကို နောက်ထပ်ပုဂ္ဂိုလ်တစ်ဦးထံ လွှဲပြောင်းပေးသွားနိုင်ရေး မျှော်လင့်ထားသည်ဟု စက်တင်ဘာ ၁၆ ရက်တွင် ပြောကြားသည့် ရုပ်မြင်သံကြားမိန့်ခွန်းတွင် ကြားဖြတ်အစိုးရဝန်ကြီးချုပ် ဖာယက်ဇ်အယ်လ်ဆာရက်ဂျ်က ပြောသည်။

လစ်ဗျားနိုင်ငံတွင် ၂၀၁၁ ခုနှစ်က အာဏာရှင် မူအမ်မာအယ်ကဒါဖီကို ဖြုတ်ချခဲ့ပြီးသည့် အချိန်မှစတင်ကာ အနောက်ပိုင်းနှင့် အရှေ့ပိုင်းဟု နှစ်ပိုင်းကွဲကာ ပဋိပက္ခများ ဖြစ်ပွားလျက်ရှိသည်။ ဆာရက်ဂျ်သည် မြို့တော်ထရီပိုလီတွင် ရုံးစိုက်သည့် အနောက်ပိုင်း ကြားဖြတ်အစိုးရအဖွဲ့ ခေါင်းဆောင်လည်း ဖြစ်သည်။ လစ်ဗျားနိုင်ငံ အရှေ့ပိုင်းကို ခါလစ်ဖာဟတ်ဖ်တာ ဦးဆောင်သည့်အဖွဲ့က ထိန်းချုပ်ထားသည်။ ခါလစ်ဖာဟတ်ဖ်တာကို အီဂျစ်နှင့် အခြားသောနိုင်ငံများက ထောက်ပံ့ပေးလျက်ရှိသည်။ ဆာရက်ဂျ်သည် ကြားဖြတ်အစိုးရအဖွဲ့ကို ငါးနှစ်ကြာ ဦးဆောင်ခဲ့သူဖြစ်ပြီး ကုလသမဂ္ဂက ကမကထပြုကာ ပြုလုပ်ပေးနေသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ အထမြောက်အောင်မြင်လာစေရေး ကြိုးပမ်းဆောင်ရွက်နေသူလည်း ဖြစ်သည်။

ပြီးခဲ့သည့်နှစ်အတွင်း ဟတ်ဖ်တာ၏ တပ်ဖွဲ့များသည် မြို့တော်ထရီပိုလီအထိ ချီတက်လာနိုင်ခဲ့သော်လည်း တူရကီ၏ ထောက်ပံ့ပေးမှုများဖြင့် ဆာရက်ဂျ်ဦးဆောင်သည့် ကြားဖြတ်အစိုးရက ၎င်းတို့ကို ပြန်လည်တွန်းလှန်နိုင်ခဲ့သည်။ ဩဂုတ်လအတွင်း ကြားဖြတ်အစိုးရအဖွဲ့က အပစ်အခတ်ရပ်စဲရေးကို ရုတ်တရက် ကြေညာခဲ့သည်။ ကုလသမဂ္ဂနှင့် အခြားသောနိုင်ငံများက လစ်ဗျားနိုင်ငံတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ အထမြောက် အောင်မြင်စေရေး ကြိုးစားလုပ်ကိုင်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**



လစ်ဗျားကြားဖြတ်အစိုးရဝန်ကြီးချုပ် ဖာယက်ဇ်အယ်လ်ဆာရက်ဂျ်

---

## နယူးယောက်ပြည်နယ် ပါတီပွဲတစ်ခုတွင် ပစ်ခတ်မှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး ၁၄ ဦး ဒဏ်ရာရ

**နယူးယောက် စက်တင်ဘာ ၁၉**


အမေရိကန်နိုင်ငံ နယူးယောက်ပြည်နယ် ရိုချက်စတာမြို့၌ အိမ်နောက်ဖေး ဥယျာဉ်အတွင်း ကျင်းပသည့် ပါတီပွဲတစ်ခုတွင် စက်တင်ဘာ ၁၉ ရက်က ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ရဲအရာရှိတစ်ဦးက ပြောသည်။

ပါတီအတွင်း ပစ်ခတ်မှုဖြစ်ပွားသဖြင့် လူ ၁၀၀ နီးပါးမှာ ကြောက်လန့်တကြားအရပ်ရပ်သို့ ထွက်ပြေးသွားကြသည်ဟု အခင်းဖြစ်ပွားရာ မြင်ကွင်းကို အစီရင်ခံထားသည်။ ၁၆ ဦး သေနတ်ဖြင့် ပစ်ခတ်ခံရခြင်းဖြစ်ပြီး နှစ်ဦးမှာ သေနတ်ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ရသည်ဟု ယာယီရဲအရာရှိချုပ် မာ့ခ်ဆင်မွန် က သတင်းထောက်များကို ပြောသည်။

သေဆုံးသွားကြသူများမှာ အသက် ၁၈ နှစ်နှင့် ၂၂ နှစ်အကြား အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး ဖြစ်ကြသည်။ ဒဏ်ရာရရှိသူ ၁၄ ဦးကို ဆေးရုံသို့ ခေါ်ဆောင်သွားခဲ့ပြီး ၎င်းတို့အားလုံးတွင် အသက်အန္တရာယ်စိုးရိမ်ဖွယ်ရာမရှိဟု သိရသည်။

ယခုအချိန်အထိ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိခြင်း မရှိသကဲ့သို့ ပစ်ခတ်သူမှာ တစ်ဦးတည်း ပစ်ခတ်ခြင်းလား သို့မဟုတ် အဖွဲ့လိုက်ကျူးလွန်ခြင်းလားဆိုသည်ကိုမူ မသိရသေးပေ။

**အေအက်ဖ်ပီ**



ရိုချက်စတာမြို့ ပစ်ခတ်မှုဖြစ်ပွားရာနေရာကို တွေ့ရစဉ်။

---

## အိန္ဒိယနိုင်ငံတွင် ကာကွယ်ဆေးစမ်းသပ်ထုတ်လုပ်မှုပေါင်း ၃၀ ရှိဟု အစိုးရပြော

**နယူးဒေလီ စက်တင်ဘာ ၁၉**

အိန္ဒိယနိုင်ငံတွင် နိုင်ငံအတွင်း ကာကွယ်ဆေးစမ်းသပ်ထုတ်လုပ်မှုပေါင်း ၃၀ ခန့်ရှိပြီး အဆိုပါကာကွယ်ဆေးထုတ်လုပ်မှုများမှာ အဆင့်အမျိုးမျိုးသို့ ရောက်ရှိနေပြီဟု အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၈ ရက်တွင် ပြောကြားခဲ့သည်။ အဆိုပါကာကွယ်ဆေးများအနက် အချို့မှာ လက်တွေ့စမ်းသပ်မှုအဆင့်သို့ ရောက်ရှိနေပြီး အချို့မှာမူ ယင်းအဆင့်သို့ မရောက်သေးပေ။ ကာကွယ်ဆေးသုံးမျိုးမှာ စမ်းသပ်မှုအဆင့် ၁ ၊ ၂ ၊ ၃ သို့ တိုးတက်ရောက်ရှိခဲ့ပြီး လေးခုမှာ လက်တွေ့စမ်းသပ်ခြင်းမတိုင်မီအဆင့်သို့ရောက်ရှိနေပြီဟု ပြည်ထောင်စုကျန်းမာရေးဝန်ကြီး ဟာရက်ရှ်ဘာ့ဟန်က ပြောသည်။

ကာကွယ်ဆေးတစ်မျိုးမှာ လာမည့်နှစ်အစောပိုင်းတွင် ရရှိနိုင်ဖွယ်ရှိသည်ဟု ကျန်းမာရေးဝန်ကြီးက ပြောသည်။ ကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေးဖြန့်ဖြူးခြင်းလုပ်ငန်းများနှင့် စပ်လျဉ်းသည့်ကိစ္စများကို အဆင့်မြင့်ကျွမ်းကျင်သူအုပ်စုများက လေ့လာမှုများ ပြုလုပ်နေသည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံတွင် ကိုဗစ် - ၁၉ နေ့စဉ်ကူးစက်မှုနှုန်းမှာ တစ်နေ့ထက်တစ်နေ့ တိုးလာလျက်ရှိသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာနှင့်ကြည့်လျှင် အိန္ဒိယနိုင်ငံသည် ဒုတိယမြောက် ကိုဗစ် - ၁၉ ကူးစက်မှုအများဆုံးနိုင်ငံ ဖြစ်သည်။

**ဆင်ဟွာ**

---

## ဂျပန်နိုင်ငံတွင် အသက် ၁၁၇ နှစ်အရွယ် အမျိုးသမီးကြီးမှာ အသက်အကြီးဆုံးအဖြစ် စံချိန်တင်

**တိုကျို စက်တင်ဘာ ၁၉**

ဂျပန်နိုင်ငံ လူမှုဖူလုံရေးဝန်ကြီးဌာန၏ တွက်ချက်မှုအရ နိုင်ငံအနောက်တောင်ပိုင်းမြို့ ဖူကူအိုကာတွင် နေထိုင်သည့်အမျိုးသမီးကြီးသည် ဂျပန်နိုင်ငံ၏ အသက်အကြီးဆုံး အမျိုးသမီးအဖြစ် စံချိန်တင်ခဲ့သည်။ ၎င်းမှာ ကမ္ဘာပေါ်တွင် သက်ရှိထင်ရှား အသက်အကြီးဆုံးပုဂ္ဂိုလ်အဖြစ် ဂင်းနက်စ်စံချိန်တင်ခဲ့သူလည်း ဖြစ်သည်။ တာနာကာကာနီဆိုသည့် အမျိုးသမီးကြီးသည် ၁၉၀၃ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် မွေးဖွားခဲ့ကာ အသက် ၁၁၇ နှစ်နှင့် ၂၆၁ ရက်ရှိပြီး ဖြစ်သည်။

ယခင် ဂျပန်နိုင်ငံတွင် အသက်အကြီးဆုံးအဖြစ် စံချိန်တင်ထားသည့် တာဂျီမာနာဘီမှာ ၂၀၁၈ ခုနှစ်တွင် သေဆုံးသွားပြီဖြစ်ပြီး ဝန်ကြီးဌာန၏ တွက်ချက်မှုအရ တာနာကာကာနီသည် ၎င်းထက် အသက်တစ်ရက် ပိုကြီးသွားပြီဖြစ်သည်။ တာနာကာသည် ယခုအခါတွင် စောင့်ရှောက်ရေးဂေဟာ၌ နေထိုင်လျက်ရှိသည်။ ၎င်းသည် ချောကလက်နှင့် အမြှုပ်ထသည့် အချိုရည်များကို ကြိုက်နှစ်သက်သည်။ ကိုဗစ်- ၁၉ ကြောင့် ၎င်း၏ မိသားစုဝင်များနှင့် ပုံမှန်တွေ့ဆုံခြင်း မလုပ်နိုင်ပေ။ ၎င်းသည် အသက် ၁၂၀ အထိတိုင် ကျန်းကျန်းမာမာ နေထိုင်နိုင်သည်ဟု မျှော်လင့်ထားကြသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ကိုဗစ် - ၁၉ ကူးစက်မှုနှုန်း တိုးနေသည့်အတွက် ကန့်သတ်မှုအသစ်များ ပြုလုပ်ရန် လိုအပ်ဟု အာဒိုဂန်ပြော

**အန်ကာရာ စက်တင်ဘာ ၁၉**

လွန်ခဲ့သည့်လက တိုင်းပြည်အတွင်း ကိုဗစ် - ၁၉ နေ့စဉ်ကူးစက်မှုနှုန်းမှာ တိုးနေသည့်အတွက် ရောဂါထိန်းချုပ်ရေးအတွက် ပြည်သူများအပေါ်ကန့်သတ်မှုများ တိုးမြှင့်လုပ်ဆောင်သွားရန် လိုအပ်သည်ဟု တူရကီသမ္မတရီဆက်တေရစ်အာဒိုဂန်က စက်တင်ဘာ ၁၈ ရက်တွင် ပြောကြားခဲ့သည်။

လတ်တလောတွင် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး၌ ခရီးသွားလိုက်ပါမှုနှုန်းကို အာဏာပိုင်များက ကန့်သတ်ထားသည်။ ထို့ပြင် နိုင်ငံတစ်ဝန်း စားသောက်ဆိုင်များ၊ ဘားများ၊ ကော်ဖီဆိုင်များကိုလည်း ကန့်သတ်မှုအသစ်များ ထုတ်ပြန်ထားသည်။ အန်ကာရာတွင် မင်္ဂလာဆောင်များနှင့် အခြားသောပွဲအခမ်းအနားများနှင့် လဟာပြင်တွင် ကျင်းပသည့်ပွဲများကို ကန့်သတ်ထားပြီး အခြားသောပွဲတော်များ ကျင်းပခြင်းကိုလည်း ကန့်သတ်ထားသည်။

တူရကီနိုင်ငံတွင် စက်တင်ဘာ ၁၇ ရက်က ကူးစက်ခံရသူ ၁၆၄၈ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် စုစုပေါင်း ကူးစက်ခံရသူနှုန်းမှာ ၂၉၈၀၃၉ ဦးရှိလာပြီဖြစ်သည်။ **ဆင်ဟွာ**

### ရာသီဥတုအရေးလှုပ်ရှားသူ လူငယ်များအဖွဲ့က စက်တင်ဘာ ၂၅ ရက်မှစတင်ကာ ဆန္ဒထုတ်ဖော်မှုများ ပြန်လည်စတင်မည်

**စတော့ဟုမ်း စက်တင်ဘာ ၁၉**

ကမ္ဘာကြီးပူနွေးလာမှုအပေါ် ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်ပေးရန် တောင်းဆိုနေသည့် ဆွီဒင်ဆယ်ကျော်သက် ဂရီတာသွန်းဘတ်နှင့် အခြားသော ရာသီဥတုအရေး တက်ကြွလှုပ်ရှားသူ လူငယ်များအဖွဲ့က လာမည့် စက်တင်ဘာ ၂၅ ရက်မှ စတင်ကာ ကမ္ဘာတစ်ဝန်း ဆန္ဒထုတ်ဖော်မှုများ ပြန်လည်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၁၈ ရက်တွင် ပြုလုပ်သည့် အွန်လိုင်းသတင်းစာရှင်းလင်းပွဲ၌ Fridays For Future အဖွဲ့ဝင်ရှစ်ဦးက ၎င်းတို့ ချမှတ်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ပတ်သက်၍ အကြမ်းဖျင်း ဖော်ပြခဲ့သည်။ အသက် ၁၇ နှစ်ရှိပြီဖြစ်သည့် ရာသီဥတုအရေး တက်ကြွလှုပ်ရှားသူ ဂရီတာသွန်းဘတ်သည် ရာသီဥတုအရေးကို တစ်ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ်အဖြစ် ခံယူထားသူဖြစ်သည်။ ကိုဗစ်– ၁၉ ကူးစက်မှု အခြေအနေအပေါ်မူတည်ကာ ဆန္ဒပြပွဲပုံစံများလည်း အမျိုးမျိုးဖြစ်နိုင်ကြောင်း တက်ကြွလှုပ်ရှားသူ လူငယ်များက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ကမ္ဘာ့နိုင်ငံအသီးသီးက ကိုဗစ် – ၁၉ ထိန်းချုပ်ရန် ကြိုးစားနေချိန် ကိုဗစ် – ၁၉ ကူးစက်သူ ငါးသန်းကျော်ရှိလာသည့် အိန္ဒိယနိုင်ငံ

**ထွန်းသစ်စ**

**ကိုဗစ်– ၁၉ကို ကမ္ဘာတစ်ဝန်းလုံး ထိတ်ထိတ်ပျာပျာနဲ့ ရင်ဆိုင်နေရတဲ့အချိန်မှာ အိန္ဒိယနိုင်ငံရဲ့ ကိုဗစ်– ၁၉ ကူးစက်မှုဟာ စက်တင်ဘာ ၁၈ ရက်က ၅ ဒသမ ၂ သန်း ကျော်လွန်လာခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်းလုံး ကိုဗစ်– ၁၉ ကူးစက်ခံရသူအရေအတွက်ဟာ သန်း ၃၀ နီးပါး အလျင်အမြန်ရောက်ရှိလာချိန်မှာ လွန်ခဲ့တဲ့နှစ်က တရုတ်မှာ စတင်ဖြစ်ပွားလာတဲ့ ကိုဗစ်– ၁၉ ကြောင့် သေဆုံးသူဟာလည်း ၉၃၆၀၀၀ ကျော် ရှိလာခဲ့ပါတယ်။ ကမ္ဘာ့စီးပွားရေးဟာလည်း ကျဆင်းပြီးတော့ ကမ္ဘာ့နိုင်ငံအသီးသီးကလည်း ကိုဗစ်– ၁၉ ကူးစက်မှုကို ထိန်းသိမ်းဖို့ ကြိုးစားပမ်းစားလုပ်ဆောင်နေကြပါတယ်။**



အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် ကိုဗစ်– ၁၉ ဖြစ်ပွားနေချိန် ပြည်သူများ ဘတ်စ်ကားပေါ်တက်ရန် တန်းစီစောင့်ဆိုင်းနေကြစဉ်။

### အမြန်ဆုံးနှုန်းနဲ့ကူးစက်

လူဦးရေ ၁ ဒသမ ၃ ဘီလီယံမီတင်းနေထိုင်တဲ့ အိန္ဒိယနိုင်ငံရဲ့ နေ့စဉ် ကိုဗစ်– ၁၉ ကူးစက်မှုနှုန်းဟာ ကမ္ဘာပေါ်မှာ အမြန်ဆုံးနှုန်းနဲ့ ကူးစက်ခဲ့တာ ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှာ ကိုဗစ် –၁၉ ဖြစ်ပွားသူပေါင်းဟာ ၅၂၁၄၆၇၇ ဦးအထိ ရှိလာပြီး သေဆုံးသူ အရေအတွက်ဟာလည်း ၈၄၄၀၄ ဦးအထိ ရှိလာပါတယ်။ အစ္စရေးနိုင်ငံမှာတောင် ကိုဗစ်– ၁၉ တစ်ကျော့ပြန် ပေါ်ပေါက်လာတဲ့အတွက် စက်တင်ဘာ ၁၁ ရက်က ဒုတိယအကြိမ် အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေ ပြန်လည်ချမှတ်ခဲ့ရပါတယ်။

ယူကရိန်းနဲ့ ဘီလာရုစ်နိုင်ငံတွေမှာလည်း ရဟူဒီဘုရားဖူးလာသူတွေဟာ ကိုဗစ်– ၁၉ ဆိုင်ရာ ကန့်သတ်ချက်တွေကြောင့် ကိယက်ဗ်ကို ဝင်ခွင့်မရဘဲ နယ်စပ်တွေမှာ ပိတ်မိနေပါတယ်။ မိမိတို့အနေနဲ့ ကိုဗစ်– ၁၉ နဲ့ ပတ်သက်တဲ့ အခြေအနေတွေနဲ့ ညွှန်ကြားချက်တွေကို လိုက်နာဖို့ အဆင်သင့်ပါပဲ။ ဝင်ခွင့်သာပြုပါလို့ ဘုရားဖူးလာသူတစ်ဦးက ပြောကြားခဲ့ပါတယ်။

### ကန့်သတ်မှုတွေ ဖြေလျှော့၊ ကူးစက်မှုတွေ ပိုတိုး

ကိုဗစ်– ၁၉ ကူးစက်ပျံ့နှံ့မှုဟာ အိန္ဒိယနိုင်ငံကဲ့သို့သော တချို့ကမ္ဘာ့နေရာတွေမှာ အရှိန်ကောင်းကောင်းနဲ့ တိုးနေပါတယ်။ ၁၁ ရက်တာကာလအတွင်း ကိုဗစ်– ၁၉ တွေ့ရှိမှုဟာ သန်းချီရှိခဲ့ပါတယ်။ တချို့ကျွမ်းကျင်သူတွေကတော့ ကိုဗစ်– ၁၉ ကူးစက်မှုဟာ အခုလို လူဦးရေအလွန်များတဲ့ အိန္ဒိယလို နိုင်ငံမျိုးမှာ ဒီထက်ပိုနိုင်သေးတယ်လို့ သတိပေးပြောကြားခဲ့ပါတယ်။ အိန္ဒိယနိုင်ငံမှာ ယိုင်နဲ့နဲ့ဖြစ်နေတဲ့ စီးပွားရေးကို နာလန်ထူအောင်ကူညီတဲ့အနေနဲ့ ကန့်သတ် ပိတ်ဆို့မှုတွေကို လျှော့ချပေးလိုက်တဲ့နောက်ပိုင်းမှာ အခုလို ကူးစက်မှုတွေ ပိုပြီးတိုးလာတာ ဖြစ်ပါတယ်။

လူတွေဟာ ကန့်သတ်ထိန်းချုပ်မှုတွေအပေါ် သတိတရားအလွန်အမင်းထားနေရတဲ့အတွက် တစ်ခါတလေမှာ အကြောက်တရားတွေပျောက်ဆုံးခြင်း သို့မဟုတ် အလွန်ပင်ပန်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ သူတို့ဟာ ဒီထဲကရုန်းထွက်ချင်ကြပြီး ပုံမှန်စားသောက်နေထိုင်တဲ့ဘဝကို လိုချင်နေကြပါတယ်လို့ နယူးဒေလီအခြေစိုက် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက အေအက်ဖ်ပီသို့ ပြောကြားလိုက်ပါတယ်။

### ကာကွယ်ဆေးရဖို့ အလျင်အမြန်ကြိုးစား

သိပ္ပံပညာရှင်တွေကလည်း ထိရောက်တဲ့ကာကွယ်ဆေးရရှိဖို့ အလျင်အမြန် ကြိုးစားဆောင်ရွက်နေကြပါတယ်။ အဲဒီလို ကြိုးစားဆောင်ရွက်နေတဲ့အခါမှာ အဖွဲ့ကိုးဖွဲ့ဟာ နောက်ဆုံးစမ်းသပ်မှုအဆင့်ကို ရောက်ရှိနေကြပြီလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ သတင်းအချက်အလက်တွေအရ သိရပါတယ်။

အမေရိကန်ပြည်ထောင်စုဟာ ကာကွယ်ဆေးထွက်ပေါ်လာတာနဲ့ ကာကွယ်ဆေးပမာဏ သန်းချီဝယ်ယူဖို့ ပြောကြားထားတဲ့ ချမ်းသာတဲ့နိုင်ငံတွေကို ဦးဆောင်ပြီး ဆင်းရဲတဲ့ နိုင်ငံတွေကိုလည်း ကာကွယ်ဆေးညီတူညီမျှ ဖြန့်ဝေပေးဖို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကို တိုက်တွန်းထားပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ ချဉ်းကပ်ဆောင်ရွက်မှုအပေါ် ဥရောပသမဂ္ဂအကြီးအကဲ အာဆူလာဗွန်ဒါလီယန်က ဥရောပဟာ ကိုဗစ်– ၁၉ ကာကွယ်ဆေးဖော်ထုတ်တဲ့နေရာမှာ ကမ္ဘာကြီးကို ဦးဆောင်နေကြောင်းနဲ့ ဥရောပအနေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကဲ့သို့သော တခြားအဖွဲ့အစည်းတွေကိုလည်း ထောက်ပံ့မှုတွေ လုပ်ဆောင်ထားကြောင်း ပြောကြားလိုက်ပါတယ်။

**"အမေရိကန်ပြည်ထောင်စုဟာ ကာကွယ်ဆေး ထွက်ပေါ်လာတာနဲ့ ကာကွယ်ဆေးပမာဏ သန်းချီဝယ်ယူဖို့ ပြောကြားထားတဲ့ ချမ်းသာတဲ့ နိုင်ငံတွေကိုဦးဆောင်ပြီး ဆင်းရဲတဲ့နိုင်ငံတွေကိုလည်း ကာကွယ်ဆေးညီတူညီမျှ ဖြန့်ဝေပေးဖို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကို တိုက်တွန်းထားပါတယ်"**

### အားလုံးဘေးကင်းမှ မိမိတို့လည်းဘေးကင်းမယ်

အားလုံးဘေးကင်းစိတ်မချနိုင်သေးသရွေ့ မိမိတို့တွေလည်း ဘယ်သူမှ စိတ်ချလက်ချရှိမှာမဟုတ်ကြောင်း ဥရောပသမဂ္ဂအကြီးအကဲက ပြောကြားလိုက်ပါတယ်။ ကာကွယ်ဆေးကို အမျိုးသားရေးအတွက်လုပ်ဆောင်ခြင်းဟာ အန္တရာယ်ဖြစ်စေပြီး ကာကွယ်ဆေးကို ပူးပေါင်းလုပ်ဆောင်ခြင်းကတော့ မိမိတို့အားလုံးကို ကယ်တင်နိုင်မှာဖြစ်တယ်လို့ သူက ဆက်လက်ပြီးတော့ ပြောကြားလိုက်ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရေးပေါ်ညွှန်ကြားရေးမှူး မိုက်ကယ်ရန်က ဥရောပနိုင်ငံတွေကို ပြောကြားရာမှာ ဆောင်းတွင်းကို တဖြည်းဖြည်း ဝင်ရောက်လာပြီဖြစ်တဲ့အတွက် တစ်ဦးတစ်ယောက်တည်းကောင်းကျိုးကို မကြည့်ဘဲ အားနည်းသူတွေကို ကာကွယ်နိုင်ရေး ခက်ခဲတဲ့ ဆုံးဖြတ်ချက်တွေ ချကြည့်ဖို့ ပြောကြားထားပါတယ်။

### ကိုဗစ် – ၁၉ ထပ်မံ ကူးစက်မှုတိုးလာ

ကိုဗစ်– ၁၉ ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ပြီးတဲ့နောက်မှာ ကန့်သတ်ချက်တွေကို စတင်ဖြေလျှော့ပေးခဲ့တဲ့ ဥရောပနိုင်ငံ အတော်များများ နောက်တစ်ကြိမ် ကိုဗစ်– ၁၉ ထပ်မံတိုးလာတဲ့အခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်။

စပိန်နိုင်ငံ မက်ဒရစ်မှာဆိုရင် လူစုလူဝေးပမာဏ ကန့်သတ်ခြင်းမျိုးကိုပါ စဉ်းစားခဲ့ရကြောင်း လက်ထောက်ကျန်းမာရေးအကြီးအကဲ အန်တိုနီယို ဇာပါတီယိုက ပြောကြားလိုက်ပါတယ်။

ဒိန်းမတ်နိုင်ငံမှာဆိုရင်လည်း ကန့်သတ်ချက်အသစ်တွေကို ကြေညာလိုက်ပါပြီ။ အဲဒီလိုကန့်သတ်ချက်တွေထဲမှာ ဘားတွေ၊ စားသောက်ဆိုင်တွေရဲ့ အချိန်တွေကို ကန့်သတ်လျှော့ချခြင်းနဲ့ ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်းဆိုင်ရာတွေနဲ့ လူစုလူဝေး မပြုလုပ်ရေးတွေပါ ပါဝင်ကြပါတယ်။

ဗြိတိသျှလေကြောင်းလိုင်း အကြီးအကဲ အဲလက်ခရုဇ်ကလည်း စက်တင်ဘာ ၁၆ ရက်က အလုပ်အကိုင် အကြီးအကျယ်လျှော့ချမှုမှ ကာကွယ်ခဲ့ပါတယ်။ ခရီးသွားတွေဟာ ခရီးသွားလာရတာကိုတောင် ကြောက်လာနေတယ်လို့ သူကပြောကြားလိုက်ပါတယ်။

### ကမ္ဘာ့ခရီးသွားကဏ္ဍ ဒေါ်လာ ၄၆၀ ဘီလီယံ အရှုံးပေါ်

ကုလသမဂ္ဂက ကိုဗစ်– ၁၉ ကြောင့် ၂၀၂၀ ပြည့်နှစ် ပထမခြောက်လအတွင်းမှာ ကမ္ဘာ့ခရီးသွားကဏ္ဍကို အမေရိကန်ဒေါ်လာ ၄၆၀ ဘီလီယံဆုံးရှုံးစေခဲ့တယ်လို့ ပြောကြားလိုက်ပါတယ်။ ဖီဖာကလည်း ကမ္ဘာတစ်ဝန်း အားကစားကဏ္ဍမှာ အရှုံးပေါ်မှုဟာ အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံလောက်ရှိတယ်လို့ ပြောခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စုဟာ ကမ္ဘာပေါ်မှာ ကိုဗစ်– ၁၉ ကူးစက်မှုနဲ့ သေဆုံးမှုဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့်ပဲ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ ကိုဗစ်– ၁၉ ဆိုင်ရာ ကိုင်တွယ်ဖြေရှင်းမှုနဲ့ပတ်သက်ပြီး ဝေဖန်မှုတွေ ခံနေရဆဲရှိပါသေးတယ်။

### ကာကွယ်ဆေးရမှ ရတက်အေးမယ်

လွန်ခဲ့တဲ့ အင်္ဂါနေ့ကတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကာကွယ်ဆေးကို တစ်လအတွင်းရမယ်လို့ ပြောကြားလိုက်ပါတယ်။ ဒါဟာလည်း သူ့ရဲ့ အကောင်းမြင်ပြီး ခန့်မှန်းမှုတစ်ခု ဖြစ်ပါတယ်။

သို့သော်လည်း ကျွမ်းကျင်သူတွေကတော့ အမေရိကန်အဖွဲ့အစည်းတွေက ကာကွယ်ဆေးတွေကို ထောက်ခံအတည်ပြုပြီး ဖြန့်ဝေကြီးကြပ်မှုတွေ လုပ်ဆောင်တဲ့နေရာမှာ နိုင်ငံရေးဖိအားအလျော့အတင်းတွေနဲ့ လုပ်ဆောင်သွားမှာကို စိုးရိမ်လျက်ရှိပါတယ်။ ကာကွယ်ဆေး မပေါ်မချင်းတော့ ကိုဗစ်– ၁၉ ရန်က ရတက်အေးစရာအကြောင်း မရှိသေးပါဘူး။ ။

**ကိုးကား – အေအက်ဖ်ပီ**

# ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ



## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၄၉**

**ရက်သာ**

**လိုတော့သည်။**

## ဆန္ဒမဲလက်မှတ်များကို ဘောလ်ပင်ဖြင့် အမှတ်အသား (✓) ခြစ်၍ ဆန္ဒပြုရာတွင် ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများ ထုတ်ပြန်ကြေညာခြင်း

မဲဆန္ဒရှင်များအနေဖြင့် မဲဆန္ဒနယ်ပြင်ပ ကြိုတင်ဆန္ဒမဲပေးရာတွင် ဆန္ဒမဲလက်မှတ်များကို ဘောလ်ပင်ဖြင့် အမှတ်အသား (✓) ခြစ်၍ ဆန္ဒပြုရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဘောလ်ပင်ဖြင့် အမှတ်အသား (✓) ခြစ်၍ ဆန္ဒပြုရမည့် ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲ နမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများကို ထုတ်ပြန်အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

*(ယမန်နေ့မှအဆက်)*




နမူနာ - ၁၀

အမှန်ခြစ်ကို ဇောက်ထိုးခြစ်ထားသော မဲလက်မှတ်




နမူနာ - ၁၁

အမှန်ခြစ်ကို ပီပြင်အောင် ခြစ်မထားသော မဲလက်မှတ်




နမူနာ - ၁၂

တစ်ကြိမ်ထက်ပို၍ ဆန္ဒပြုထားသော်လည်း ကိုယ်စားလှယ်လောင်း တစ်ဦးကိုသာ ဆန္ဒပြုထားသော မဲလက်မှတ်

**မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံ အချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် ဆုံးဖြတ်ရန် ဖြစ်သည်။**

*(ဆက်လက်ဖော်ပြပါမည်)*

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

# ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၉

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် စိုင်းထွန်းအေးက မြန်မာဘာသာဖြင့် လည်းကောင်း၊ နန်းချို့နွယ်ဦးက ရှမ်းဘာသာဖြင့်လည်းကောင်း ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

စိုင်းထွန်းအေး၏ မြန်မာဘာသာဖြင့် ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–





မိုင်ဆုန်ခ…။ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် စိုင်းထွန်းအေးဖြစ်ပြီး ပါတီရဲ့ မူဝါဒသဘောထားများကို မိဘပြည်သူများသိရှိအောင် မိတ်ဆက်တင်ပြသွားမှာ ဖြစ်ပါတယ်။

**ချစ်ခင်လေးစားရပါသော မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျား …**

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်(SNLD) ကို ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့မှာ စတင်တည်ထောင်ခဲ့ပါတယ်။ စတင်တည်ထောင်ချိန်ကတည်းက လက်ရှိအချိန်အထိ အမျိုးသား တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်သွားနိုင်ရေးကို ဦးထိပ်ထားပြီး တစိုက်မတ်မတ် ဦးဆောင်လျှောက်လှမ်းခဲ့ပါတယ်။ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးအချင်းချင်းကြားမှာ အပြန်အလှန် လေးစားမှု၊ ယုံကြည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေဖို့အတွက် အစဉ်ကြိုးပမ်းလျက်ရှိပြီး ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များ ဖြစ်ထွန်းအောင်မြင်လာစေရေးကို ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ အားစိုက်ဆောင်ရွက်လျက်ရှိပါတယ်။

မိမိတို့ပါတီဟာ ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးအားလုံးရဲ့အရေးသာမက ပြည်ထောင်စုတစ်ခုလုံးရဲ့ အရေးကိစ္စများနဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာလည်း ဦးဆောင်အခန်းကဏ္ဍက နေပြီး တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ SNLD ပါတီအနေနဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်တဲ့နေရာမှာ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က တောင်တန်းနဲ့ ပြည်မခေါင်းဆောင်များ သဘောတူညီချုပ်ဆိုခဲ့ကြတဲ့ ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်နဲ့ ပင်လုံမူတွေအပေါ်မှာ အခြေခံပါတယ်။ ၁၉၆၁ခုနှစ် တောင်ကြီးမြို့မှာ ကျင်းပခဲ့တဲ့ ပြည်နယ်ပေါင်းစုံညီလာခံကြီးက ချမှတ်အတည်ပြုခဲ့တဲ့ ပြည်ထောင်စုစစ်စစ်မှုအပေါ်မှာ အခြေခံထားပါတယ်။ ဒီရည်မှန်းချက်အောင်မြင်ဖို့အတွက် ရည်ရွယ်ချက်ချင်းတူညီတဲ့ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒ့ါအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ဟာ ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်နဲ့ အပြန်အလှန်ဆက်စပ်နေပါတယ်။ ပြည်ထောင်စုလွှတ်တော်အတွင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် နိုင်ငံရေးပါတီအသီးသီးကတင်သွင်းခဲ့တဲ့ အဆိုပြုချက် ၃၇၆၅ ချက်အနက် ပြင်ဆင်ချက် ၁၁၁၂ ချက်ကို SNLD လွှတ်တော်ကိုယ်စားလှယ်များက အဆိုပြုတင်သွင်းခဲ့တာကိုလည်း မိဘပြည်သူများ သိရှိပြီးဖြစ်ပါတယ်။ ဒီနေရာမှာ မိမိတို့ပါတီက ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်လိုခြင်းဟာ ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းလာရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးအတွက် အဓိကအခြေခံပါတယ်။ တန်းတူမှု၊ တရားမျှတမှုအပေါ်အခြေခံပြီး တောင်တန်း ပြည်မ မခွဲခြားဘဲ မိမိတို့ကိုင်စွဲထားတဲ့ မူဝါဒနဲ့အညီ ပြင်ဆင်ရန် နိုင်ငံရေးစိတ်ဆန္ဒ အပြည့်အဝဖြင့် အကြံပြုတင်ပြခဲ့ခြင်းလည်း ဖြစ်ပါတယ်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ဟာ မူအပေါ်အခြေခံရပ်တည်တဲ့ ပါတီတစ်ရပ်ဖြစ်ရေး (Party Institutionalization) နဲ့ ပါတီမူဝါဒရေးဆွဲခြင်း (Party Platform) တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ပါတီကို ကျစ်လျစ်ခိုင်မာအားကောင်းလာစေဖို့အတွက်လည်း လိုအပ်တဲ့ လုပ်ငန်းလမ်းညွှန်များ၊ စည်းမျဉ်းစည်းကမ်းများနဲ့ လိုက်နာရမယ့် ကျင့်ဝတ်တွေကို ရေးဆွဲပြဋ္ဌာန်းထားပါတယ်။ SNLD ပါတီဟာ ပြည်သူသာအမိ၊ ပြည်သူသာအဖလို့ အလေးအနက်ခံယူထားတဲ့အတွက် မိဘပြည်သူများရဲ့ အခက်အခဲ၊ အကျပ်အတည်းတွေကို ကူညီဖြေရှင်းနိုင်ရန် ပါတီမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပါတီဝင်များက ပြည်သူနဲ့အတူ နီးနီးကပ်ကပ်ထိတွေ့ဆက်ဆံလျက်ရှိပါတယ်။

**ချစ်ခင်လေးစားရပါသော မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျား**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံတစ်ခုရဲ့ အခြေခံအကျဆုံးနဲ့ အမြင့်ဆုံး ဥပဒေတစ်ရပ်ဖြစ်ပါတယ်။ ကောင်းမွန်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေက တိုင်းပြည် ငြိမ်းချမ်းသာယာဖွံ့ဖြိုးဖို့အတွက် ဆောင်ကြဉ်းပေးသလို ဆိုးရွားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေက တိုင်းပြည်ရဲ့ အကျပ်အတည်းကို မွေးဖွားပေးပါတယ်။ ဒါကြောင့် မိမိတို့ရဲ့ ပြည်ထောင်စုကို ဘယ်လိုပြည်ထောင်စုအဖြစ် တည်ဆောက်မယ်ဆိုတဲ့ မြော်မြင်ချက်(Vision) ရှင်းလင်းဖို့လိုအပ်ပါတယ်။ ဒီနိုင်ငံတွင်းမှာ ဘယ်လိုစံတန်ဖိုး(Values) တွေ လေးစားလိုက်နာကျင့်သုံးကြမယ်ဆိုတာကို အတိအလင်းဖော်ပြရမှာဖြစ်ပါတယ်။ အဆိုပါမြော်မြင်ချက်၊ စံတန်ဖိုးတွေအပေါ် အခြေခံပြီးတော့ ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ အခြေခံမှုကို အသေးစိတ်ရေးဆွဲသွားရမှာ ဖြစ်ပါတယ်။ အခြေခံမှုနဲ့ ကိုက်ညီမှုမရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တွေအပါအဝင်တည်ဆဲဥပဒေတွေကို သုံးသပ်ပြင်ဆင်ရပါမယ်။ မိမိတို့ ပြည်ထောင်စုကြီးကို ကမ္ဘာ့အလယ်မှာ ဘယ်လိုနိုင်ငံအဖြစ် မြင်စေချင်တယ်ဆိုတာကို နိုင်ငံရေးအမြော်အမြင်ရှိရှိနဲ့ နိုင်ငံရေးခေါင်းဆောင်တွေက စဉ်းစားပုံဖော်သွားကြရမှာ ဖြစ်ပါတယ်။

တောင်တန်းဒေသက ခေါင်းဆောင်ကြီးများဟာ မိမိတို့ရဲ့ ကိုယ်ပိုင် အချုပ်အခြာအာဏာကို စွန့်လွှတ်ပြီး ပင်လုံစာချုပ်နဲ့အတူ ပြည်ထောင်စုနိုင်ငံအဖြစ် ရည်ရွယ်ကာ တည်ထောင်ခဲ့ကြပါတယ်။ လွတ်လပ်ခြင်း၊ တန်းတူခြင်း၊ စုံလင်ကွဲပြားခြင်း၊ စုပေါင်း ခေါင်းဆောင်ခြင်းနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်ရှိခြင်းတို့ကို ပြည်ထောင်စုရဲ့ စံတန်ဖိုးများအဖြစ် ကိုင်စွဲပြီး ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ဖို့အတွက် လွတ်လပ်ရေးကို အတူအကွ ပူးပေါင်းရယူခဲ့ကြပါတယ်။




လွတ်လပ်ရေးရယူပြီးနောက်ပိုင်း အုပ်ချုပ်ရေးအာဏာရယူခဲ့သူများဟာ နိုင်ငံတော်ကို ဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်ဖို့ ပျက်ကွက်ခဲ့ကြပါတယ်။ အကျိုးဆက်အနေနဲ့ တိုင်းပြည်ဟာ နာလန်မထူနိုင်လောက်အောင် အဘက်ဘက်က ယိုယွင်းပျက်စီးခဲ့ရပါတယ်။ ဒါကြောင့် ငြိမ်းချမ်းသာယာတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ဖို့အတွက် ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်နှင့် ပင်လုံမူတို့ကို အကောင်အထည်ဖော်ဆောင်ဖို့ လိုအပ်နေပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ရေးဆွဲရပါမယ်။ ပြီးတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အုပ်ချုပ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေစနစ် (Constitutionalism) ကို ကျင့်သုံးရပါမယ်။ တစ်ဖက်မှာလည်း ပြည်ထောင်စုရဲ့ အင်္ဂါရပ်များနှင့် ပြည့်စုံဖို့ လုပ်ဆောင်ရမှာဖြစ်သလို အသွင်သဏ္ဌာန်လက္ခဏာ တည်ဆောက်ရေးနဲ့ အနှစ်သာရလက္ခဏာ တည်ဆောက်ရေးတို့ကို ဆောင်ရွက်ရပါမယ်။ စုပေါင်းတည်ထောင်ခဲ့တဲ့ ပြည်ထောင်စုကြီးကို စုပေါင်းခေါင်းဆောင်မှုနဲ့ ကမ္ဘာ့အလယ်တွင်တင့်တယ်စေရပါမယ်။

တန်းတူမျှတတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီး မတည်ဆောက်နိုင်သေးသရွေ့ ပြည်တွင်းငြိမ်းချမ်းရေးကို ရယူနိုင်ဖို့ဆိုတာ ခက်ခဲနေဦးမှာ ဖြစ်ပါတယ်။ စံတန်ဖိုးများနဲ့ ခိုင်မာတဲ့ မူဝါဒများကို လေးစားလိုက်နာတဲ့ လွတ်လပ်၊ ငြိမ်းချမ်းပြီး တိုးတက်တဲ့ ပြည်ထောင်စုသစ်ကြီးကို ပုံဖော်ဖို့အတွက် “ပင်လုံကတိကဝတ်များကို ပြန်လည်ဖော်ဆောင်ခြင်း” ကသာ ပြည်တွင်းပဋိပက္ခဖြေရှင်းရေးရဲ့ တစ်ခုတည်းသော အဖြေဖြစ်ကြောင်း အခိုင်အမာယုံကြည်ပါတယ်။ ဒါကြောင့် “ဖက်ဒရယ်မှသည် ငြိမ်းချမ်းရေးဆီသို့” ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ကြိုးပမ်းဆောင်ရွက်နေတဲ့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ကို ဆန္ဒမဲပေးကြဖို့ မဲဆန္ဒရှင် ပြည်သူအပေါင်းအား ပန်ကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

ပြည်သူအပေါင်း ကိုယ်စိတ်နှလုံး အေးချမ်းကြပါစေ။ “မိုင်ဆုန်ခ”

**ပါတီစတင်တည်ထောင်ခဲ့သည့် ၁၉၈၈ ကတည်းက ရွေးကောက်ပွဲအသီးသီး၌ အသုံးပြုခဲ့သည့် SNLD ၏ ပါတီသီချင်း**

**အားမာန်မပျောက်စေနဲ့**

V1. ရှမ်းအမျိုးသားအရေး ရှမ်းပြည်အရေး ဘယ်သူ့ကိုတာဝန်ပေးမလဲ
ရှမ်းတို့ရဲ့အားမာန် ချည့်နဲ့ ကုန်ခန်းမလိုဖြစ်နေတာ
ဘယ်သူတွေမှာ တာဝန်ရှိသလဲ
အမျိုးမပျောက်စေနဲ့လေ ရှမ်းအမျိုးကြီးထွားပါစေ ဆန္ဒရှိပေ
မပျက်သုဉ်းစေနဲ့လေ တို့အားမာန်တွေ
စည်းလုံးညီညွတ်စွာ အလင်းပေးကြပါ

V2. ရှမ်းလူထုနဲ့ ရှမ်းမျိုးနွယ်အတွက်နဲ့ တို့တွေအားမပျက်ကြပါနဲ့
မျိုးရိုးတွေပျောက် ဆင်းရဲတွင်းထဲရောက်တော့မှ
ပိုပြီးရက်စရာ ကောင်းမှာပေါ့ တို့ရှမ်းတွေ
ပြည်ရွာအကျိုးအတွက် တာဝန်မပျက်စေနဲ့ဟေ့
တို့တတွေ စည်းလုံးကြပါစို့လေ
ကျားမျိုးနွယ် တို့ရှမ်းတွေ တကွဲတပြားစီ မဖြစ်ကြေးနော်
ရှမ်းအနာဂတ် ထွန်းလင်းတောက်ပဖို့ ဆက်ကြိုးစားကြစို့လေ

## ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့. . . .

- အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် နောက်ဆုံးအကြိမ်အဖြစ် ၁၄ ရက်ကြာ ထပ်မံ ကပ်ထားကြေညာမည်။
- မဲဆန္ဒရှင်များအနေဖြင့် လိုအပ်သော တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ထပ်မံဆောင်ရွက်နိုင်မည်။

**ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ**


- သာသနာ့ဝန်ထမ်း၊
- ထောင်ဒဏ်ကျခံနေရသူ၊
- စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
- လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
- ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
- နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

# ဆန္ဒမဲလက်မှတ်များကို အမှန်အမှတ်အသားပါသော တံဆိပ်တုံးဖြင့်ရိုက်နှိပ်၍ ဆန္ဒပြုရာတွင် ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများ ထုတ်ပြန်ကြေညာခြင်း

မဲဆန္ဒရှင်များအနေဖြင့် ရွေးကောက်ပွဲနေ့ မဲရုံတွင် မဲပေးရာတွင် လည်းကောင်း၊ ရွေးကောက်ပွဲနေ့မတိုင်မီ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများတွင် ကြိုတင်ဆန္ဒမဲပေးရာတွင် လည်းကောင်း အမှန်အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်၍ ဆန္ဒပြုရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တံဆိပ်တုံးဖြင့် ရိုက်နှိပ်၍ ဆန္ဒပြုရမည့် ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများကို ထုတ်ပြန်အသိပေး ကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

*(ယမန်နေ့မှအဆက်)*



၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ ---------------------
အမည်၊ -----------------------------

ပုံစံ (၅)
- မဲရုံမှူးလက်မှတ်မပါသော မဲ



၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။


၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ ---------------------
အမည်၊ -----------------------------

ပုံစံ (၆)
- လုံးဝဆန္ဒပြုမထားသော မဲ



၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ ---------------------
အမည်၊ -----------------------------

ပုံစံ (၇)
- အစွန်းအထင်းပါသော မဲ



၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ ---------------------
အမည်၊ -----------------------------

ပုံစံ (၈)
- အမှတ်အသား ပြုထားသော မဲ



၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။


၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ ---------------------
အမည်၊ -----------------------------

ပုံစံ (၉)
- ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ဆန္ဒပြုထားသော မဲ



၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ ---------------------
အမည်၊ -----------------------------

ပုံစံ (၁၀)
- ကိုယ်စားလှယ်လောင်းနှစ်ဦးအား ဆန္ဒပြုထားသော မဲ

မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံ အချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲအဖြစ် ဆုံးဖြတ်ရန် ဖြစ်သည်။

စာမျက်နှာ ၁၈ သို့

စာမျက်နှာ ၁၇ မှ

**၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ**
**ပြည်သူ့လွှတ်တော်**
**ထစ်သီးတိုင်းဒေသကြီး**
**ညောင်သီးမြို့နယ်မဲဆန္ဒနယ်**

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် "အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး |  | |
| ဒေါ်ဖရဲသီး |  | |
| ဦးပန်းသီး |  | |

မဲရုံမှူးလက်မှတ်၊ ------------------

အမည်၊ ------------------

ပုံစံ (၁၁)
- ပထမတံဆိပ်တုံးအကွက်သည် ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် ဆန္ဒပြုထားပြီး ဒုတိယတံဆိပ်တုံးအရာ၏ (၉) ကွက်တွင် အနည်းဆုံး (၅)ကွက်သည် အခြားကိုယ်စားလှယ်လောင်း တစ်ဦး၏အကွက်ပေါ်သို့ ကျရောက်နေသောမဲ

မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံ အချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲအဖြစ် ဆုံးဖြတ်ရန် ဖြစ်သည်။

# တောင်ကြီးမြို့နယ် ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီ လုပ်ငန်းညှိနှိုင်း

**တောင်ကြီး စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကျင်းပသော မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက အမှတ်(၁၅)အခြေခံပညာ အလယ်တန်းကျောင်း မြို့မကျောင်းဆောင်၌ ကျင်းပသည်။ (ယာပုံ)



အစည်းအဝေးတွင် တောင်ကြီးမြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်စိုးက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားသည်။ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမျိုးထွန်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် ပတ်သက်၍ ညွှန်ကြားချက်များအား ရှင်းလင်းပြောကြားသည်။ အစည်းအဝေးသို့ တက်ရောက်လာသော တောင်ကြီးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် နိုင်ငံရေးပါတီများက တစ်ဦးချင်း မိတ်ဆက်ခဲ့ကြပြီး နိုင်ငံရေးပါတီများက သိရှိလိုသော အချက်များနှင့် မရှင်းလင်းသော အချက်များ မေးမြန်းမှုကို တောင်ကြီးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ပြန်လည်ရှင်းလင်းပြောကြားသည်။

အစည်းအဝေးသို့ တောင်ကြီးမြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် နိုင်ငံရေးပါတီ ၁၆ ပါတီရှိသည့်အနက် ၁၄ ပါတီ တက်ရောက်ကြသည်။ အစည်းအဝေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# မိုင်းပျဉ်းမြို့နယ်တွင် ရွေးကောက်ပွဲဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**မိုင်းပျဉ်း စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအတွက် ရွေးကောက်ပွဲဆိုင်ရာ ဆင့်ပွားသင်တန်းကို စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက မိုင်းပျဉ်းမြို့ အထကကျောင်း၌ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းဇော်က အမှာစကား ပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းအောင်ပွင့်က သင်တန်းပို့ချရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ရွေးကောက်ပွဲအတွက် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် တာဝန်ယူဆောင်ရွက်ရမည့် ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များ၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ အငြင်းပွားမှုဖြေရှင်းခြင်း၊ မဲဆန္ဒရှင်များအား အသိပညာပေးခြင်း စသည့်အခြေခံကျသည့်လုပ်ငန်းစဉ်များအား ခရိုင်ကော်မရှင်ဥက္ကဋ္ဌ ဦးစိုင်းရီ၊ မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးစိုင်းအောင်ပွင့်နှင့်အဖွဲ့ဝင်များက သက်ဆိုင်ရာခေါင်းစဉ်များအလိုက် သင်တန်းပို့ချကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ မိုင်းပျဉ်းမြို့နယ်အတွင်းရှိရပ်ကွက်/ကျေးရွာ ၃၁ အုပ်စုမှ ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ၁၂၀ တက်ရောက်ပြီး ကိုဗစ်-၁၉ ကာလအတွင်း လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော လမ်းညွှန်ချက်နှင့်အညီ သင်တန်းအား နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ အခန်းတစ်ခန်းလျှင် လူ ၃၀ ဖြင့် အခန်းလေးခန်းထားရှိ သင်ကြားပြီး တစ်ရက်တာသင်တန်းဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**မေမွန်ထွင်း(ပြန်/ဆက်)**

# ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအတွက် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့် ဆင့်ပွားသင်တန်းများ အိမ်မဲမြို့နယ်၌ဖွင့်

**အိမ်မဲ စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများအတွက် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့် ဆင့်ပွားသင်တန်းများကို စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက အထက(၂)၊ အမက မြို့မ(၁)၊ အမကမြို့မ(၂)ကျောင်းများ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်အညီ ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

"ကျွန်တော်တို့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ရပ်ကွက်နဲ့ ကျေးရွာအုပ်စုတွေက ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေအတွက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေအတိုင်း တိတိကျကျ၊ မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်စေဖို့ ရည်ရွယ်ပြီး ဖွင့်လှစ်သင်ကြားတာ ဖြစ်ပါတယ်။ သင်တန်းပို့ချတဲ့အခါမှာလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနဲ့အညီ အခြေခံပညာကျောင်း သုံးကျောင်းမှာ တစ်ကျောင်းလျှင် လူဦးရေ ၃၀ နှုန်းနဲ့ သင်ကြားပေးနေတာဖြစ်တယ်။ အိမ်မဲမြို့နယ်မှာ ရပ်ကွက်နဲ့ ကျေးရွာအုပ်စု ၁၀၂ အုပ်စုက ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူး တစ်ဦး၊ အဖွဲ့ဝင်တစ်ဦးစီ တက်ရောက်ရတာ ဖြစ်ပါတယ်" ဟု မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်ဝင်းက ပြောသည်။



အဆိုပါ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းကို စက်တင်ဘာ ၁၇ ရက်မှ စတင်၍ ကျေးရွာများတွင် သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းတွင် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်နှင့် ရပ်ကွက်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ လိုက်နာရမည့် ကျင့်ဝတ်၊ အငြင်းပွားမှု ဖြေရှင်းခြင်းနှင့် စေ့စပ်ညှိနှိုင်းရေး အခန်းကဏ္ဍ၊ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအတွက် ရှောင်ရန်၊ ဆောင်ရန်များကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

## ရပ်ကွက် / ကျေးရွာအုပ်စု
## ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်ဆင့်ပွားသင်တန်း ကာမိုင်းမြို့၌ဖွင့်

**ကာမိုင်း စက်တင်ဘာ ၁၉**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့တွင် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့် ဆင့်ပွားသင်တန်းကို စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီက အခြေခံပညာ အထက်တန်းကျောင်း၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူး ဦးသန်းထိုက်က အမှာစကား ပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ရွှေက ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်ဆင့်ပွားသင်တန်း ဖွင့်လှစ်ပို့ချပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အဆိုပါသင်တန်းတွင် မြို့နယ်ဥပဒေအရာရှိ ဦးကျော်သူက ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များနှင့် တရားမဲ့ပြုကျင့်ရမည့်အချက်များကို လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးသန်းထွန်းဦးက မဲပေးခြင်းကို သရုပ်ပြသပေးခြင်းဖြင့် လည်းကောင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမင်းလွင်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည့် အချက်များကိုလည်းကောင်း၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးအောင်ကျော်သူက မဲရုံမှူး၊ ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်မှ ကောက်နုတ်ချက်များ၊ ခိုင်လုံမဲ/ပယ်မဲများအကြောင်းနှင့် ရွေးကောက်ပွဲအနိုင်အရှုံး ကြေညာခြင်းများကိုလည်းကောင်း အသီးသီးဟောပြောပို့ချပေးသည်။

သင်တန်းတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ သင်တန်းနည်းပြခြောက်ဦးဖြင့် ကာမိုင်းမြို့ပေါ် ရပ်ကွက်/ကျေးရွာအုပ်စု ခုနစ်စုနှင့် လီဒိုလမ်းမကြီးပေါ်ရှိ ကျေးရွာအုပ်စုငါးစုတို့မှ ကျေးရွာတစ်အုပ်စုလျှင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တစ်ဦး စုစုပေါင်းသုံးဦးနှုန်းဖြင့် သင်တန်းသား သင်တန်းသူ ၃၆ ဦးတို့ကို အဖွဲ့နှစ်ဖွဲ့ခွဲပြီး ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးအောင်ကျော်သူထံမှ သိရသည်။

**ဗွဲသူရအောင်(ပြန်/ဆက်)**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၁၉ - နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# ရှမ်းပြည်နယ်မြောက်ပိုင်း ကွမ်းလုံကြိုးတံတားကြီး သံမဏိသံပေါင်နှင့် သံပြားကြမ်းခင်းများ အစားထိုးလဲလှယ်တပ်ဆင်

**ရန်ကုန် စက်တင်ဘာ ၁၉**

၁၉၅၆ ခုနှစ်က စတင်သုံးစွဲခဲ့သော ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ကွမ်းလုံကြိုးတံတားကြီး၏ သက်တမ်းသည် ၅၅ နှစ် ရှိပြီဖြစ်သည်။ တံတားကြီး ကြမ်းခင်းများမှာ ပျဉ်းကတိုးသစ်သားများဖြင့် ပြုလုပ်ထားသောကြောင့် သက်တမ်း ကြာမြင့်လာသည်နှင့်အမျှ ကြမ်းခင်းများ ဆွေးမြည့်ပျက်စီးလာသည်။

ပုံမှန် ပြင်၊ ထိန်းလုပ်ငန်းများကို တင်ဒါအောင်သော ကုမ္ပဏီမှ ဆောင်ရွက်ခဲ့သော်လည်း အကြီးစား ပြင်ဆင်မှုဆောင်ရွက်ရန် လိုအပ်လာသဖြင့် တံတားဦးစီးဌာနမှ တာဝန်ရှိသူများ အကြိမ်ကြိမ်လာရောက် စစ်ဆေးပြီးနောက် နိုင်ငံတော်ဘတ်ဂျက် ခွင့်ပြုရန်ပုံငွေဖြင့် သစ်သားကြမ်းခင်းများအစား သံမဏိ သံပေါင်ကြမ်းခင်းများဖြင့် လဲလှယ် တပ်ဆင်ခြင်းလုပ်ငန်းကို ဩဂုတ် ၁၅ ရက်က နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများနှင့် အများပြည်သူများ သွားလာရေး မထိခိုက်စေရန် တံတားကြီး၏ လုံခြုံရေးအရ ညပိုင်းပိတ်ထားချိန် ညစဉ် တစ်ည နှစ်ခန်းနှုန်းဖြင့် အခန်း ၅၀ ကို အစားထိုး တပ်ဆင်ခဲ့ရာ စက်တင်ဘာ ၁၆ ရက်တွင် အခန်းများ အားလုံး တပ်ဆင်ပြီးစီးပြီ ဖြစ်သည်။

တပ်ဆင်ခဲ့သည့် သံပေါင် သံပြား ချပ်ရေ ၂၀၀ ဖြစ်ပြီး ဖြတ်သန်းသည့် ယာဉ်များ မချော်စေရန် သံမဏိ ကြမ်းခင်းပြားများကို ပန်းပွိုင့်များဖြင့် ပြုလုပ်ထားသည်။ သို့သော်လည်း တံတားပေါ် ဖြတ်သန်းရာတွင် သတ်မှတ်မိုင်နှုန်းဖြင့် မောင်းနှင်မှသာ ဘေးအန္တရာယ်ကင်းဝေးစေမည် ဖြစ်ကြောင်း သိရသည်။ တံတားခံနိုင်ဝန်မှာ မူလသတ်မှတ်ထားသော ၂၅ တန် အတိုင်းဖြစ်သည်။

ကြမ်းခင်းများ လဲလှယ်ခြင်းနှင့်အတူ တံတားသံပေါင်ကြီးများ၊ ရက်မကြီးများနှင့် ဘေးအကာများအားလုံးကို ဆီဆေးသုတ်ခြင်း၊ တံတားချဉ်းကပ်လမ်း၊ ဘေးလက်ရန်းများ၊ ပင်မကွန်ကရစ် တာဝါထောက်တိုင်ကြီးများကို ရေဆေးသုတ်ခြင်းတို့ကိုပါ တစ်ပြိုင်နက် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**



## ရေကြည်မြို့နယ်၌ (၅၆) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အကြို ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**ရေကြည် စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ကံညွန့် ဦးဆောင်၍ မြို့၏ ကျက်သရေဆောင် သမိုင်းဝင် ဒီပါရုံ စေတီတော်မြတ်ကြီး၏ ဘုရားပရိဝုဏ်ရင်ပြင်တော် အတွင်း၌ စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်သည်။

(၅၆)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်၍ မြို့မရဲစခန်းမှူး ဒုရဲမှူး ငွေးနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များက စေတီတော်မြတ်ကြီး ရင်ပြင်တော် သန့်ရှင်းခြင်း၊ စေတီတော်မြတ်ကြီးနှင့် အရံစေတီတော်များ သန့်ရှင်းခြင်း၊ ရေညှိများ၊ အမှိုက်သရိုက်များနှင့် ချုံနွယ်သစ်ပင်များ ရှင်းလင်းခြင်း စသည်တို့ကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**အောင်သူဟန် (ပြန်/ဆက်)**




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot – line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉ – ၉ – ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၂၅/၅၅၅ | ကျပ် | ၅၅၅/၅၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၃၅/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၇၅/၅၀၅ | ကျပ် | ၅၃၅/၅၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၀၀/၆၂၀ | ကျပ် | ၆၆၀/၆၈၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၂၂ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၆၈ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၅ . ၃၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၁၇ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၆၆ . ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၆၇ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၇၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၀၀၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၉၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၀ . ၉၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၅၈၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၈၀၀ | ၂၄၉ | ၂၄၅၅၁၀၀ |
| MTSH | ၃၇၀၀ | ၃၆၅၀ | ၆၆၄ | ၂၄၄၉၈၀၀ |
| MCB | ၈၀၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၀၀၀ | ၂၁၅၀၀ | ၄၁၈ | ၉၁၁၉၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၅၂ | ၁၄၀၄၀၀ |
| EFR | ၃၀၅၀ | ၃၀၅၀ | ၁၁၆ | ၃၅၃၈၀၀ |

ခင်ရတနာ – စုစည်းသည်

မြန်မာ့အလင်း


| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | ဝင်းကျော် |
| သတင်းထောက်ချုပ် | – | မြင့်ဆွေ |
| စာတည်းများ | – | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | – | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | – | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |


mmalin.npt@ gmail.com


www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm


HTOO


အမှန်တွေပေါ့
ကာတွန်း
2020
COVID-19


mask


ထက်မွန်


ပေါက်စည်


ဘယ်တွေလျှောက်သွားနေတာလဲ... ရွှေဝါရယ်...
ညောင်...
တစ်ခါ၊ တစ်ခါထွက်လည်ရင်ပြန်ကိုမလာတော့ဘူး ...
နင် အဲဒီလိုသာကြပ်ကြပ်လျှောက်လည်နေ...
တော်ကြာ ကိုဗစ်ကြီးနဲ့ တွေ့နေလိမ့်မယ်။ ကိုဗစ်ကြီးကရှိနေသေးတယ်လေ... ရွှေဝါရဲ့ ...
ပြောလည်း နင်က အိမ်မှာနေမယ့်ကောင်မဟုတ်ပါဘူး ရွှေဝါရယ်...
အဲ... အကြံရပြီ...
မေမေရေ...
ရွှေဝါ့ကို ကိုဗစ်ကူးမှာစိုးလို့ သူ့ကိုတပ်ပေးဖို့ MASK သေးသေးလေး တစ်ခု ချုပ်ပေးပါနော် ...

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# မြေပြိုတာနဲ့ ရုတ်တရက်ရေကြီးတာတွေက သိပ်ကိုအန္တရာယ်များပါတယ်

ကေ – ဂျူဝယ်လ်

မင်္ဂလာပါကလေးလေးတို့ရေ။ အပတ်စဉ် တနင်္ဂနွေနေ့တိုင်းမှာ ကလေးတို့ဗဟုသုတရရှိဖို့အတွက် အကြောင်းအရာ အမျိုးမျိုးကို မမက ပြောပြနေတာ ကလေးတို့သိပြီးကြပြီနော်။ ဒီတစ်ပတ်မှာ မမရွေးချယ်ထားတဲ့အကြောင်းအရာတစ်ခုကတော့ သဘာဝဘေးအန္တရာယ်တွေထဲက မြေပြိုတာနဲ့ရုတ်တရက်ရေကြီးတာဘာကြောင့် ဖြစ်ရတယ်။ မတော်တဆ အဲဒီလိုအခြေအနေကို ကြုံတွေ့ရမယ်ဆိုရင် ကလေးတို့ ဘာတွေပြင်ထားဖို့ လိုသလဲဆိုတာနဲ့ ကမ္ဘာပေါ် မှာ မြေကြီးတွေ ပြိုကျတာ၊ ရေတွေကြီးပြီး လူတွေ မျောပါတာတွေဘယ်လောက်ရှိသလဲဆိုတာတွေကို ပြောပြပေးမယ်နော်။

မြင့်တဲ့နေရာတောင်ပေါ်က ဒါမှမဟုတ် မြေကြီးပုံတွေက မြေကြီးတွေ အောက်ဘက်ကို လျှောကျနိမ့်ဆင်းလာတာကို တောင်ပြိုတယ်၊ မြေပြိုတယ်လို့ခေါ်တာပေါ့။ မြေပြိုတာဟာ ပြေးဖို့ခက်ခဲသလို ကြိုတင်ပြင်ဆင်ထားလို့မရတဲ့အတွက် လူတွေ၊ အိမ်တွေ၊ ကျွဲနွား၊ ခွေး၊ ကြောင် စတဲ့ တိရစ္ဆာန်လေးတွေ အားလုံး မြေကြီးအောက်ကို ခဏလေးနဲ့ရောက်ပြီး သေကျေပျက်စီးသွားတတ်တာပေါ့။ မိုးတွေ တောင်ပေါ်မှာတအားရွာချတဲ့အခါ မြေကြီးတွေက ပျော့လာပြီး တအိအိနဲ့နိမ့်ဆင်းလာတတ်သလို၊ လျောင်လှုပ်တာ၊ မြေကြီးထဲက သတ္တုတွေတူးဖော်တာနဲ့ လမ်းဖောက်လုပ်ဖို့ တောင်တွေဖြိုရာကနေ မြေကြီးတွေဝုန်းခနဲ ပြိုကျတာလည်း ဖြစ်တတ်တာပေါ့။

မမတို့နိုင်ငံမှာ ဖားကန့်ဆိုတဲ့ဒေသက ကျောက်စိမ်းထွက်တယ်လေ။ မြေအနက်ကြီးထဲက ကျောက်စိမ်းကို တူးဖော်တဲ့အခါ မြေကြီးတွေကို အခြားတစ်ဖက်မှာပုံထားတာပေါ့။ အဲဒီမြေကြီးတွေက တွင်းထဲကို ပြန်ကျတဲ့အခါတွင်းထဲမှာ ကျောက်စိမ်းတူးဖော်ရှာဖွေနေတဲ့သူတွေကို ပိသွားပြီး လူတွေ သေဆုံးကြတာရှိတယ်။ တောင်ပေါ် ဒေသတွေ မိုးတွင်းမှာမိုးရေကြောင့် မြေတွေနူးပြီး လမ်းဘေးက တောင်နံရံတွေပြိုကျတာတွေ ရှိတယ်။ ရုတ်တရက်ဖြစ်တာမို့ ရှောင်တိမ်းဖို့အတော်ခက်တာပေါ့။ ဗင်နီဇွဲလားက ဗားဂက်စ်ပြည်နယ်မှာ ၁၉၉၉ ခုနှစ်တုန်းက မိုးတွေအများကြီး ရွာသွန်းပြီး မြေပြိုခဲ့လို့ လူတွေသောင်းနဲ့ချီပြီး မြေကြီးအောက်ကို ရောက်သွားခဲ့ရဖူးတယ်။ မြေပြိုမှုတွေကို ကာကွယ်မယ့် အကြောင်းတွေကလည်း ရှိတယ်။ အဲဒါက တောင်စောင်းတွေရဲ့ အောက်ဘက်မှာ မနေထိုင်သင့်သလို၊ သစ်ပင်တွေကို ခုတ်ပစ်တာကြောင့်လည်း မြေကြီးတွေက သစ်ပင်အမြစ်တွေထိန်းချုပ်အား မရှိတော့ဘဲ မြေပြိုတတ်တာမို့ သစ်ပင်တွေခုတ်တာမျိုး မလုပ်သင့်ဘူးပေါ့။

**ရုတ်တရက် ရေကြီးပြီဆိုရင်**

ရုတ်တရက်ရေတွေ ကျဆင်းလာပြီး ချောင်းသေးသေးလေးတွေက ရေပြင်ကျယ်ကြီးဖြစ်သွားတာကို ကလေးတို့မြင်ဖူးကြလား။ ချောင်းရဲ့အထက်ပိုင်းတစ်နေရာရာမှာ မိုးအဆက်မပြတ်ရွာလို့ပဲဖြစ်ဖြစ်၊ မုန်တိုင်းကြောင့် မိုးတွေအများကြီး ရွာရင်ပဲဖြစ်ဖြစ် တောင်ပေါ်ကရေတွေဟာ မြစ်ကြီးထဲကို ပုံမှန်ထက်ပိုပြီး များများစီးဆင်းလာတဲ့အခါ မြစ်ရေတွေ လျှံတက်လာပြီး လူနေအိမ်တွေအထိ ရေတွေနစ်မြုပ်ကြတာပေါ့ကွယ်။ အမှိုက်သရိုက်တွေကို မြစ်၊ ချောင်းတွေထဲ စည်းကမ်းမဲ့ စွန့်ပစ်ကြတဲ့အတွက်လည်း ရေတွေက ကောင်းကောင်းမစီးနိုင်တော့ဘဲ ရေလျှံမှုတွေဖြစ်တာပေါ့။

မမတို့နိုင်ငံတွင်းမှာ ဒေါင်းသေချောင်းတို့၊ ဆင်သေချောင်းတို့ ဆိုပြီးချောင်းတွေရှိကြတယ်။ အလွန်ခွန်အားကြီးတဲ့ ဆင်လိုတိရစ္ဆာန်တွေတောင် ချောင်းရေကျလာပြီဆိုရင် မျောပါသေဆုံးသွားနိုင်တဲ့အဓိပ္ပာယ်နဲ့ မှည့်ခေါ်ထားကြတာပေါ့။ ရေကြီးတဲ့အခါ ရေစီးအားက သိပ်ကိုသန်လွန်းတာကြောင့် သစ်ပင်ကြီးတွေ၊ အိမ်တွေ၊ ကားတွေ၊ လူတွေ၊ တိရစ္ဆာန်တွေ အားလုံးကို ရေစီးကြောင်းထဲမျောပါသွားစေတဲ့အထိ အန္တရာယ်များပါတယ်။ မိုးလေဝသပညာရှင်တွေကတော့ အဲဒီလိုရေကြီးနေပြီဆိုရင် ကလေးတို့ ခြေသလုံးလောက်ပဲ ရေကစီးရင်တောင် ဖြတ်မကူးကြဖို့သတိပေးပါတယ်။ ဘာကြောင့်လဲဆိုရင် ရေကတိမ်ပေမယ့် ရေစီးအားကြောင့် မျောပါသွားတတ်တာကြောင့်ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ရေကြီးမှုကြောင့် ပျက်ဆီးဆုံးရှုံးကြသူတွေ အားလုံးရဲ့ ၈၀ ရာခိုင်နှုန်းလောက်က ရေတိမ်တယ်ဆိုပြီး ဖြတ်မိတဲ့အတွက် သေဆုံးကြတာဖြစ်တယ်လို့ ဆိုပါတယ်။





မမတို့နိုင်ငံမှာတော့ မမေ့နိုင်တဲ့ရေကြီးရေလျှံမှုက ပင်လယ်လှိုင်းလုံးကြီးတွေနဲ့အတူ လေပြင်းတိုက်ခတ်မှုတွေ၊ ရေကြီးရေလျှံမှုတွေနဲ့ နာဂစ်မုန်တိုင်းကြောင့် လူတွေ၊ သစ်ပင်တွေ၊ တိရစ္ဆာန်တွေ ထိခိုက်ပျက်စီးခဲ့ရတဲ့ ဖြစ်စဉ်ရှိခဲ့ဖူးတယ်။ ပြီးခဲ့တဲ့ နှစ်အနည်းငယ်ကလည်း ကလေးမြို့ပတ်ဝန်းကျင်မှာ မြစ်ရေရုတ်တရက်မြင့်တက်ခဲ့တဲ့အတွက် လမ်းတွေနဲ့ အိမ်တွေ၊ ယာခင်းတွေအားလုံးနီးပါး ပျက်စီးသွားပြီး ထိခိုက်ဆုံးရှုံးခဲ့ရတာ ရှိပါတယ်။ ၁၈၈၉ ခုနှစ်တုန်းက အမေရိကန်ပြည်ထောင်စု ပင်ဆီဗေးနီးယားပြည်နယ် ရေလွှမ်းမိုးမှုမှာဆိုရင် လူပေါင်း ၂၂၀၀ လောက် သေဆုံးခဲ့ရတာပေါ့ကွယ်။

သဘာဝတရားကြောင့် ပျက်စီးမှုတွေဖြစ်တဲ့ထဲက မြေပြိုမှုတွေနဲ့ ရေလွှမ်းမိုးမှုတွေက သူ့အလိုလိုဖြစ်တာမျိုးရှိပေမယ့် လူသားတွေရဲ့ ပြုပြင်ပြောင်းလဲတာတွေ၊ ဖျက်ဆီးပစ်တာတွေကြောင့် ပိုပြီးအဖြစ်များပါတယ်။ ဒါကြောင့် သဘာဝတရားဖြစ်တဲ့ သစ်တော၊ သစ်ပင်တွေကို ခုတ်ထွင်ပစ်တာ၊ ရေကြောင်းပိတ်ဆို့အောင် အမှိုက်တွေကို စွန့်ပစ်တာနဲ့ တောတောင်တွေကို ဖြိုဖျက်ပစ်တာ၊ မြေကြီးတွေတူးတာတွေက သဘာဝတရားကြီးကို ပျက်စီးအောင်လုပ်တာနဲ့အတူတူပဲပေါ့။ သဘာဝတရားကြီးပျက်စီးလာရင် ရာသီဥတုတွေ ပိုပြီးဖောက်ပြန်လာမယ်၊ ကမ္ဘာကြီးက ပူနွေးလာပြီး မိုးကြီးတာ၊ ရေလျှံတာတွေပိုဖြစ်လာမယ်၊ လျောင်တွေ ပိုပြီး လှုပ်လာနိုင်တာကြောင့် သဘာဝတရားကြီး မပျက်စီးအောင် တစ်ကမ္ဘာလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးကြမယ်ဆိုရင် အခုလိုအဖြစ်ဆိုးတွေနဲ့ မကြုံရနိုင်ဘူးပေါ့ကွယ်။ ဒါကြောင့် ကလေးတို့လည်း သစ်ပင်တွေ၊ သစ်တောတွေ၊ တောတောင်တွေနဲ့ သာယာလှပတဲ့ မြစ်၊ ချောင်းတွေကို ချစ်ပေးပါ။ သူတို့မပျက်စီးရအောင် ကာကွယ်ရင်း ရေကြီးတာ၊ မြေပြိုတာတွေကနေ အတူတူ ကာကွယ်ကြရအောင်နော်။

## လောကဝတ် (Etiquette)

# စက်ဘီးစီး ယဉ်ကျေးမှု

မမမေ



ကလေးလေးတို့အားလုံး ကိုဗစ်–၁၉ ရောဂါကြီးကြောင့် အိမ်တွင်းပုန်းနေကြရာကနေ သက်ဆိုင်ရာ အိမ်တွင်း၊ ခြံတွင်း ကိုယ်လက်လေ့ကျင့်ခန်းတွေကို လုပ်ကိုင်နေကြမယ်လို့ မမက မျှော်လင့်ပါတယ်။ ဒီတစ်ပတ်မှာ ကလေးလေးတို့ကို မမက စက်ဘီးစီးဖို့ တိုက်တွန်းလိုသလို စက်ဘီးစီးတဲ့အခါ ကလေးတို့သိထားရမယ့် ယဉ်ကျေးပျူငှာမှုဖြစ်စေတဲ့အရာလေးတွေကိုလည်း ပြောပြပေးလိုပါတယ်။

စက်ဘီးစီးတာက ကျန်းမာကြံ့ခိုင်စေပြီး ကားတွေ၊ ဆိုင်ကယ်တွေလိုမျိုး လောင်စာနဲ့မောင်းနှင်ရတာမျိုးမဟုတ်တဲ့ အတွက် သဘာဝပတ်ဝန်းကျင်ကိုလည်း ကောင်းမွန်စေတယ်လေ။ အခုလို အိမ်မှာနေကြတဲ့အချိန် ညနေပိုင်းနဲ့ မနက်စောစောတွေမှာ လူသူရှင်းတဲ့ လမ်းတွေနဲ့ လေကောင်းလေသန့်ရမယ့်နေရာမျိုးတွေမှာ စက်ဘီးစီးလိုကြတဲ့ ကလေးလေးတွေအတွက် မမက အကြံဉာဏ်နည်းနည်းကို မျှဝေလိုပါတယ်။

စက်ဘီးစီးတဲ့အခါ ကိုယ်တိုင်လည်း အန္တရာယ်မဖြစ်စေဘဲ သူများကိုလည်း အနှောင့်အယှက်မဖြစ်စေတဲ့ အကြောင်းလေးတွေကို သိထားရင် ကလေးတို့အားလုံး မိတ်ဆွေသစ်တွေလည်းရနိုင်သလို ပျော်ရွှင်စရာတွေလည်း ပိုရရှိစေမယ်လို့ မမက ထင်မြင်ပါတယ်။

**လမ်းလျှောက်သူတွေကိုဦးစားပေးလိုက်ပါ**

စက်ဘီးလေးနဲ့ သွားလာတဲ့အခါ လေပြည်လေညင်းလေးတွေကြောင့် အမောအပန်းလည်းပြေစေပြီး လွတ်လပ်မှုအရသာကို ခံစားရနိုင်ပါတယ်တဲ့။ ဒါပေမယ့် ကလေးတို့လို စက်ဘီးမစီးနိုင်ဘဲ လမ်းလျှောက်နေကြတဲ့သူတွေအဖို့တော့ စည်းကမ်းမရှိဘဲမောင်းနှင်လာတဲ့ စက်ဘီးတွေကို ရှောင်ကြရတာသိပ်ကို စိတ်ညစ်စရာပဲလေ။ ဒါကြောင့် လမ်းလျှောက်သူတွေကို ဦးစားပေးပြီး စက်ဘီးစီးတဲ့အခါ ခေါင်းလောင်းသံပေးတာ လုပ်သင့်သလို၊ မလိုအပ်ဘဲ ခေါင်းလောင်းသံကို မြည်အောင်တီးနေတာမျိုးလည်း မလုပ်သင့်ပါဘူး။ ဒ့ါအပြင် စက်ဘီးအတွက် သတ်မှတ်ထားတဲ့ လမ်းရှိရင် အဲဒီစက်ဘီးစီးလမ်းကနေပဲ စီးနင်းရမှာဖြစ်ပြီး ကားတွေနဲ့အပြိုင် စီးနင်းရတဲ့အခါမှာလည်း မမတို့နိုင်ငံက ညာဘက်ကိုကပ်ပြီးမောင်းရတဲ့စနစ်မို့ ညာဘက်ကသာကပ်ပြီးစီးနင်းကြရမယ်ဆိုတာ လုံးဝမမေ့ပါနဲ့နော်။

**အချက်ပြပါ**

လမ်းဆုံတွေမှာ ကွေ့ဝင်တဲ့အခါ အနောက်ကိုကြည့်ပြီး အနောက်မှာ အခြားစက်ဘီး ဒါမှမဟုတ် မော်တော်ကား၊ ဆိုင်ကယ်လိုမျိုး ကပ်ပါလာခဲ့မယ်ဆိုရင် ကွေ့လိုတဲ့အကြောင်း အချက်ပြပေးဖို့လိုပါတယ်နော်။ အချက်မပြဘဲ ကိုယ်ကွေ့ချင်တဲ့ဘက်ကို ချိုးကွေ့လိုက်မယ်ဆိုရင် အနောက်က လိုက်လာတဲ့ယာဉ်က ကလေးတို့စက်ဘီးလေးကို တိုက်သွားနိုင်သလို သူတို့သွားလာတာကိုလည်း အများကြီးအနှောင့်အယှက်ဖြစ်စေတာမို့ လမ်းအကွေ့တိုင်းမှာ ဂရုစိုက်ပြီး ကိုယ်ဘယ်ကိုသွားမလဲဆိုတာ အချက်ပြသတိပေးဖို့လိုပါတယ်နော်။

**စက်ဘီးရပ်တဲ့အခါနေရာတကျ**

စက်ဘီးကို ရပ်နားတဲ့အခါ လမ်းလယ်မှာရပ်နားတာ၊ သတ်မှတ်ထားတဲ့နေရာမှာရပ်ပေမယ့် စနစ်တကျနဲ့ သပ်သပ်ရပ်ရပ်မရပ်နားတာတွေကလည်း အခြားလူတွေကို အနှောင့်အယှက်ဖြစ်စေပါတယ်။ ဒါတင်မကသေးပါဘူး။ စက်ဘီးကိုရပ်မယ်ဆိုရင် ကားအကြီးတွေရဲ့နောက်၊ ဒါမှမဟုတ် အခြားတစ်ဖက်က မမြင်ရနိုင်တဲ့နေရာမှာ မရပ်သင့်ပါဘူး။ ကားကြီးတွေက နောက်မှန်မှာ သေးငယ်တဲ့ကလေးတို့စက်ဘီးလေးကို မမြင်ရဘဲ တက်ကြိတ်သွားနိုင်လို့ပါပဲ။

**မြင်နိုင်ပါစေ**

ဖြစ်နိုင်ရင် စက်ဘီးမှာ မီးသီးတွေတပ်ဆင်ထားဖို့လိုပါတယ် ကလေးတို့ရေ။ ဒါမှသာ ညဘက်ကလေးတို့ စက်ဘီးစီးတဲ့အခါ အန္တရာယ်ကင်းကင်းစီးနင်းနိုင်မှာပါ။ မီးသီးမဟုတ်ရင်တောင် စက်ဘီးအနောက်မှာ ရောင်ပြန်ပါတဲ့စတေကာတွေ တပ်ဆင်ထားတာမျိုးပြုလုပ်သင့်ပါတယ်။

ကဲ–အခုဆိုရင် စက်ဘီးစီးတတ်တဲ့ကလေးတွေအားလုံး စက်ဘီးစီးတဲ့အခါထားရှိရမယ့် လောကဝတ်ကလေးတွေကို သိရှိသွားပြီး အားလုံးကို အနှောင့်အယှက်ကင်းကင်းနဲ့ ကိုယ်တိုင်လည်း ဘေးကင်းမှုရှိရှိ စက်ဘီးလေးစီးကြပြီး ကိုဗစ်ကြီးကို ကျော်ဖြတ်နိုင်ကြပါစေနော်။

# ထန်းတပင် စက်မှုဥယျာဉ်မြို့တော်နှင့် ရေပေါ်ဈေး အကောင်အထည်ဖော်ရေးလုပ်ငန်းများ စတင်နိုင်ရန် ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၉**

ထန်းတပင်မြို့နယ် ကုက္ကိုလ်ဝတံတားအဆင်းတွင်ရှိသော ရေနက်ကွင်းနှင့် မြစ်သုံးပွင့်ဆိုင် နေရာအနီး၌ စက်မှုဥယျာဉ်နှင့် ရေပေါ်ဈေးတည်ဆောက်မှုကို အကောင်အထည်ဖော်မည်ဖြစ်ပြီး ထိုနေရာရှိ လယ်သမား ၁၁ ဦး၏ ပြေစာကို ပုံစံ(၇)ပြုလုပ်ပြီးပါက လုပ်ငန်း စတင်အကောင်အထည်ဖော်နိုင်ပြီဖြစ်ကြောင်း သိရသည်။

"ထန်းတပင် စက်မှုဥယျာဉ်နဲ့ ရေပေါ်ဈေး တည်ဆောက်မှုကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဦးစီးပြီး လုပ်ဆောင်တာဖြစ်တဲ့အတွက် စာကျလာတာက စက်မှုဥယျာဉ် လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေး လက်ရှိကျန်နေတဲ့ လယ်သမား ၁၁ ဦးရဲ့ ပြေစာကို ပုံစံ(၇) ပြုလုပ်ပြီးတော့ ပြည်ထောင်စုလွှတ်တော်ကို ပြန်လည်တင်ပြဖို့ ညွှန်ကြားစာရောက်လာပါတယ်။ ဒါကြောင့် ဆက်လက်ဆောင်ရွက်နေပါတယ်။ ကိုဗစ်-၁၉ ကာလမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ လိုအပ်တဲ့အတွက် ဒီစီမံကိန်းကို အကောင်အထည်ဖော်နိုင်ပြီဆိုရင် နှစ်နှစ်အတွင်းမှာ စက်ရုံတွေ လည်ပတ်နိုင်မှာပါ။ သူတို့ MoU မှာလည်း ပထမနှစ်နှစ်မှာ စက်ရုံပေါင်း ၂၁၀ တည်ဆောက်မှာဖြစ်တဲ့အတွက် ပြီးစီးတာနဲ့ လည်ပတ်မှာဖြစ်တာကြောင့် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းတွေ ပိုမိုရရှိစေမှာပါ။ တောင်သူတွေကို မြေယာလျော်ကြေး ၂၀ ရာခိုင်နှုန်းမှာ စက်မှုဥယျာဉ်မြို့တော်ပါမစ်ပေးမှာဖြစ်တာကြောင့် သူတို့ရဲ့ ပိုင်ဆိုင်မှုလည်း မြင့်သွားမှာပါ"ဟု ထန်းတပင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဌေးမော်က ပြောသည်။



ထန်းတပင်မြို့နယ် ကုက္ကိုလ်ဝတံတားအဆင်း ညာဘက်ရှိ စက်မှုဥယျာဉ်တည်ဆောက်မည့် ရေနက်ကွင်း

ထန်းတပင် စက်မှုဥယျာဉ်နှင့်ရေပေါ်ဈေးတည်ဆောက်ရန် ကုမ္ပဏီ ၁၄ ခုက ဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဦးစီးဆောင်ရွက်မည်ဖြစ်ရာ နှစ်ကုန်ပိုင်းတွင် အကောင်အထည်ဖော်နိုင်ရန် မျှော်မှန်းထားကြောင်း၊ ရေနက်ကွင်းနေရာတွင် ပညာရေး၊ ကျန်းမာရေးနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စက်ရုံများ၊ အလုပ်သမားအိမ်ရာနှင့် အိမ်ရာများ၊ ရေဆိုးသန့်စင်စက်နှင့် လုံခြုံရေးဆိုင်ရာ အဆောက်အအုံများကို တည်ဆောက်မည်ဖြစ်ပြီး လမုတန်းကြီးကြား၌ မြစ်ကူးတံတားတစ်စင်း တည်ဆောက်၍ ရန်ကုန်-ပြည်လမ်းသို့ လွယ်ကူမြန်ဆန်စွာ သွားရောက်နိုင်မည်ဖြစ်ကာ ကုန်စည်စီးဆင်းမှု မြန်ဆန်စေလျက် စက်မှုမြို့တော်အင်္ဂါနှင့်အညီ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ထန်းတပင်မြို့နယ်၌ လက်ရှိတွင် လယ်တစ်ဧကလျှင် ကျပ်သိန်း ၁၅၀ ပေါက်ဈေးရှိပြီး ၁၀ ဧကလျှင် ကျပ်သိန်း ၁၅၀၀ ဖြစ်သောကြောင့် ထို ၁၀ ဧကကို စက်မှုဥယျာဉ်မြို့တော်သို့ ပေးသွင်းသည့်အခါ စက်မှုဥယျာဉ်ပါမစ်ဖြင့် နှစ်ဧက ပြန်လည်ပေးမည်ဖြစ်၍ ထိုပါမစ်မြေ တစ်ဧကလျှင် ကျပ်သိန်း ၁၅၀၀ ရှိပါက နှစ်ဧကအတွက် ကျပ်သိန်း ၃၀၀၀ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရက စီမံဆောင်ရွက်လျက်ရှိသော ထန်းတပင် စက်မှုဥယျာဉ်မြို့တော် စီမံကိန်း၏ လယ်ယာမြေကဏ္ဍကို ပြည်ထောင်စုလွှတ်တော်က ၃၀(က) ဖြင့် ဆောင်ရွက်ခဲ့ပြီး ကုက္ကိုလ်ဝတံတားအဆင်း ဘယ်ဘက်ခြမ်း၌ ရေနက်ကွင်းရှိ၍ ညာဘက်ခြမ်း မြစ်သုံးခွဆုံရာတွင် ကြက်လျှာစွန်းရှိသောကြောင့် ထိုနေရာ၌ ရေပေါ်ဈေး တည်ဆောက်ရန် လျာထားခြင်းဖြစ်ရာ လက်ရှိတွင် အဆိုပါ ကြက်လျှာစွန်းနေရာတွင် စက်လှေများ သဲစုပ်နေသည့်အတွက် စီမံကိန်းဆောင်ရွက်မည့်နေရာတွင် တရားမဝင် သဲစုပ်လုပ်ငန်း လုပ်ကိုင်နေမှုများရှိနေကြောင်း သိရသည်။

"မြစ်သုံးခုဆုံရာ ကြက်လျှာစွန်းနေရာကို ရေပေါ်ဈေး တည်ဆောက်ဖို့ သတ်မှတ်ထားပါတယ်။ ရေနက်ကွင်းကို စက်မှုဥယျာဉ်မြို့တော် တည်ဆောက်မှာပါ။ စက်ရုံတွေ၊ အိမ်ရာတွေ ပါမယ်။ လက်ရှိ ရေပေါ်ဈေးတည်ဆောက်မယ့် ကြက်လျှာစွန်းနေရာမှာ စက်လှေတွေနဲ့ လိုင်စင်မရဘဲ သဲခိုးစုပ်နေတာကြောင့် စီမံကိန်းလုပ်ငန်းကို ထိခိုက်နိုင်တဲ့အတွက် ထိရောက်စွာတားဆီးဖို့လိုပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ထန်းတပင် စက်မှုဥယျာဉ်မြို့တော်နှင့် ရေပေါ်ဈေး တည်ဆောက်ရန် မြေ ၂၂၃၇ ဧကခန့်တွင် စီမံကိန်းဆောင်ရွက်လျက်ရှိပြီး ရန်ကုန်မြို့၏ စက်မှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်းနှင်အားတစ်ခုအဖြစ် ထပ်မံရရှိစေလျက် ရန်ကုန်တိုင်းဒေသကြီးသာမက ရှေ့ဝတီတိုင်းဒေသကြီးမှ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

## မြိတ်မြို့သို့လာသည့် ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ သတ်မှတ်နေရာတွင်သာ နေရမည်

**မြိတ် စက်တင်ဘာ ၁၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြိတ်မြို့သို့ ဆိုက်ရောက်လာသည့် ကုန်တင်ယာဉ်များမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ အားလုံး အနေဖြင့် ယာဉ်ကို ကုန်တင်ကုန်ချလုပ်နေစဉ်အတွင်း အခြားနေရာများသို့ သွားလာခြင်းမရှိစေရန် မြို့နယ် ပုဂ္ဂလိကယာဉ်များ ပြေးဆွဲရေးလုပ်ငန်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီက စက်တင်ဘာ ၁၆ ရက်က ညွှန်ကြားချက်ထုတ်ပြန်၍ ယာဉ်အသင်းများကို အသိပေးသည်။

"ဝင်လာတဲ့ကားတွေမှာ ချက်ချင်းပြန်ထွက်မယ့် ကားတွေက ချက်ချင်း ပစ္စည်းချပြီးတာနဲ့ ပြန်ထွက်လို့ရတယ်။ ဒီမှာ တစ်ညအိပ်မယ့်ကားတွေကတော့ အဝေးပြေးကားဝင်းသစ်မှ သတ်မှတ်ထားတဲ့ အခန်းနှစ်ခန်းမှာ ညအိပ်ဖို့ စီစဉ်ထားပါတယ်"ဟု ကော်မတီ အတွင်းရေးမှူး ဦးမိုးကျော်သူက ပြောသည်။

မြိတ်ခရိုင် အဝေးပြေးကုန်သည်ယာဉ်ကြီးများအသင်းဥက္ကဋ္ဌ ဦးသန့်ဇင်ဦးက " အသင်းနဲ့ မြို့နယ်ပုဂ္ဂလိကယာဉ်များ ပြေးဆွဲရေးလုပ်ငန်းထိန်းသိမ်းကြီးကြပ်ရေးကော်မတီ ပူးပေါင်းပြီး ကျွဲကူး- ကျောက်ဖျာတံတားစစ်ဆေးရေးဂိတ်မှာ စစ်ဆေးမယ်။ စစ်ဆေးပြီးတဲ့အခါ ယာဉ်မောင်းနဲ့ယာဉ်နောက်လိုက်တွေက အဝေးပြေးကားဝင်းအသစ်ကို ဝင်လာမယ်။ အဝေးပြေးကားဝင်း အသစ် သတ်မှတ်နေရာကို ဝင်ရောက်ပြီးရင် ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တွေကို သီးသန့်ထားမယ်။ ကုန်တွေကို ကုန်ချမယ့်အဖွဲ့တွေက ဆက်ချသွားမယ်။ ကုန်ချပြီးရင် ကုန်ပြန်တင်မယ်။ ကုန်ပြန်တင်ပြီးရင် ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်က ပြန်လည်မောင်းထွက်နိုင်မယ်"ဟု ပြောသည်။

မြိတ်မြို့သို့ ဆိုက်ရောက်လာသည့် ကုန်တင်ယာဉ်များမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအနေဖြင့် မြိတ်ဒေသခံများဖြစ်လျှင်လည်း ၎င်းတို့၏ နေအိမ်များသို့ သွားရောက်ရန် ခွင့်ပြုမည်မဟုတ်ဘဲ သတ်မှတ်ထားသည့်နေရာ၌သာ နေထိုင်ရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မြိတ်မြို့သို့ ဆိုက်ရောက်ထွက်ခွာပြေးဆွဲနေသည့် ကုန်တင်ယာဉ်အသင်း ၂၂ သင်းရှိကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

## ရဲတပ်ဖွဲ့နေ့အကြို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဟင်္သာတ စက်တင်ဘာ ၁၉**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၆)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးနေဝင်းနှင့် မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ကြည်တို့ ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၆ ရက်က ဟင်္သာတမြို့၌ ဆောင်ရွက်သည်။

ယခုလို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းအပြင် ဟင်္သာတ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် ရဲတပ်ဖွဲ့ဝင်များ စုပေါင်း၍ သွေးလှူဒါန်းခြင်းနှင့် အခြား ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း ရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းလုပ်ဆောင်မည်ဖြစ်ကြောင်း ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူးက ပြောသည်။

**အေးထွန်း(ဟင်္သာတ)**

## အလားအလာကောင်းသော ကြံမျိုးများ ရိတ်သိမ်းချိန်အလိုက် အရည်အသွေးနှင့် အထွက်နှုန်းအားကောင်းရန် သုတေသနဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၉**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန စက်မှုသီးနှံသုတေသနဌာနစုမှ သုတေသနပညာရှင်များက အရည်အသွေးကောင်း၊ အထွက်ကောင်း စက်မှု သီးနှံမျိုးသစ်များ သုတေသနပြု ရှာဖွေဖော်ထုတ်ရန်၊ အထွက်နှုန်းတိုးစေမည့် စိုက်ပျိုးနည်းစနစ်များကို စမ်းသပ်ရှာဖွေရန်နှင့် ရရှိလာသော စက်မှုသီးနှံမျိုးသစ်များနှင့် စိုက်ပျိုးနည်းစနစ်များကို တောင်သူများထံ ဖြန့်ဝေပေးရန်ဟူသော ရည်ရွယ်ချက်များဖြင့် သုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

စက်မှုသီးနှံများဖြစ်သည့် ကြံ၊ ဝါ၊ လျှော် (ဂုန်လျှော်၊ ချဉ်ပေါင်လျှော်)၊ ပီလောပီနံ အစရှိသော သုတေသနများဆောင်ရွက်လျက်ရှိရာ ၂၀၁၉-၂၀၂၀ ပြည့်နှစ်တွင် ကြံအထွက်နှင့် သကြားအထွက်နှုန်းကောင်း၍ အရည်အသွေးကောင်းသည့် ကြံမျိုးများ ရရှိရန်ရည်ရွယ်လျက် အလားအလာကောင်းသော ကြံမျိုးများ ရိတ်သိမ်းချိန်အလိုက် အရည်အသွေးနှင့် အထွက်နှုန်းအား လေ့လာခြင်းသုတေသနကို စမ်းသပ်ကွက် တာဝန်ခံ ဒေါ်အေးမိုးမိုးနှင့် သုတေသနပညာရှင်များက သုတေသနပြု ဆောင်ရွက်လျက်ရှိသည်။



ကြံမျိုးများ အရည်အသွေးနှင့် အထွက်နှုန်းအားကောင်းရန် သုတေသနပြု လေ့လာစဉ်။

အဆိုပါ သုတေသနတွင် အသုံးပြုစိုက်ပျိုးထားသော ကြံမျိုးများမှာ ၂၀၁၁ ခုနှစ်တွင် မျိုးကူးစပ်ရရှိခဲ့သော ကြံမျိုး ၁၇ မျိုးနှင့် ထုတ်ဝေပြီးမျိုးဖြစ်သော DAR- 4 ကြံမျိုးကို စံထားမျိုးအဖြစ် အသုံးပြုထားခြင်းဖြစ်ရာ စုစုပေါင်း ကြံမျိုး ၁၈ မျိုးကို စမ်းသပ်စိုက်ပျိုးထားခြင်းဖြစ်သည်။ စမ်းသပ်ချက်များအဖြစ် ကြံသီးနှံ၏ သက်တမ်း ၁၀ လသားတွင် ရိတ်သိမ်းခြင်း၊ ၁၁ လသားတွင် ရိတ်သိမ်းခြင်းနှင့် ၁၂ လ တစ်နည်းအားဖြင့် တစ်နှစ်သားတွင် ရိတ်သိမ်းခြင်းတို့ကို စပလစ်ပလော့ထ် ဒီဇိုင်းအသုံးပြုကာ ထပ်ပြုကြိမ်သုံးကြိမ်ဖြင့် ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးထားသော ကြံမျိုး၁၈ မျိုးကို စမ်းသပ်ချက် ရိတ်သိမ်းချိန်များအလိုက် ရိတ်သိမ်းမည်ဖြစ်ရာ ရိတ်သိမ်းချိန်အလိုက် အချိုဓာတ်နှင့် သကြားပါဝင်မှုရာခိုင်နှုန်း၊ ကြံ၏ အလေးချိန်နှင့် အထွက်နှုန်းတို့ကို စနစ်တကျ မှတ်တမ်းများ ကောက်ယူလေ့လာသွားမည် ဖြစ်သည့်အပြင် အပင်ရောဂါ သုတေသနပညာရှင်များနှင့် ပူးပေါင်းကာ ကြံအူနီရောဂါများ ထိုးသွင်းစမ်းသပ်ထားလျက်ရှိသောကြောင့် အူနီရောဂါဒဏ်ခံနိုင်ရည်ရှိသည့် ကြံမျိုးများလည်း ရရှိမည်ဖြစ်ကြောင်း၊ ယခု စမ်းသပ် စိုက်ပျိုးထားသည့် ကြံမျိုး ၁၈ မျိုးအနက် လက်ရှိ သုတေသန၏ ပဏာမ တွေ့ရှိချက်များအရ ၁၁- ၁၂၅၃၉ နှင့် ၁၁- ၉၈၉၃ ကြံမျိုးများသည် အချိုဓာတ်နှင့် သကြားပါဝင်မှု မြင့်မား၍ ပင်ပွားထွက်ရှိမှုကောင်းကာ အထွက်နှုန်းကောင်းသည်ကို တွေ့ရကြောင်း၊ ၁၁- ၉၈၀၁ ကြံမျိုးသည် အသက်လျှင်ခြင်း၊ အထွက်နှုန်းကောင်းခြင်း အစရှိသော လက္ခဏာများရှိသည့်အပြင် ကြံအူနီရောဂါဒဏ်ခံနိုင်ရည်ရှိသော မျိုးဖြစ်သည်ကို တွေ့ရှိရကြောင်း အဆိုပါ သုတေသနပညာရှင်များထံမှ သိရသည်။

သို့ဖြစ်၍ ကြံစိုက်တောင်သူများ အနေဖြင့် အထွက်နှုန်းကောင်း၊ ရောဂါဒဏ်ခံနိုင်ရည်ရှိသော ကြံသီးနှံမျိုးသန့်များနှင့် စိုက်ပျိုးနည်းပညာများကို ရယူလိုပါက ရေဆင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန စက်မှုသီးနှံသုတေသနဌာနစုသို့ ဆက်သွယ်၍ အကူအညီများ ရယူနိုင်ကြောင်း သိရသည်။

**မေမိုးသဲ**

## မိတ္ထီလာမြို့နယ်အတွင်းမှ သပြေဝ- ဝန်ဇင်း ၃၃ ကေဗွီ ဓာတ်အားလိုင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းပြီးစီး

**မိတ္ထီလာ စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ မဖြစ်ပေါ်စေရန်အတွက် သပြေဝ- ဝန်ဇင်း ၃၃ ကေဗွီဓာတ်အားလိုင်းတွင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီလက စတင်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းအားလုံးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

မိတ္ထီလာမြို့ပေါ်နှင့် ကျေးရွာများသို့ ဓာတ်အားပေးထားသည့် ၃၃ ကေဗွီ သပြေဝ- ဝန်ဇင်း ဓာတ်အားလိုင်းမှာ ယခင်က ဝန်အားမပြည့်ဖြစ်နေပြီး ဓာတ်အားပြတ်တောက်မှုများလည်း မကြာခဏဖြစ်ပွားလျက်ရှိသဖြင့် ဓာတ်အားပြတ်တောက်မှုမဖြစ်ပေါ်စေရေးနှင့် ဗို့အားပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူ၍ ဖေဖော်ဝါရီလမှစတင်ကာ ဓာတ်အားလိုင်း၏ ဝန်အားမျှစေရန် သပြေဝ- ဝန်ဇင်းဓာတ်အားလိုင်း အရှည် ၂ မိုင် ၃ ဖာလုံ၌ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်သည်။

မိတ္ထီလာမြို့နယ်၌ မြို့ပေါ်ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအုပ်စု ၅၈ အုပ်စု၊ ကျေးရွာ ၃၈၀ ရှိသည့်အနက် ကျေးရွာ ၂၄၃ ရွာမှာ လျှပ်စစ်မီးလင်းနေပြီဖြစ်ကာ ကျန်ရှိသည့်ကျေးရွာ ၁၃၇ ရွာတွင်လည်း မီးလင်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သိန်းမြင့်ကျော် (မိတ္ထီလာ)**

# ဖားကန့်မြို့နယ် တောင်ပြိုကျေးရွာ၌ အရေးပေါ် ယာယီ အသွားအလာကန့်သတ်ထားရှိရေးစင်တာ တည်ဆောက်လျက်ရှိ

**ဖားကန့် စက်တင်ဘာ ၁၉**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်မှ ကိုဗစ်-၁၉ အတည်ပြုလူနာ စတင်တွေ့ရှိရာ တောင်ပြို ကျေးရွာ၌ လူ ၁၀၀ ခန့်ထားနိုင်မည့် အရေးပေါ် ယာယီ အသွားအလာကန့်သတ်ထားရှိမည့် စင်တာကို စက်တင်ဘာ ၁၈ ရက်တွင် ချက်ချင်း တည်ဆောက်နေကြောင်း မြို့နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ဦးသန်းဇော်ကွန်းထံမှ သိရသည်။

"တောင်ပြိုက ပိုးတွေ့လူနာ ငါးဦးနဲ့ ထိစပ်သူတွေကို တစ်ခါတည်း စုံစမ်းဖော်ထုတ် Swab ယူ၊ တစ်ခါတည်း Facility Quarantine ထားဖို့ ဆောင်ရွက်နေပါတယ်၊ အခုတော့ ၁၄ ယောက်ကို Swab ယူထားပြီးပါပြီ"ဟု ဖားကန့်မြို့နယ် ကြက်ခြေနီအသင်းခွဲ၏ ဥက္ကဋ္ဌလည်းဖြစ်သူ ဦးသန်းဇော်ကွန်းက ပြောသည်။

ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးနှင့် ပံ့ပိုး ကူညီမှုများဆောင်ရွက်ရန် ကွန်းဖောင်ဒေးရှင်း ထံသို့ အလှူရှင်များက လှူဒါန်းထားကြသည့် ငွေကျပ် ၄၁၅၀၀၀၀ ဖြင့် အရေးပေါ် ယာယီ အသွားအလာကန့်သတ်ထားရှိမည့် စင်တာကို တည်ဆောက်ခြင်းဖြစ်ပြီး ကွန်းဖောင်ဒေးရှင်း အဖွဲ့သားများ၊ ပိုင်ဖြိုးသီဟနှင့် ယူနေတီ ကုမ္ပဏီ တို့မှ ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများက လိုအပ်သည်များကို ဝိုင်းဝန်းကူညီပေးလျက်ရှိသည်။

တောင်ပြိုကျေးရွာ၌ ဗုဒ္ဓယဉ်ကျေးမှု မူကြို ကျောင်းတွင် ဖွင့်လှစ်ထားသည့် အသွားအလာ ကန့်သတ်စောင့်ကြည့်ရေး စင်တာတစ်ခုရှိပြီး အသွားအလာကန့်သတ်ထားသူ လူဦးရေ ၄၀ အထိရှိနေကြောင်း သိရသည်။ စက်တင်ဘာ ၁၇ ရက်က ဖားကန့်မြို့နယ်မှ လူ ၁၀၇ ဦး၏ ခေတ်ခွဲနမူနာများ ရယူ၍ ရောဂါပိုးစစ်ဆေးခဲ့ရာတွင် လူနာအမှတ် ၁၇၁၂ နှင့် ထိတွေ့ခဲ့သူ လေးဦးတွင် ပိုးတွေ့ရှိခဲ့သည့်အတွက် ဖားကန့်မြို့နယ်၌ ကိုဗစ်-၁၉ ပိုးတွေ့သော အတည်ပြုလူနာ ငါးဦးအထိ ရှိလာပြီး ကချင်ပြည်နယ် အတွင်း အများဆုံး ပိုးတွေ့သည့် မြို့နယ်တစ်ခု ဖြစ်နေသည်။

ဖားကန့်မြို့နယ်၌ စက်တင်ဘာ ၉ ရက်က ကိုဗစ်-၁၉ ပိုးတွေ့ အတည်ပြုလူနာ အမှတ် ၁၇၁၂ ကို တွေ့ခဲ့ရပြီးနောက် လူနာအမှတ် ၁၇၁၂ နေထိုင်ခဲ့သည့် တောင်ပြိုကျေးရွာကို ကျေးရွာနေပြည်သူများ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် စက်တင်ဘာ ၁၁ ရက် ည ၇ နာရီခွဲမှ စ၍ ကျေးရွာတစ်ခုလုံး အသွားအလာကန့်သတ်ထားခဲ့ကြောင်း သိရသည်။

**တာလင်းမောင်(ပြန်/ဆက်)**



အသွားအလာကန့်သတ်စောင့်ကြည့်မည့်နေရာကို စက်ယန္တရားဖြင့် တည်ဆောက်နေစဉ်။

# ကိုဗစ်-၁၉ ကာလတွင် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာကို ရုံးဖွင့်ရက်တိုင်း ထုတ်ပေးလျက်ရှိ

**ဖလမ်း စက်တင်ဘာ ၁၉**

ကိုဗစ်-၁၉ ဖြစ်ပွားနေသည့် ကာလတွင် လူစုလူဝေး မဖြစ်စေရန်အတွက် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများကို မြန်မာ့စီးပွားရေးဘဏ်၌ ရုံးဖွင့်ရက်တိုင်း ရုံးချိန်အတွင်း ထုတ်ပေးလျက်ရှိကြောင်း ဖလမ်းမြို့ မြန်မာ့စီးပွားရေးဘဏ် ခရိုင်မန်နေဂျာက ပြောသည်။

"ပင်စင်ထုတ်ရက်က ၂၁ ရက် တစ်ရက်တည်း မဟုတ်ပါဘူး။ ရုံးဖွင့်ရက်တိုင်း ရုံးချိန်တိုင်းမှာ ထုတ်လို့ရပါတယ်။ လတစ်လရဲ့ ၂၁ ရက်ရောက်တိုင်း အဲဒီလအတွက် ပင်စင်လစာ အပါအဝင် မထုတ်သေးတဲ့လတွေ အကုန်လုံး ကျွန်တော်တို့ ထုတ်ပေးပါတယ်။ လူကိုယ်တိုင် မလာဘဲနဲ့ ဒီမှာ ဘဏ်စာအုပ်ဖွင့်ထားမယ်။ ဒါမှမဟုတ် စာရင်းရှင် စာရင်းဖွင့်မယ်။ ကျွန်တော့်ရဲ့ ပင်စင်လစာကို လစဉ် ဒီဘဏ်အကောင့်ထဲကို ထည့်ပေးပါလို့ သူက Standing Instruction ပေးတယ်ဆိုရင်လည်း သူလာဖို့ မလိုပါဘူး။ သူ့အကောင့်ထဲမှာ ထည့်ပေးတယ်။ နောက်ပြီး ဒီမှာ မနက် ၈ နာရီခွဲလောက်ဆိုရင် ပင်စင်စထုတ်ပေးရာက ကိုဗစ်ကာလအတွင်း ပင်စင်စားတွေ အများဆုံးထုတ်တဲ့ ၂၁ ရက်ဆိုရင် နံနက် ၇ နာရီကနေ စပြီးတော့ ကျွန်တော်တို့ ပင်စင်လစာ ထုတ်ပေးပါတယ်"ဟု ခရိုင်မန်နေဂျာ ဦးထွန်းထွန်းနိုင်က ပြောသည်။

ဖလမ်းမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ကိုဗစ်ကာလတွင် ပင်စင်လစာများကို ပုံမှန်ရုံးချိန်ထက်စော၍ ထုတ်ပေးခြင်းကြောင့် လူစုလူဝေးမဖြစ်ဘဲ အဆင်ပြေစွာ ထုတ်ပေးနိုင်ကြောင်း၊ ပင်စင်စားများအနေဖြင့်လည်း ပင်စင်လစာများကို ၂၁ ရက်နှင့် ၂၂ ရက်တွင်သာ စုပြုံ ထုတ်ယူခြင်းမပြုဘဲ အခြား ရုံးဖွင့်ရက်တိုင်းတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ကြောင်း မန်နေဂျာက တိုက်တွန်းပြောကြားသည်။

ဖလမ်းမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်ထုတ်ယူသည့် အငြိမ်းစား ဝန်ထမ်း စုစုပေါင်း ၁၂၀၀ ခန့်ရှိပြီး တစ်လတွင် ပျမ်းမျှအားဖြင့် အငြိမ်းစား ဝန်ထမ်း ၈၀၀ ခန့် လာရောက်၍ ပင်စင်လစာ ထုတ်ယူလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျန်းမာရေးအာမခံထားသူများ ကိုဗစ်-၁၉ ဖြစ်ပါက ပုံမှန်အကျိုးခံစားခွင့်ထက် ၄၀ ရာခိုင်နှုန်း ပိုရမည်

**မကွေး စက်တင်ဘာ ၁၉**

ကျန်းမာရေးအာမခံ ဝယ်ယူထားသည့် ပြည်သူများ၊ အငြိမ်းစား ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံတက်ရောက် ကုသမှုခံယူရခြင်း၊ သေဆုံးခြင်းတို့ဖြစ်ပါက လက်ရှိသတ်မှတ်ထားသည့် ပုံမှန် အကျိုးခံစားခွင့်နှုန်းထားအပေါ်တွင် ၄၀ ရာခိုင်နှုန်း ထပ်ဆောင်း အကျိုးခံစားခွင့်ကို ရရှိမည်ဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်း မကွေးတိုင်းဒေသကြီး တာဝန်ခံ ဦးစိုးငြိမ်းထံမှ သိရသည်။

ကျန်းမာရေး အာမခံ ဝယ်ယူထားသူတစ်ဦး၏ ပုံမှန်အကျိုးခံစားခွင့်များမှာ ရောဂါကြောင့် ဆေးရုံတက်ရခြင်း၊ မတော်တဆမှုကြောင့် ဆေးရုံတက်ရခြင်းတို့အတွက် တစ်ရက်လျှင် ဆေးကုသစရိတ် ကျပ်တစ်သောင်းနှုန်း (အများဆုံးရက်ပေါင်း ၆၀ အထိ)နှင့် မတော်တဆမှုကြောင့် သေဆုံးသွားပါက ကျပ် ၁၀ သိန်းအထိ အာမခံလျော်ကြေးကို မိသားစုက ရရှိနိုင်မည်ဖြစ်သည်။

ကျန်းမာရေးအာမခံထားရှိသူသည် ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံတက်ရောက်ရပါက ပုံမှန် အကျိုးခံစား ခွင့်ထက် ၄၀ ရာခိုင်နှုန်း အပိုဆောင်း ပေးရန် မြန်မာ့အာမခံလုပ်ငန်းက စက်တင်ဘာ ၁၇ ရက်မှစ၍ ပြင်ဆင်သတ်မှတ်လိုက်ခြင်းကြောင့် တစ်ရက်လျှင် ဆေးကုသစရိတ် ကျပ် ၁၄၀၀၀ နှုန်းဖြင့် ရက်ပေါင်း ၆၀ ခံစားခွင့်နှင့်အတူ မတော်တဆ သေဆုံးပါက မိသားစု အကျိုးခံစားခွင့် ကျပ် ၁၄ သိန်းကို ရရှိမည်ဖြစ်ကြောင်း တိုင်းတာဝန်ခံက ရှင်းပြသည်။

ကျန်းမာရေးအာမခံကို အသက် ၆ နှစ်မှ ၇၅ နှစ်အထိ ထားရှိနိုင်ပြီး ကျန်းမာရေးအာမခံ ထားသည့်အခါ အသက် ၆ နှစ်မှ ၁၈ နှစ်အထိကို မိဘအုပ်ထိန်းသူက ထားပေးရမည်ဖြစ်ပြီး အသက် ၁၈ နှစ်မှ ၇၅ နှစ်အထိကို ကိုယ်တိုင် အာမခံထားရှိနိုင်သည်။ ကျန်းမာရေးအာမခံ ဝယ်ယူခြင်းအနေဖြင့် အသက် ၆ နှစ်မှ ၃၀ အထိ တစ်နှစ်အတွက် ကျပ် ၁၁၀၀၀၊ အသက် ၃၁ နှစ်မှ ၄၀ အတွက် ၁၄၃၀၀ ကျပ်၊ အသက် ၄၁ နှစ်မှ ၅၀ အတွက် ၁၇၆၀၀ ကျပ်၊ အသက် ၅၁ နှစ်မှ ၆၀ အတွက် ၂၀၆၀၀ ကျပ်နှင့် အသက် ၆၁ နှစ်မှ ၇၅ နှစ်အတွက် ၆၁၆၀၀ ကျပ်ကို ခြောက်လတစ်ကြိမ်ပေးနှင့် တစ်နှစ် တစ်ကြိမ်ပေးစနစ်ဖြင့် ပရီမီယံ သွင်းနိုင်ကြောင်း၊ ကျန်းမာရေးအာမခံကို တစ်ယူနစ်မှ ၁၀ ယူနစ်အထိ ထားရှိနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ၂၀၁၃ ခုနှစ်မှစ၍ ပုဂ္ဂလိက အာမခံလုပ်ငန်းများကို ခွင့်ပြုပေးလိုက်သဖြင့် ယခုအခါ နိုင်ငံခြားသားပိုင်ကုမ္ပဏီ အာမခံလုပ်ငန်း၊ နိုင်ငံခြားသားနှင့် မြန်မာ ဖက်စပ်ကုမ္ပဏီ အာမခံလုပ်ငန်း၊ မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီ အာမခံလုပ်ငန်းနှင့် နိုင်ငံတော်ပိုင် မြန်မာ့အာမခံလုပ်ငန်း အပါအဝင် စုစုပေါင်း ၂၅ ခုရှိကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# လှိုင်ကော်မြို့၌ လမ်းသွားလမ်းလာပြည်သူများ နှာခေါင်းစည်းတပ်ဆင်ရန်စစ်ဆေး

**လှိုင်ကော် စက်တင်ဘာ ၁၉**

လှိုင်ကော်မြို့၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး အတွက် လမ်းသွားလမ်းလာ ပြည်သူများအနေဖြင့် အပြင်ထွက်တိုင်း မဖြစ်မနေ နှာခေါင်းစည်း တပ်ဆင်ကြရန် စစ်ဆေး အသိပညာပေးခြင်းကို စက်တင်ဘာ ၁၇ ရက်က လှိုင်ကော်မြို့ ဒေါနီးကူးတံတားအနီး၌ ပြုလုပ်ခဲ့သည်။

မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သည့် ပူးပေါင်းအဖွဲ့က မဖြစ်မနေ နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုအနေဖြင့် စစ်ဆေးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး နှာခေါင်းစည်းမတပ်ဘဲ သွားလာနေသည့် လမ်းသွားလမ်းလာ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါအကြောင်း အသိပညာပေး ရှင်းလင်းပြောကြားပြီးနောက် နှာခေါင်းစည်းနှစ်ခုကို ကျပ် ၁၀၀၀ နှုန်းဖြင့် ချက်ချင်းဝယ်ယူ၍ တပ်ဆင်စေခဲ့ကြောင်း သိရသည်။

**စိုးလှိုင်ငွေး(ပြန်/ဆက်)**

# တရုတ်နိုင်ငံ ရွှေလီမြို့ကို အသွားအလာကန့်သတ်ပြီးနောက်ပိုင်း မြန်မာဘက်မှ ပို့ကုန်ယာဉ်များ ကျယ်ဂေါင်မြို့အထိသာ ဝင်ထွက်ခွင့်ရှိ

**မူဆယ် စက်တင်ဘာ ၁၈**

တရုတ်နိုင်ငံ ရွှေလီမြို့တွင် ကိုဗစ်-၁၉ အတည်ပြုလူနာ တွေ့ရှိပြီးနောက် ရွှေလီမြို့ကို စက်တင်ဘာ ၁၅ ရက်မှစ၍ အသွားအလာကန့်သတ်ပြီး သွားလာရေးများကို ကန့်သတ်လိုက်ရာ မြန်မာဘက်မှ ပို့ကုန်ယာဉ်များအနေဖြင့်လည်း ကျယ်ဂေါင်မြို့အထိသာ ယာဉ်အချိန်းအပြောင်းဖြင့် ဝင်ထွက် သွားလာခွင့်ရှိကြောင်း သိရသည်။

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန် တာဝန်ခံ ညွှန်ကြားရေးမှူး ဦးတင်ရဲဝင်းက "တရုတ်နိုင်ငံ ရွှေလီမြို့မှာ စက်တင်ဘာ ၁၄ ရက်က ကိုဗစ်ရောဂါပိုးတွေ့တဲ့ အခြေအနေကို သိရပါတယ်၊ ရွှေလီမြို့မှာ အကျဉ်းကျနေတဲ့ ရွှေ့ပြောင်းမြန်မာနိုင်ငံသားတွေကို တရုတ်နိုင်ငံဘက်က ပြန်လည်လွှဲပြောင်းပေးလာတဲ့အခါမှာလည်း တစ်ဦးက ပိုးတွေ့လို့ မူဆယ်ဘက်မှာ သီးခြားခွဲထားပြီး လိုအပ်တဲ့ ကျန်းမာရေး ကူညီစောင့်ရှောက်မှုတွေ ပြုလုပ်နေပါတယ်၊ စက်တင်ဘာ ၁၅ ရက်ကစပြီး တရုတ်နိုင်ငံက တာဝန်ရှိသူတွေက ရွှေလီမြို့ကို အသွားအလာကန့်သတ်ပြီး ရွှေလီမြို့မှာရှိတဲ့ ဌာနဆိုင်ရာများအပါအဝင် ရွှေလီမြို့နေထိုင်သူအားလုံးကို ရောဂါပိုးရှိ/မရှိ စစ်ဆေးမယ်လို့ သိရပါတယ်၊ တစ်ပတ်လောက်ကြာမယ်လို့ သိရပြီး အသွားအလာကန့်သတ်ထားတဲ့ တစ်ပတ်အတွင်းမှာ ကုန်တင်ယာဉ်တွေရော၊ လူတွေရော ရွှေလီဘက်ကို အသွားအလာမရပေမယ့် ကျယ်ဂေါင်ထဲကိုတော့ ယခင်အတိုင်း ယာဉ်မောင်း အချိန်းအပြောင်းလုပ်ပြီး ဒီနေ့အထိ ဝင်ရောက် နေပါတယ်၊ သူတို့ဘက်က ကုန်ပစ္စည်းအချို့လည်း မြန်မာဘက်ကို ဝင်ရောက်နေပါတယ်။ လောလောဆယ်မှာတော့ အများထင်နေတဲ့အတိုင်း နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှုက လုံးဝရပ်တန့်နေတာ မဟုတ်ပါဘူး"ဟု ပြောသည်။

လက်ရှိအနေအထားအရ နှစ်နိုင်ငံအကြား ကုန်စည် စီးဆင်းမှုတွင် မြန်မာဘက်မှ ပို့ကုန်ယာဉ်များအနေဖြင့် တရုတ်နိုင်ငံ ကျယ်ဂေါင်အထိဝင်ရောက်ပြီး ကုန်အတင်အချ လုပ်နိုင်သလို ကျယ်ဂေါင်ဘက်မှ ကုန်တင်ယာဉ်များလည်း မြန်မာနိုင်ငံဘက်သို့ ပြန်လည်ဝင်ရောက်နေသည်။

ကျင်စန်းကျော့ဂိတ်လည်း မပိတ်သေးသည့်အတွက် ကုန်တင်ယာဉ်ကြီးများ ဝင်ထွက်သွားလာနေခြင်းဖြစ်ပြီး စက်တင်ဘာ ၁၅ ရက်တွင် မြန်မာဘက်မှ ကုန်တင်ယာဉ် အစီး ၆၀ ကျော် တရုတ်နိုင်ငံထဲ ဝင်ရောက်နိုင်ခဲ့ကြောင်း၊ သို့သော် မြန်မာဘက်မှ ပို့ကုန်များကို ကျယ်ဂေါင်အထိသာ ပို့ဆောင်ခွင့်ရကြောင်း၊ လက်ရှိအနေအထားအရ တရုတ်နိုင်ငံဘက်မှ ကုန်တင်ယာဉ်များမှာလည်း ရွှေလီတံတားကို ဖြတ်ကျော်၍မရသလို မြန်မာဘက်မှ ပို့ကုန်ကားများမှာလည်း ကျယ်ဂေါင်အထိသာ ဝင်ခွင့်ရရှိပြီး ရွှေလီတံတားကို ဖြတ်ကျော်၍ မရကြောင်း သိရသည်။ နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှု ပုံမှန်ဖြစ်ရေးအတွက် အသွားအလာကန့်သတ်သည့် အပေါ် မူတည်ကြောင်းနှင့် အသွားအလာကန့်သတ်သည့် အခြေအနေ အရ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။



ပြည်ထောင်စုလမ်းမကြီးပေါ် တစ်နေရာ၌ ရပ်တန့်စောင့်ဆိုင်းနေသော ကုန်တင်ယာဉ်ကြီးများကို တွေ့ရစဉ်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ စက်တင်ဘာ ၁၅ ရက်တွင် ပို့ကုန် ယာဉ်ကြီး ယာဉ်ငယ်စုစုပေါင်း ၂၃၉ စီးနှင့် သွင်းကုန် ယာဉ်ကြီး ယာဉ်ငယ်စုစုပေါင်း ၂၇၃ စီး ဝင်ရောက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် တရုတ်နိုင်ငံ နယ်စပ်ဂိတ် အဝင်အထွက် အခက်အခဲများကြောင့်လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သော လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့်လည်းကောင်း၊ မူဆယ်(၁၀၅)မိုင်၊ OHC တိုးဂိတ်အနီး၊ မြို့ရှောင်လမ်း၊ ပြည်ထောင်စု လမ်းမကြီးပေါ်၊ ကျင်စန်းကျော့ကျောက်တိုင်အနီးနှင့် ကုန်သွယ်ရေးဇုန်ကွင်း စသည့် နေရာများ၌ ကုန်တင်ယာဉ် အစီးရေ ၁၀၀၀ ဝန်းကျင်ခန့် ရပ်စောင့်နေရကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# တောင်ငူ ၅၂ မြို့ (အပိုင်း-၆)

## သောင်းကေတု



ဘုမ္မတီးရွာမှ သမိုင်းဝင် ဆင်တော်ရဘုရား

### ဖွဲ့တိုင်းဘုမ္မတီး

ဘုမ္မတီးသည် တောင်ငူခရိုင် ထန်းတပင်မြို့နယ် တောင်ငူ-မုပ္ပလင် လမ်းပေါ်တွင် တည်ရှိသည်။ ၁၈၇၄ ခုနှစ် မြန်မာနိုင်ငံ ဂေဇက်တီးယားတွင် ဘုမ္မတီးကို ဘုမ္မဝတီမြို့ဟုခေါ်ပြီး မြို့ပိုင်ရုံးစိုက်ရာဌာန ဖြစ်သည်။ ထိုစဉ်က ထန်းတပင်မြို့နယ် မပေါ်ပေါက်သေးပါ။

သက္ကရာဇ် ၁၁၄၆ ခုနှစ် တောင်ငူစစ်တမ်းတွင် "ဖွဲ့တိုင်းဘုမ္မတီးသူကြီး တေဇဗလ အသက်(၃၅)နှစ်ကို စစ်မေးသော် ဘုမ္မတီးရွာကို ကျွန်တော့်ဘေးငသော်က ကြီးစိုးစီရင်သည်။ မရှိလျှင် သားငနီ ကြီးစိုးသည်။ မရှိလျှင် ငနီတွင် သားဆက်မရှိ၊ ညီ ငဖြူလု ကြီးစိုးသည်။ မရှိလျှင် သား ဗလကျော်စွာ တောင်ငူမြို့ (၁၁)စု မြင်းခေါင်းအရာနှင့် အမှုတော်ကို ထမ်းရွက်၊ သား ကျွန်တော် ဗလတေဇကို သူကြီးအရာကို လွှဲအပ်လျှင် ကျွန်တော် ကြီးစိုးစီရင်သည်။ ဖွဲ့တိုင်းဘုမ္မတီးကျေးရွာနယ်သည် အရှေ့ကို တတိုင်ကွာ ဝါးရဲချောင်း ကြက်တွန်တောင်အထိ၊ တဘက် ကသောင်းတောင်မြေနှင့် ကျောခိုင်း၊ အရှေ့တောင်ကို တတိုင်ကွာ ရွှေမော်ဓောဘုရားအထိ၊ တဘက် မည်းဘလံမြေနှင့် ကျောခိုင်း၊ တောင်ကို တာတသောင်းကွာ ကြက်တိုက်ညောင်ပင်၊ ကြေးသိုက်မြောင်းထိ၊ တဘက် ကြောင်ပြာမြေနှင့် ကျောခိုင်း အနောက်တောင်ကို တတိုင်ကွာ တက်ပြင်ဆင်လူးအိုင်အထိ၊ တဘက် ငဆီးလောင်မြေနှင့် ကျောခိုင်း အနောက်ကို တတိုင်ကွာ ငလင်ကူးတောကွင်းလယ်ပြင်ထိ၊ တဘက်ခေါင်ရမ်းမြေနှင့် ကျောခိုင်း အနောက်မြောက်ကို တတိုင်ကွာ ကျေးအင်းအထိ၊ တဘက်နန္ဒင်းတောမြေနှင့် ကျောခိုင်း မြောက်ကို တတိုင်ကွာ ဆီကိုင်ပောင်းတောင်မြောင်းထိ၊ တဘက်နန္ဒင်းတောမြေနှင့်ကျောခိုင်း အရှေ့မြောက်ကို တတိုင်ကွာ ကြက်တွန်တောင် မအူတိုင်ချောင်း၊ ဝါးရဲချောင်းထိ၊ တဘက် ကသောင်းတောင်မြေနှင့် ကျောခိုင်း။ ဤနယ်ရှစ်ရပ်အတွင်း ဆင်တော်ရသိမ် ဝတ်မြေ၊ မျိုးဝင် ၄၀



မဲဘလံရွာမှ ရှေးဟောင်းဘုရား တန်ဆောင်း

တင်းကဲ့ ၎င်းမြေလုပ်သားတို့မှာ ကျွဲတရှဉ်းလျှင် စပါး ၅ တင်းထမ်း၊ သူကြီးက ကောက်ခံ၍ ဆင်တော်ရကျောင်းသိမ်ကို လှူဒါန်းပြင်လုပ်ရိုး။ မင်းမြေလုပ်သားတို့မှာ ကျွဲတရှဉ်းလျှင် အခွန်စပါး ၁၀ တင်း တောင်ငူမြို့ ကျီတော်မှာ ချင်သွင်းရိုး။ နယ်အတွင်းရှိ နောင်ချစ်အင်းမှာ ခွန်သမ တစ်နှစ်လျှင် ငွေရွက်နီ ၃၀၊ ဝန်စား ၃၊ ရေးစား ၁ ကျပ် ၂ မတ်၊ သူကြီးက ကောက်ခံ၍ တောင်ငူအခွန်ဝန်၊ အခွန်စာရေးတို့မှာ ချိန်သွင်းရိုးအပေါ် ဝန်အကောက်အစား တရားကွမ်းဘိုး ကျွဲဝင်နွားဝင် စီရင်ကောက်စားရသည်များကို တောင်ငူရုံးတော်မှာ အရာတော်ဆက်ရိုး။ နယ်တွင်းနေ ကြေးပေးကြေးဆုံ အသည်ငယ်သားတို့မှာ တောင်ငူမြို့ အခန့်အထားကိုခံ၍ ပေးသုံးထမ်းရွက်ရသည်။ ဖွဲ့တိုင်းဘုမ္မတီးသူကြီး တေဇဗလ ထွက်ဆိုချက်နှင့် တင်ဆက်သည့်စာရင်း"ဟု ဖော်ပြပါရှိသည်။

ဘုမ္မတီးသူကြီးသား ဗလကျော်စွာမှာ တောင်ငူမြို့ရှိ ၁၁ စုမြင်းခေါင်း (မြင်းတပ်ဗိုလ်) ရာထူး တိုးမြှင့်ခံရသဖြင့် သားဖြစ်သူ ဗလတေဇက ရွာသူကြီးဆက်ခံရကြောင်းကို စစ်တမ်းအရ သိရပြီး ထိုခေတ်က နယ်ဘက်မှ စစ်ဘက်သို့ ရာထူးတိုးမြှင့်ခံရခြင်း ဖြစ်သည်။

၉-၆-၂၀၁၉ ရက်က ဘုမ္မတီးရွာကို ရောက်ခဲ့သည်။ တောင်ငူ-မုပ္ပလင် လမ်း၏ ဝဲဘက်သို့ဝင်ရသည့်အတွင်းသို့ မိုင်ဝက်ခန့်ဝင်လာလျှင် ဘုမ္မတီးရွာကို ရောက်သည်။ ရွာဝင်လမ်း၏ တောင်ဘက်တွင် မဟာရံတံတိုင်း မုခ်ဦးနှင့် ဆင်တော်ရကျောင်းရှိသည်။ ပင်မကျောင်းဆောင်ကြီး၏ နောက်ဘက်အဆောင်တွင် ဆရာတော် ဦးကုဏ္ဍလကို ဝင်ရောက်ဖူးမြော်ပြီး သမိုင်းကြောင်းကို မေးလျှောက်ပါသည်။ တောင်ငူဘုရင် မင်းကြီးညို လက်ထက်က ဤနေရာသို့ ရောက်ရှိပြီး တောဆင်ရိုင်းများကိုဖမ်းဆီးရာ ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော ဆင်ကြီးတစ်ကောင်ကို ရရှိသဖြင့် ဆင်တော်ရဘုရားနှင့် ကျောင်းကို တည်ဆောက်ခဲ့ကြောင်း၊ ရွာအရှေ့ဘက်ရှိ ဘုမ္မတီးတောင် နောက်ကျောတွင် ဆင်များကျက်စားသော အင်းကြီးတစ်ခုရှိပြီး ဆင်ကျအင်း(ဆင်ချအင်း)ဟု ခေါ်ကြောင်း ဆရာတော်က မိန့်ကြားသည်။ ဘုမ္မတီးတောင်ပေါ်၌ ဥဏ္ဏာတော် မြင့်မားသော ရွှေမော်ဓောစေတီ ရှိကြောင်းလည်း ဆရာတော်က မိန့်ကြားသည်။

၁၈၇၉ ခုနှစ် BRITISH BURMA ဂေဇက်တီးယားတွင် ဘုမ္မတီးရွာအကြောင်းကို ဖော်ပြထားသည်။ ထိုစဉ်က တောင်ငူခရိုင် စစ်တောင်းမြစ် အရှေ့ဘက်ကမ်းကို ဘုမ္မဝတီမြို့နယ်အဖြစ် သတ်မှတ်ပြီး ဘုမ္မတီးဟု ခေါ်ကြောင်း၊ ကမ်းနီတိုက်နယ်မှာ ဘုမ္မဝတီမြို့နယ်တွင် ပါဝင်ကြောင်းသိရသည်။

### ဗာရာဏသီရွာပုံတော်

ဘုမ္မတီးမှ ထွက်ခွာခဲ့သော် ယောက်သဝ ချောင်းကူးတံတားထိပ်တွင် လမ်းခွဲတစ်ခုရှိသည်။ တလိုင်းအိုင်လမ်းခွဲ ဖြစ်သည်။ တလိုင်းအိုင်၊ ရွှေအင်းမ ရွာများကို ဖြတ်သန်း၍ သံတောင်ကြီးမြို့နယ် ဘောဂလိမြို့နယ်ခွဲရှိ သပြေညွန့်ရွာကို ရောက်သည်။ သပြေညွန့်ရွာမှာ စနစ်တကျအကွက်ဖော်၍ တည်ဆောက်ထားသော ရွာဖြစ်သည်။ အစိုးရအထက်တန်းကျောင်း၊ ရဲစခန်းနှင့် ကျေးလက်ကျန်းမာရေးဌာနများကို လမ်းမကြီးဘေးတွင် တွေ့ရသည်။

မကြာမီ လှပသော မုခ်ဦးပြာသာဒ်နှင့် ဘုန်းကြီးကျောင်းတစ်ကျောင်းထဲသို့ ဝင်ရောက်ကာ ဆရာတော်အား ဖူးမြင်ရင်း ဗာရာဏသီသမိုင်းကြောင်းကို မေးလျှောက်ပါသည်။ ဆရာတော်က "ဒီကျောင်းအရှေ့ဘက်က မြေကွက်လပ်ကြီးက ဆင်ကျအင်းလို့ ခေါ်တယ်၊ ဆင်ကျအင်းအရှေ့ဘက်က အုန်းပင်တွေနဲ့ တောတန်းဟာ ဗာရာဏသီ ရွာဟောင်းပဲ၊ တပ်မတော်အစိုးရလက်ထက်မှာ ဗာရာဏသီနဲ့ အခြားရွာ သုံးရွာကို ဖျက်သိမ်းပြီး ဒီသပြေညွန့်ရွာကို တည်ခဲ့တာ"ဟု မိန့်ပါသည်။ နွေကာလမို့ အင်းကြီးမှာ ရေမရှိဘဲ အချို့နေရာများတွင် ထွန်ယက်ကာ သီးနှံများ စိုက်ပျိုးထားသည်။

ဤဗာရာဏသီကား နှယ်နှယ်ရရမဟုတ်ချေ။ ပုဂံခေတ်က အနော်ရထာမင်းကြီး တည်ဆောက်ခဲ့သော ကင်းမြို့ ၄၃ မြို့တွင် ပါဝင်သော တောင်ဘက်အစွန်ဆုံး တပ်မြို့ဖြစ်သည်။ အနော်ရထာမင်းကြီးသည် ပုဂံပြည်၏ လုံခြုံရေးအတွက် အရှေ့ရိုးမတောင်ခြေတစ်လျှောက်တွင် ကင်းမြို့ ၄၃ မြို့ကို တည်ဆောက်ခဲ့သည်။ မြောက်ဘက်အစွန်ဆုံး ကောင်းတုံးမှစ၍ ကောင်းတုံ၊ ကောင်းစဉ်၊ ငရန်း၊ ငရင်း၊ ရွှေကူ၊ ယင်းခဲ၊ မိုးတား၊ ကသာ၊ ထီးကျဉ်း(ထီးချိုင့်)၊ မြတောင်၊ တကောင်း၊ ဟင်္ကမော်(အင်းမမော်)၊ ကြံညပ်၊ စမွယ်နဂို၊ ငစဉ့်ကူး၊ ကုန်းသာယာ (ကွန်သာယာ)၊ မကွေးတရာအောင်၊ အုတ်၊ ရေနံ့သာ၊ နဂါးမောက်၊ ယင်းမာတဲ၊ စုန်း၊ တုံပုံ၊ မတ္တရာ၊ သက်ငယ်ကျင်း၊ ဝါးရင်းဒုတ်၊ တောင်ပြုံးကြီး၊ မြို့တင်၊ လဟေး၊ ရှဉ့်မတက်၊ မက္ခရာ၊ တအုံ၊ မြင်စိုင်း၊ မြစ်သာ၊ ဟိုင်းတက်(လိုင်းတက်)၊ သာဂရ၊ ညောင်ရမ်း၊ ရွှေမြို့၊ ပက်ပါ၊ မြို့လှ၊ ကဲလင်းရွာနှင့် ဗာရာဏသီတို့ ဖြစ်ကြသည်။

ယခုခေတ် မြေပြင်အခြေအနေအရ ကင်းမြို့များသည် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်မှစတင်၍ ကသာ၊ သပိတ်ကျဉ်း၊ စဉ့်ကူး၊ မတ္တရာ၊ စဉ့်ကိုင်၊ ကျောက်ဆည်၊ မိတ္ထီလာ၊ သာစည်၊ တပ်ကုန်း၊ ရေတာရှည်မှ ထန်းတပင်မြို့နယ်အထိ တည်ရှိနေခဲ့ခြင်းဖြစ်သည်။

ကျွန်တော် စဉ့်ကူးမြို့နယ်တွင် တာဝန်ကျစဉ်က ယင်းမြို့နယ်ထဲတွင် ပါဝင်သော ကုန်းသာယာနှင့် မကွေးတရာအောင်ရွာများကို ရောက်ဖူးသည်။ စဉ့်ကူးတစ်မြို့သာ မြို့ရိုးရှိပြီး ကျန်မြို့များမှာ ပျောက်ကွယ်လုနီးပါး ဖြစ်နေသည်။

ရွှေမြို့နှင့် ပက်ပါမှာ တပ်ကုန်းမြို့နယ်အတွင်းတွင် တည်ရှိ၍ မြို့လှ၊ ဆွာနှင့် ကဲလင်းမှာ ရေတာရှည်မြို့နယ်တွင် တည်ရှိပြီး ဗာရာဏသီကို ထိုအနီးတွင် ရှိမည်ဟု ထင်ခဲ့သည်။ ၂၀၀၉ ခုနှစ်ထုတ် ကေတုမတီမဂ္ဂဇင်းတွင် ဗာရာဏသီကို ဘုမ္မတီးနှင့် မဲဘလံတို့၏ အရှေ့ဘက်တွင်ရှိကြောင်း ရေးသားထားသည်ကို တွေ့ရသဖြင့် သွားရောက်ရှာဖွေရန် စီစဉ်သော်လည်း နယ်မြေအခြေအနေအရ အခွင့်မသာခဲ့ပါ။

၂၀၁၉ ခုနှစ် ဇွန်လတွင် ကျောက်ကြီးမှ တောင်ငူသို့ ပြန်လာစဉ် ဘုမ္မတီးရွာကို ဝင်ရောက်လေ့လာသည်။ သမိုင်းဝင် ဆင်တော်ရကျောင်းဆရာတော်ကို ဖူးမြော်ရင်း ဗာရာဏသီအကြောင်းကို မေးလျှောက်ရာ ဆရာတော်၏ လမ်းညွှန်ချက်အရ တလိုင်းအိုင်လမ်းဆုံမှတစ်ဆင့် သပြေညွန့်ရွာကို လာခဲ့ကြသည်။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား ယိုးဒယားသို့ စစ်ချီရာတွင် ဗာရာဏသီတွင် တစ်စခန်းချခဲ့ကြောင်းလည်း ရာဇဝင်တွင် ဖတ်ရှုရသည်။ ၁၉၀၀ ပြည့်နှစ်ထုတ် မြေပုံတွင် ဗာရာဏသီ တဲနန်းတော်နေရာများကို တွေ့ရသည်။ အရှေ့ဘက်ရိုးမတောင်တန်းကြီး၏ခြေရင်း မဟာဗျူဟာကျသော နေရာတွင် တည်ခဲ့သည့် ကင်းမြို့တစ်မြို့ဖြစ်သည်။ တောင်ငူ ၅၂ မြို့တွင် အရှေ့တောင်ဘက် မြို့ရာများ အနက် တစ်ခုအပါအဝင်ဖြစ်သည်။

### မဲဘလံ

မဲဘလံရွာသည် ပဲခူးတိုင်း ထန်းတပင်မြို့နယ်တွင် ပါဝင်ပြီး တောင်ငူ-မုပ္ပလင်လမ်းပေါ်တွင် တည်ရှိသည်။ တောင်ငူ ၅၂ မြို့တွင် ပါဝင်သော ရွာကြီးတစ်ရွာ ဖြစ်သည်။ ရွာ၏ တောင်ဘက်ထိပ်ရှိ ယောက်သဝချောင်းသည် ကျောက်ကြီးမြို့နယ်နှင့် ထန်းတပင်မြို့နယ်၏ နယ်နိမိတ်ကို ပိုင်းခြားထားသည်။ မဲဘလံဘုန်းတော်ကြီးကျောင်းတွင် နှစ်တစ်ရာကျော်က ရှေးဟောင်းဘုရားတန်ဆောင်းများ ကျောင်း၊ ပိဋကတ်တိုက်များ ရှိသည်။

ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက် စစ်တမ်းတွင် ဘုမ္မတီးနယ်၏ အကျယ်အဝန်းကို ဖော်ပြရာတွင် "အရှေ့တောင် တတိုင်ခွဲအကွာ မဲဘလံနယ်မြေ ရွှေမော်ဓောဘုရားအထိ"ဟု ဖော်ပြထားသည်။ တောင်ငူခေတ်ကတည်းက တည်ရှိခဲ့သည့်ရွာဖြစ်ပြီး ညောင်ရမ်းခေတ်နှင့် ကုန်းဘောင်ခေတ်များတွင် ရွှေနန်းတော်သို့ တော်ဝင်သဇင်ပန်းများဆက်သရာ ဒေသဖြစ်သည်။ မြဝတီမင်းကြီးဦးစ ရေးသားသော သည်ဆောင်းဟေမာန် ပတ်ပျိုးတွင် "ရှမ်းပြည် တောင်ငူ ကြည်ဖြူဆက်မြဲ မှန်လှလေ"ဟု တောင်ငူဒေသမှ နန်းသုံးတော်ဝင်သဇင်ပန်းများအကြောင်းကို ရေးသားခဲ့သည်မှာ မဲဘလံဒေသမှထွက်သော ပန်းများဖြစ်သည်။

တောင်ငူစစ်တမ်းတွင် "သဇင်ပန်းတော် တခြင်းလျှင် ပွင့်တံ ၂၅၀၊ ၂ ခြင်း တထမ်းလျှင် ပွင့်တံ ၅၀၀၊ ရွှေနန်းတော်ကို ၁၅ ထမ်း၊ နန်းမတော်ကို ၂ ထမ်း၊ အိမ်ရှေ့တော် ၄ ထမ်း၊ အိမ်ရှေ့မိဖုရား တထမ်း၊ ဂမုန်းအင်၊ လောင်းပန်းများကိုလည်း တောင်ငူမြို့ဝန်မှတဆင့် အလားတူ ဆက်သရသည်။ ဘိုးတော်ဘုရားလက်ထက်မှာ မဲဘလံရွာစား မင်းသမီးကို သဇင်၊ ဂမုန်းအင်၊ လောင်းပန်း ၃ ခြင်းစီ ဆက်သရကြောင်း"ဟု ရေးသားထားသည်ကို တွေ့ရသည်။

ဘုန်းကြီးကျောင်းအတွင်းရှိ အမိုး ဘုံသုံးဆင့်နှင့် ဘုရားတန်ဆောင်းကြီးကို တွေ့ရသည်။ ၁၂၇၆ ခုနှစ် ဝါခေါင်လဆန်း ၁၃ ရက်တွင် မဲဘလံရွာ ဘုရားဒကာကြီး ဦးဖိုးဆိုင်-ဇနီး ဒေါ်ရုံ၊ သမီး မစန်းမေ ကောင်းမှုဟု ကမ္ပည်းထိုးထားသည်။ နှစ်ပေါင်း တစ်ရာကျော်က ပန်းရံလက်ရာများမှာ ကောင်းမွန်လှပါသည်။

စစ်တောင်းမြစ် အရှေ့ဘက်ကမ်းရှိ ထန်းတပင်နှင့် ကျောက်ကြီးမြို့နယ်များ အတွင်း၌ တောင်ငူ ၅၂ မြို့ စာရင်းဝင် မြို့ရွာများ အများအပြား ကျန်ရှိနေသေးသည်။ အချို့မှာ နေရာအတိအကျကို ရှာမတွေ့တော့ပါ။ ယခုရောက်ခဲ့သော ဘုမ္မတီး၊ ဗာရာဏသီနှင့် မဲဘလံရွာများတွင် ဗာရာဏသီမှာ နာမည်သာ ကျန်တော့သည်။ နောက်အပတ်များတွင် ဤဒေသတစ်ဝိုက်ရှိ ၅၂ မြို့စာရင်းဝင် မြို့ရွာများကို လေ့လာရှာဖွေပါဦးမည်။ ။

**ကိုးကား။ ။ ၁၁၄၆-ခုနှစ်၊ တောင်ငူမြို့စစ်တမ်း**

# ဟံသာဝတီနှင့် ရန်ကုန် သရေကျပြီး ရှောဝတီနှင့် ရှမ်းယူနိုက်တက် နိုင်ပွဲဆက်



ဟံသာဝတီနှင့် ရန်ကုန်အသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

**ရန်ကုန် စက်တင်ဘာ ၁၉**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၇) ပထမနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ဟံသာဝတီနှင့် ရန်ကုန်အသင်း သရေကျပြီး ရှောဝတီနှင့် ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲဆက်ခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းနှင့် ရန်ကုန်အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။ ဟံသာဝတီအသင်းသည် ယခုပွဲသရေရလဒ်ကြောင့် ဇယားထိပ်ဆုံးမှ ရှောဝတီအသင်းနှင့် နှစ်မှတ်ကွာဟသွားသော်လည်း ချန်ပီယံလမ်းကြောင်းပေါ်တွင် ဆက်ရှိနေဆဲဖြစ်သည်။ နာမည်ကြီး ရန်ကုန်အသင်းမှာမူ ယခုပွဲ သရေရလဒ်ကြောင့် ထိပ်ဆုံးမှ ရှောဝတီနှင့် ကိုးမှတ်ကွာဟသွားပြီး သုံးပွဲသာကျန်သောကြောင့် ချန်ပီယံ မျှော်လင့်ချက်အဆုံးသတ်ရန် သေချာသလောက် ဖြစ်သွားခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားများအပါအဝင် လူစုံနီးပါးပွဲထုတ်ခဲ့ပြီး ရန်ကုန်အသင်းသည် ဒဏ်ရာပြဿနာရှိနေသည့် မောင်မောင်လွင်ကို ဒုတိယပိုင်းမှအသုံးပြုကာ ပွဲပယ်ခံထားရသည့် ထိုက်ထိုက်အောင်နေရာတွင် သူရိန်စိုးကို အသုံးပြုသည်မှလွဲ၍ ဦးမင်းထွန်းလင်း လက်ထက်တွင် ပုံမှန်အသုံးပြုနေသည့် ပွဲထွက်လူစာရင်းအတိုင်း ဆက်လက်ပွဲထွက်ခဲ့သည်။ ဟံသာဝတီအသင်းမှာလည်း နိုင်ပွဲရယူနိုင်ရန် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပထမပိုင်းတွင် ရန်ကုန်အသင်းထက် ဂိုးသွင်းခွင့်ပိုရခဲ့သည်။ ကွင်းလယ်ကစားသမား အောင်လှိုင်ဝင်း၏ကန်ချက် တိုင်ထိထွက်သွားသလို ဒိုနယ်နှင့် အီမီကာတို့လည်း ဂိုးသွင်းခွင့်အသုံးမချနိုင်၍ ဟံသာဝတီအသင်း နစ်နာခဲ့ရသည်။ ဒုတိယပိုင်းတွင် မောင်မောင်လွင်ဝင်လာသောကြောင့် ရန်ကုန်တိုက်စစ်ပြန်ကောင်းလာပြီး ဂိုးသွင်းခွင့်များ ဖန်တီးနိုင်ခဲ့သည်။ မောင်မောင်လွင်ဂိုးရနိုင်သည့် အပိုင်အခွင့်အရေးနှစ်ကြိမ်ရသော်လည်း အသုံးမချနိုင်၍ နစ်နာခဲ့ရသည်။ ဟံသာဝတီအသင်းမှာလည်း ဂိုးသွင်းခွင့်များကို အသုံးမချနိုင်၍ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက အား/ကာသိပ္ပံအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ချန်ပီယံလမ်းကြောင်းပေါ်တွင်ရှိနေသည့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ရှစ်ပွဲဆက်အနိုင်ရခဲ့သည့်အပြင် ဒုတိယနေရာမှ ဟံသာဝတီအသင်းလည်း သရေကျခဲ့သောကြောင့် ရမှတ်ကွာဟမှုကျဉ်းမြောင်းနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၂၂၊ ၉၀+၂ မိနစ်တွင် ဒွေးကိုကိုချစ်၊ ၄၁ မိနစ်တွင် ရဲမင်းသူတို့က သွင်းယူပြီး အား/ကာသိပ္ပံအတွက် ချေပဂိုးကို ၃၉ မိနစ်တွင် ခင်ကျော်ဝင်းက သွင်းယူခဲ့သည်။ ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရှောဝတီအသင်းက ရခိုင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေသည့် ရှောဝတီအသင်းသည် ဒုတိယနေရာမှ ဟံသာဝတီအသင်း ပွဲကျပ်ကစားရမှုကို အသုံးချကာ နှစ်မှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ၅၅ မိနစ်တွင် ရဲဝင်းလှိုင်က ရခိုင်အတွက် ဂိုးစတင်သွင်းယူခဲ့သောကြောင့် ရှောဝတီအသင်း နောက်မှလိုက်ကစားခဲ့ရသော်လည်း ၆၅ မိနစ်တွင် ရခိုင်ကစားသမား သက်ထွန်းအောင် ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့၍ ချေပဂိုးပြန်ရခဲ့သည်။ ရှောဝတီအတွက် အနိုင်ဂိုးကို ၆၉ မိနစ်တွင် စိုးမိုးကျော်က သွင်းယူခဲ့သည်။

ဒုတိယနေ့ကို စက်တင်ဘာ ၂၀ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ရတနာပုံအသင်း၊ YUSC ကွင်း၌ စစ်ကိုင်းအသင်းနှင့် Southern အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# စက်တင်ဘာလအတွက် MNL လအလိုက် အကောင်းဆုံးဆုကို ဦးအောင်နိုင် (ရှမ်း)နှင့် ဟိန်းထက်အောင် (ဟံသာဝတီ) ရရှိ

**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာနေရှင်နယ်လိဂ်က ရွေးချယ်သည့် ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ၏ စက်တင်ဘာလအတွက် လအလိုက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်အသင်းနည်းပြချုပ် ဦးအောင်နိုင်နှင့် ဟံသာဝတီအသင်း တောင်ပံကစားသမား ဟိန်းထက်အောင်တို့ ရရှိခဲ့သည်။

မြန်မာ နေရှင်နယ်လိဂ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် ပွဲများ ဆက်တိုက်ကျင်းပနေရသောကြောင့် ပွဲစဉ် (၄) အပြီးတွင် လအလိုက် အကောင်းဆုံးဆုများ ရွေးချယ်ချီးမြှင့်နေခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစဉ် (၁၃) မှ (၁၆) အထိ လေးပွဲစလုံး အနိုင်ရခဲ့သောကြောင့် နည်းပြချုပ် ဦးအောင်နိုင်က အကောင်းဆုံးနည်းပြဆု ရရှိခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ရခိုင်ကို သုံးဂိုး-ဂိုးမရှိ၊ ဟံသာဝတီကို လေးဂိုး-နှစ်ဂိုး၊ မကွေးကို ငါးဂိုး-နှစ်ဂိုး၊ ရန်ကုန်ကို လေးဂိုး-ဂိုးမရှိတို့ဖြင့် လေးပွဲစလုံး အနိုင်ရခဲ့ပြီး ချန်ပီယံလမ်းကြောင်းပေါ်တွင် ဆက်ရှိနေရန် အရေးပါသည့် ဟံသာဝတီ၊ ရန်ကုန်တို့နှင့်ပွဲများတွင် အနိုင်ရအောင် ကစားနိုင်ခဲ့သည်။ အကောင်းဆုံးကစားသမားဆုရ ဟိန်းထက်အောင်သည် လေးပွဲစလုံး ပါဝင်ကစားခဲ့သည့်အပြင် တစ်ဂိုးသွင်း၊ လေးကြိမ် ဂိုးဖန်တီးမှုပြုလုပ်ခဲ့သောကြောင့် ရွေးချယ်ခံရခြင်းဖြစ်ပြီး လအလိုက်အကောင်းဆုံးဆုကို ပထမဆုံးရရှိခဲ့ခြင်းဖြစ်သည်။ အကောင်းဆုံးနည်းပြဆုရ ဦးအောင်နိုင် (ရှမ်းယူနိုက်တက်) ကို စက်တင်ဘာ ၁၉ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပသည့် ရှမ်း-အား/ကာသိပ္ပံပွဲမတိုင်မီ ဆုချီးမြှင့်ခဲ့ပြီး ဆုတံဆိပ်နှင့် ဆုကြေးကျပ်တစ်သိန်းခွဲကို မြန်မာနေရှင်နယ်လိဂ် စီမံခန့်ခွဲရေးအရာရှိချုပ် ဦးဆူးအောင်ကလည်းကောင်း၊ အကောင်းဆုံးကစားသမားဆုရ ဟိန်းထက်အောင် (ဟံသာဝတီ)ကို စက်တင်ဘာ ၁၉ ရက်က YUSC ကွင်း၌ ကျင်းပသည့် ဟံသာဝတီ-ရန်ကုန် ပွဲမတိုင်မီ ဆုချီးမြှင့်ခဲ့ပြီး ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်နှစ်သိန်းကို မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်က ပေးအပ်ချီးမြှင့်ခဲ့သည်။

ယခုရာသီတွင် MNL လအလိုက် အကောင်းဆုံးဆုများအား ဇန်နဝါရီတွင် အကောင်းဆုံးနည်းပြဆုကို ဦးမျိုးမင်းထွန်း(ဟံသာဝတီ)၊ အကောင်းဆုံးကစားသမားဆုကို ဒိုနယ်(ဟံသာဝတီ)၊ ဖေဖော်ဝါရီလတွင် အကောင်းဆုံးနည်းပြဆုကို ဦးတင်မောင်ထွန်း (ရန်ကုန်)၊ အကောင်းဆုံး ကစားသမားဆုကို မောင်မောင်လွင်(ရန်ကုန်)၊ မတ်၊ ဩဂုတ်တွင် အကောင်းဆုံးနည်းပြဆုကို ဦးမျိုးမင်းထွန်း (ဟံသာဝတီ)၊ အကောင်းဆုံး ကစားသမားဆုကို ဒေးဗစ်ဒန်း(ရှမ်းယူနိုက်တက်)၊ စက်တင်ဘာလတွင် အကောင်းဆုံးနည်းပြဆုကို ဦးအောင်နိုင် (ရှမ်းယူနိုက်တက်) နှင့် အကောင်းဆုံး ကစားသမားဆုကို ဟိန်းထက်အောင် (ဟံသာဝတီ) တို့က ရရှိထားသည်။ **ညီမြတ်သော်တာ**

# ပရီမီယာလိဂ် ပွဲစဉ်(၂) အဲဗာတန်က ဝက်စ်ဘရွန်းကို ငါးဂိုး-နှစ်ဂိုးဖြင့် ဂိုးပြတ်နိုင်

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၂) အစောဆုံးပွဲစဉ်အဖြစ် အဲဗာတန်နှင့် ဝက်စ်ဘရွန်းပွဲစဉ်ကို စက်တင်ဘာ ၁၉ ရက် ညတွင် ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင် အဲဗာတန်အသင်း ငါးဂိုး-နှစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲတွင် နည်းပြ အန်ဆယ်လော့တီသည် ၄-၃-၃- ကစားကွက်ဖြင့် တိုက်စစ်တွင် ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ ဒိုမီနစ်နှင့် ရစ်ချာလီဆန်တို့ကို ပွဲထုတ်ခဲ့ပြီး၊ ဧည့်သည် ဝက်စ်ဘရွန်းသည် ၅-၄-၁ ပုံစံဖြင့် ရိုဘင်ဆန်ကို အထောင်ထားပွဲထွက်ခဲ့သည်။ ပွဲစပြီး ၁၀ မိနစ်တွင် တောင်ပံကစားသမား ဒီယာဂါနာက ဝက်စ်ဘရွန်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ၃၁ မိနစ်တွင် တိုက်စစ်မှူး ဒိုမီနစ်က အဲဗာတန်အတွက် ချေပဂိုး ပြန်လည်သွင်းယူပေးခဲ့သည်။ ပထမပိုင်း ပြီးခါနီး ၄၅ မိနစ်တွင် ဂျိမ်းစ်ရိုဒရီဂွက်ဇ်က အဲဗာတန်အတွက် ဦးဆောင်ဂိုး ပြန်လည်သွင်းယူခဲ့ပြီး ပထမပိုင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ခဲ့သည်။ ဝက်စ်ဘရွန်း နောက်တန်းကစားသမား ကီယန်ဂစ် တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခံရပြီးနောက် ဒုတိယပိုင်းကို အိမ်ရှင် အဲဗာတန်အသင်း ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ပွဲချိန် ၅၄ မိနစ်တွင် မိုက်ကယ်ကိန်း၊ ၆၂ မိနစ်နှင့် ၆၆ မိနစ်တွင် ဒိုမီနစ်က ဟက်ထရစ် သွင်းယူပေးခဲ့သည်။

ယနေ့ပွဲတွင် အိမ်ရှင် အဲဗာတန်အသင်းသည် တစ်ယောက်အသာစီးဖြင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးကန်သွင်းခွင့် ၁၇ ကြိမ်ထိရရှိခဲ့ပြီး ခုနစ်ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ဧည့်သည် ဝက်စ်ဘရွန်းသည် ခြောက်ကြိမ်ကန်သွင်းခွင့်ရခဲ့ပြီး လေးကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။



အဲဗာတန်နှင့် ဝက်စ်ဘရွန်းအသင်းတို့ ယှဉ်ပြိုင်စဉ်။

ပရီမီယာလိဂ် ပွဲစဉ်နှစ်ပွဲယှဉ်ပြိုင်အပြီးတွင် အဲဗာတန်သည် နှစ်ပွဲဆက်အနိုင်ရရှိထားပြီး ဝက်စ်ဘရွန်းသည် နှစ်ပွဲစလုံး ရှုံးနိမ့်ထားသည်။ ပွဲစဉ်(၃)တွင် အဲဗာတန်သည် ပဲလေ့စ်ကို အဝေးကွင်းတွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဝက်စ်ဘရွန်းက ချယ်ဆီးကို အိမ်ကွင်းတွင် ဧည့်ခံယှဉ်ပြိုင်ရမည်ဖြစ်သည်။ **သီဟ**

○ *ကျောဖုံးမှ*

ကျွန်တော် ဒီအသင်းကို ပြောင်းရွှေ့ခွင့်ရလို့ အလွန်ပဲပျော်ပါတယ်”ဟု ပြောကြားသည်။ ၎င်းသည် ဂရိဘယ်ခံစစ်ကစားသမားဖြစ်သူ ဆီမီကပ်စ်ကို ခေါ်ယူပြီး နောက် လီဗာပူးအသင်း၏ နွေရာသီအပြောင်းအရွှေ့ကာလတွင် ဒုတိယမြောက် ခေါ်ယူသည့် ကစားသမားဖြစ်လာခဲ့ပြီး အန်ဖီးလ်တွင် ဂျာစီနံပါတ် ၆ ကို ဝတ်ဆင်ကစားမည်ဖြစ်သည်။

အယ်ကန်တာယာသည် ဘာစီလိုနာအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ မပြောင်းရွှေ့မီ ဘာစီလိုနာအသင်းတွင် ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ကစားခဲ့ပြီး ဘာစီလိုနာအသင်းနှင့်အတူ လာလီဂါဖလားကို နှစ်ကြိမ်ဆွတ်ခူးထားသူဖြစ်သည်။၎င်းသည် ဘိုင်ယန်မြူးနစ်အသင်းသို့ ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းနှင့်လည်း အောင်မြင်မှုသရဖူ စိုက်ထူထားနိုင်သူဖြစ်သည်။ ၎င်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ဘွန်ဒက်စ်လီဂါဖလားကို ခုနစ်ကြိမ် ဆွတ်ခူးရရှိထားသူဖြစ်ပြီး ချန်ပီယံလိဂ်ဖလားကို ဩဂုတ်လတွင် ဆွတ်ခူးရရှိထားနိုင်သူဖြစ်သည်။ ထို့အပြင် ဂျာမန်ပိုကယ်ဖလားနှင့် ဖီဖာကလပ်ကမ္ဘာ့ဖလားတို့ကိုလည်း ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ဆွတ်ခူးထားသူဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၂၃၅ ပွဲ ပါဝင်ကစားထားပြီး ၃၁ ဂိုးသွင်းယူပေးထားနိုင်သော အယ်ကန်တာယာသည် ပရီမီယာလိဂ်ပွဲစဉ်(၂)အဖြစ် တနင်္ဂနွေနေ့ည ၁၀ နာရီတွင် ယှဉ်ပြိုင်ကစားမည့် ချယ်ဆီးအသင်းနှင့်ပွဲစဉ်ကို ပါဝင်ကစားခွင့်ရရှိဖွယ်ရှိနေသည်။

နောက်ဆုံးထွက်ပေါ်လာသော သတင်းများတွင် လီဗာပူးအသင်းသည် ဝုဖ်တိုက်စစ်ကစားသမားတစ်ဦးဖြစ်သူ ဒီယေဂိုဂျိုတာကို ပေါင် ၄၁ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းသည် ဂျိုတာကို ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ခြင်းဖြစ်သည်။ အပိုဆုကြေးများပါ ထည့်ပေါင်းပါက အဆိုပါကစားသမား၏ ပြောင်းရွှေ့ကြေးသည် ပေါင် ၄၅ သန်းအထိ မြင့်တက်သွားနိုင်ကြောင်း သိရသည်။ လီဗာပူးအသင်းသည် ဘိုင်ယန်မြူးနစ်အသင်းမှ သီယာဂို အယ်ကန်တာယာကို ခေါ်ယူပြီးနောက် မကြာမီတွင် ဂျိုတာကို ဆက်လက်ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၃ နှစ်အရွယ်ရှိ ပေါ်တူဂီကစားသမား ဂျိုတာသည် ဝုဖ်အသင်းတွင် ၁၃၁ ပွဲပါဝင်ကစားထားပြီး ၄၄ ဂိုး သွင်းယူပေးထားသူ ဖြစ်သည်။ ဂျိုတာအနေဖြင့် အန်းဖီးလ်သို့ ရောက်ရှိလာပါက လီဗာပူးအသင်းမှ ခံစစ်ကစားသမားတစ်ဦးဖြစ်သူ ကီဂျာနာဟိုဗာသည် ဝုဖ်အသင်းထံသို့ အပိုဆုကြေးအပါအဝင် ပေါင် ၁၀ သန်းဖြင့် ပြောင်းရွှေ့ဖွယ်ရှိနေသည်။ လီဗာပူးအသင်း၏ လူငယ်ကစားသမား ဟိုဗာသည် နည်းပြ ကလော့ပ်လက်ထက်တွင် လေးကြိမ်သာလျှင် ပွဲထွက်ကစားခွင့်ရရှိထားသေးသည်။ ၎င်းသည် နေရာစုံရွှေ့လျားကစားတတ်သည့် ကစားသမားတစ်ဦးဖြစ်သည့်အတွက် ဝုဖ်အသင်းက ခေါ်ယူအားဖြည့်လိုနေခြင်းဖြစ်သည်။

အသက် ၁၈ နှစ်အရွယ်ရှိ ဟိုဗာသည် ၂၀၁၈ ခုနှစ်တွင် အိုင်းယက်စ်အသင်းမှ လီဗာပူးအသင်းကို ပြောင်းရွှေ့လာသူဖြစ်ပြီး ပြီးခဲ့သည့် နွေရာသီတွင် လီဗာပူးအသင်းနှင့် ကာလရှည်စာချုပ်သစ်ချုပ်ဆိုထားသူဖြစ်သည်။ သို့သော်လည်း လီဗာပူးနှင့် ဝုဖ်အသင်းတို့ နှစ်ဖက်သဘောတူညီမှုရရှိပြီးနောက် ၎င်းအနေဖြင့် ဝုဖ်အသင်းကို အမြဲတမ်းပြောင်းရွှေ့ ကစားဖွယ်ရှိနေခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် အပြောင်းအရွှေ့ကို ဆက်လက်လုပ်ဆောင်သွားဖွယ်ရှိနေပြီး ဝက်ဖို့ဒ်အသင်းမှ တိုက်စစ်ကစားသမား အစ္စမာအီလာဆားရ်ကို ခေါ်ယူရန်စုံစမ်းမှုများ ပြုလုပ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဝက်ဖို့ဒ်အသင်းသည် အဆိုပါ တိုက်စစ်ကစားသမားအတွက် ပြောင်းရွှေ့ကြေး ပေါင် ၃၆ သန်း အလိုရှိနေကြောင်း သိရသည်။ ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလတွင် ဝက်ဖို့ဒ်အသင်းက ပေါင်သန်း ၃၀ ဖြင့် ခေါ်ယူထားသော ဆားရ်သည် အသင်းအတွက် ပြိုင်ပွဲစုံ ပွဲ ၃၀တွင် ခြောက်ဂိုးသွင်းကာ ခြောက်ကြိမ်ဂိုးရရှိအောင် ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။ **အောင်ဇော်**

# မြန်မာပြည်သူများအတွက် ကိုဗစ်ကာလမှာ ငှက်ခါးလေး အားခဲပြီးပျံနေဆဲပါ

• • • • ငုသီတာ • • • •

**အခုတလော စာတိုက်နဲ့ ပို့ပေးလိုက်ပါ၊ စာတိုက်ကဈေးချိုတယ်၊ စာတိုက်က အရင်လိုမဟုတ်တော့ဘူး စတဲ့ အသံလေးတွေကို တစ်စတစ်စ ကြားလာရပါတယ်။ ဟုတ်ပါတယ် အရင်လိုမဟုတ်တော့ပါဘူး။ နှစ်ပေါင်း ၁၉၀ ကျော် သက်တမ်းရင့်ခဲ့တဲ့ ဘိုးဘွားတွေလက်ထက်တုန်းက ပြည်သူတွေအားထားခဲ့ရတဲ့ စာတိုက်ကြီးဟာ အတွေးသစ်၊ အမြင်သစ်၊ နည်းပညာသစ်တွေနဲ့ ပြန်လည်ဆန်းသစ်လာခဲ့ပါပြီ။ စာတိုက်ကို လူတွေသုံးသေးရဲ့လား၊ စာတိုက်ဆိုတာ ရှိသေးလားဆိုပြီး မေးခွန်းတွေနေရာမှာ အခုတော့ စာတိုက်က ဘယ်နားမှာလဲ၊ ဘယ်ကနေ ဘယ်ကိုပို့ချင်တယ်ရလား၊ အိမ်အထိလာဝေလား စတဲ့မေးခွန်းလေးတွေ ပြောင်းသွားပါပြီ။**

မြန်မာ့စာတိုက်လုပ်ငန်းဆိုတဲ့ အမည်သီးသန့် ဖော်ပြခွင့်မရဘဲ ဌာနခွဲတစ်ခုအောက်က မရေရာတဲ့ နေရာတစ်ခုမှာ မထင်မရှား ရပ်တည်နေခဲ့ရာက ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ "မြန်မာ့စာတိုက်လုပ်ငန်း" ဆိုပြီး ဖွဲ့စည်းပုံ သီးသန့်ရပ်တည်ဖို့ အခွင့်အရေး ရလာခဲ့ပါတယ်။ အခွင့်အရေးပေးခဲ့တဲ့ တာဝန်ရှိသူတွေကိုလည်း အခုထိ ကျေးဇူးတင်နေဆဲပါ။ နိုင်ငံတော်က လစာပေးထားတာပဲ၊ အရှုံးခံပေးနေတာပဲဆိုပြီး ရေစုန်မျောမနေဘဲ ရတဲ့အခွင့်အရေးကို အသုံးချဖို့ IT နည်းပညာရှင်တွေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းပြီး နည်းလမ်းမျိုးစုံနဲ့ လုပ်ငန်းသစ်တွေကို ၂၆- ၈- ၂၀၁၆ ရက်နေ့မှာ စတင်ခဲ့ပါတော့တယ်။

Online Shopping တွေအတွက် e- commerce ဝန်ဆောင်မှုတွေ၊ ကိုယ်စားငွေကောက်ခံခြင်းလုပ်ငန်းတွေ၊ လေယာဉ်လက်မှတ်၊ ကားလက်မှတ်ရောင်းတာတွေ၊ Top up collection တွေ၊ Utilities Service တွေကို တစ်ခုပြီးတစ်ခု နိုင်ငံတော်က အရင်းအနှီး ထပ်မံ စိုက်ထုတ်ဖို့မလိုဘဲ လုပ်ဆောင်ခဲ့ပါတယ်။ ဆက်တိုက်ဝင်လာတဲ့ လုပ်ငန်းအသစ်တွေ၊ နည်းပညာအသစ်တွေကို စာတိုက်ဝန်ထမ်းတွေဟာ လူအင်အား၊ ပစ္စည်းကိရိယာ အင်အားမပြည့်မစုံနဲ့ အခက်အခဲမျိုးစုံ ရင်ဆိုင်ပြီး လိုက်ပါ သင်ယူခဲ့ကြရပါတယ်။ အရှိန်အဟုန်ကြီးမားတဲ့ မြန်မာ့စာတိုက်လုပ်ငန်းရဲ့ ပြုပြင်ပြောင်းလဲမှုဒဏ်ကို မခံနိုင်တဲ့ မလုပ်၊ မရှုပ်၊ မပြုတ် ဘေးထိုင်၊ ဘိုင်ကျ၊ ဘုပြောတဲ့ အရာထမ်း၊ အမှုထမ်းအချို့ကတော့ အချိန်မတိုင်ခင် ပင်စင်ယူ၊ နုတ်ထွက်၊ ပြောင်းရွှေ့ခြင်းတွေနဲ့ လက်တွဲဖြုတ်ခဲ့ကြတဲ့သူတွေလည်း မနည်းတော့ပါဘူး။

**ဝန်ဆောင်မှုတွေ ပေးလျက်ရှိ**

စာတိုက်ရဲ့ ပုံမှန်လုပ်ငန်းတွေကနေ ခွဲထွက်ကာ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းပြီး Computer တွေ၊ Phone Device တွေ၊ Tablet တွေ မျိုးစုံကိုကိုင်တွယ်ပြီး ဝန်ဆောင်မှုတွေ ပေးလျက်ရှိပါတယ်။ အဓိက အပြောင်းအလဲအနေနဲ့ ချောပစ္စည်းတွေကို အချိန်နဲ့ တစ်ပြေးညီ ရောက်ရှိရာနေရာကို သိရှိ ခြေရာခံနိုင်တဲ့ Delivery Monitoring System ကို အကောင်အထည်ဖော်ပြီး Tracking System ကို ပြည်သူတွေအတွက် ဖြည့်ဆည်းပေးနိုင်ခဲ့တာပါပဲ။ စာတိုက်ဝန်ထမ်းတွေ၊ IT နည်းပညာတွေနဲ့ ရင်းနှီးပြီး လွယ်ကူစွာ သုံးစွဲဆောင်ရွက်ပါက အနာဂတ်မှာ e- Government ဖွံ့ဖြိုးတိုးတက်ဖို့ မြန်မာ့စာတိုက်လုပ်ငန်းက အထောက်အကူပေးနိုင်မှာ ဖြစ်ပါတယ်။




အခုအချိန်ထိ မြန်မာ့စာတိုက်လုပ်ငန်းမှာ စိတ်ရှည်၊ သည်းခံ၊ ဇွဲရှိစွာနဲ့ မိုးထဲရေထဲမှာ အတူရုန်းကန်ပေးနေကြတဲ့ စာတိုက်ဝန်ထမ်း ငှက်ခါးလေးတွေရဲ့ ကြိုးစားမှုကြောင့် နိုင်ငံတကာမှာ နောက်ကျမကျန်ရစ်ခဲ့ဘဲ Universal Postal Union (UPU) ရဲ့ Regional Project တွေမှာ လိုက်ပါဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ၂၀၁၉ ခုနှစ်မှာ Gold Level Award ကို ရရှိခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း (International EMS) မှာလည်း ၂၀၁၉ ခုနှစ်မှာ တစ်ကမ္ဘာလုံး အဖွဲ့ဝင်လုပ်ငန်းပေါင်း ၁၉၈ ခုအနက် အဆင့် ၁၆ နဲ့ Bronze Level ကို ရရှိခဲ့ပါတယ်။ စာပို့လုပ်ငန်းဖွံ့ဖြိုးမှုမှာတော့ ၂၀၁၆ ခုနှစ်မှာ အဆင့် ၁၂၆ ကနေ ၂၀၁၈ ခုနှစ်မှာ အဆင့် ၉၁ ကို တက်လှမ်းနိုင်ခဲ့ပါတယ်။ အောင်မြင်မှုတွေဟာ လွယ်လွယ်နဲ့ရခဲ့တာမဟုတ်သလို အောင်မြင်မှုတွေကို ဆက်လက်ထိန်းသိမ်းဖို့လည်း အထူးကြိုးစားကြရဦးမှာပါ။



**ချောစာ၊ ပစ္စည်းတွေကို သယ်ယူပို့ဆောင်ပေးနေ**

ကိုဗစ်ကာလအတွင်းမှာ ရပ်ဆိုင်းထားရတဲ့သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ စာတိုက်အနေနဲ့ ချောလမ်းပိတ်ဆို့မှုကြားထဲက သက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်တွေနဲ့အညီ အစိုးရ၊ ဌာနဆိုင်ရာတွေနဲ့ အများပြည်သူတွေရဲ့ ချောစာ၊ ပစ္စည်းတွေကို သယ်ယူပို့ဆောင်ပေးနေပါတယ်။ အပြည်ပြည်ဆိုင်ရာချောတွေအတွက်လည်း ရပ်ဆိုင်းသွားတဲ့ ခရီးသည်တင်လေယာဉ်တွေအစား Cargo Flight တွေ ပြောင်းလဲပြီး သယ်ယူပို့ဆောင်နိုင်အောင် ကြိုးစားခဲ့ပါတယ်။ အခုလိုအချိန်မျိုးမှာ ရပ်ဝေးမှာရှိတဲ့ မိဘ၊ ညီအစ်ကို၊ မောင်နှမတွေဆီကို မြန်မာစားစရာလေးတွေ ပေးပို့နိုင်ဖို့ ချောလမ်းရပ်တန့်မသွားအောင် သက်ဆိုင်ရာနိုင်ငံတွေနဲ့ချိတ်ဆက်ပြီး ခက်ခဲစွာ ပေးပို့ပေးနေပါတယ်။ ဒီအချိန်မှာ စာတိုက်ကိုယုံကြည်အားကိုးပြီး အသုံးပြုလာကြတဲ့ ပြည်သူတွေကိုလည်း ကျေးဇူးတင်နေမှာပါ။

**ပြည်သူတွေကို ဝန်ဆောင်မှုပေးနေဆဲ**

နိုင်ငံတော်က စိုက်ထုတ်ကျခံပေးနေတဲ့ အရှုံးလည်းကာမိအောင်၊ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်း တစ်ခုဖြစ်တဲ့ မြန်မာ့စာတိုက်ရဲ့ ဂုဏ်သိက္ခာလည်း တက်အောင် ငှက်ခါးလေးတွေက အခုထက်ပိုပြီး ကြိုးစားမှာပါ။ ကော်နီရဲ့ "အိမ်မှာနေချင်တာပေါ့" သီချင်းလေးထဲကလို စာတိုက်ဝန်ထမ်းတွေဟာ အိမ်မှာနေချင်သော်လည်း စာတိုက်က ပို့ပေးမှ၊ ဝေပေးမှ ရောက်ရှိနိုင်မယ်၊ ပေးပို့သူနဲ့ လက်ခံရရှိသူတွေ လုပ်ငန်းအဆင်ပြေနိုင်မယ်၊ ဝမ်းသာနိုင်မယ်ဆိုတဲ့ နိုင်ငံသားကောင်းပီသတဲ့ တာဝန်သိစိတ်တွေနဲ့အတူ အသက်ကို ပဓာနမထားဘဲ မြန်မာ့စာတိုက်လုပ်ငန်းရဲ့ Vision ဖြစ်တဲ့ လူတိုင်းအတွက် မြန်မာ့စာတိုက် (Myanmar Post for Everyone) ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ပြည်သူတွေကို ဝန်ဆောင်မှုပေးနေဆဲပါ။

ကိုဗစ်ကာလမှာ မြန်မာပြည်သူတွေအတွက် ငှက်ခါးလေးများ အားခဲပြီး ပျံသန်းနေဆဲပါလို့...။ ။

**"အခုအချိန်ထိ မြန်မာ့စာတိုက်လုပ်ငန်းမှာ စိတ်ရှည်၊ သည်းခံ၊ ဇွဲရှိစွာနဲ့မိုးထဲရေထဲမှာ အတူ ရုန်းကန်ပေးနေကြတဲ့ စာတိုက်ဝန်ထမ်း ငှက်ခါးလေးတွေရဲ့ ကြိုးစားမှုကြောင့် နိုင်ငံတကာမှာ နောက်ကျမကျန်ရစ်ခဲ့ဘဲ Universal Postal Union (UPU)ရဲ့ Regional Project တွေမှာ လိုက်ပါဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ၂၀၁၉ ခုနှစ်မှာ Gold Level Award ကို ရရှိခဲ့"**

# မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂)တွင် နှစ်နိုင်ငံကြား ကုန်တင်ယာဉ်များဖြတ်သန်းမှုကို လျှော့ချကန့်သတ်

**တာချီလိတ် စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့၌ ကိုဗစ်- ၁၉ တားဆီး၊ ကာကွယ်၊ ထိန်းချုပ်ရေး နည်းလမ်းတစ်ခုအဖြစ် မြန်မာ-ထိုင်းချစ်ကြည်ရေးတံတား အမှတ်(၂)တွင် နေ့စဉ်ဖြတ်သန်းလျက်ရှိသော ကုန်ပစ္စည်းတင် မော်တော်ယာဉ်များကို တာချီလိတ်မြို့မှ တာဝန်ရှိသူများက စက်တင်ဘာ ၁၇ ရက်မှစ၍ လျှော့ချကန့်သတ်လိုက်ကြောင်း သိရသည်။

စက်တင်ဘာ ၁၄ ရက်တွင် ထိုင်းနိုင်ငံဘက်က တရားဝင် အကြောင်းကြားခြင်းမရှိဘဲ ကိုဗစ်-၁၉ ကူးစက်မှုကို အကြောင်းပြကာ တံတားပေါ်မှဖြတ်သန်းနေသည့် ကုန်တင်ယာဉ်များကို ကန့်သတ်ကြောင်း တစ်ဖက်သတ်ထုတ်ပြန်ကြေညာလာခြင်းကြောင့် မြန်မာတာဝန်ရှိသူများက ထိုင်းနိုင်ငံ မယ်ဆိုင်မြို့သို့သွားရောက်၍ တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်ကြရာ အဆုံးအဖြတ်မပေးနိုင်ဘဲ ခရိုင်အဆင့် ဆက်လက်ဆွေးနွေးသွားရန် ဆုံးဖြတ်ကြသည်။ ထို့နောက် စက်တင်ဘာ ၁၅ ရက်တွင် ချင်းရိုင်းခရိုင်က မော်တော်ယာဉ် ခြောက်စီးသာ ဖြတ်သန်းခွင့်ပြုခြင်းနှင့် ယာဉ်မောင်းလဲလှယ်မောင်းနှင်ရန် ညွှန်ကြားချက်ကို မိမိတို့ ဆန္ဒသဘောဖြင့် ထုတ်ပြန်သည်။

ထိုသို့ ညွှန်ကြားချက်ထုတ်ပြန်ခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံဘက်သို့ တရားဝင်အသိပေးအကြောင်းကြားခြင်း မရှိဘဲ မိမိတို့ဆန္ဒသဘောအတိုင်း ဆက်လက်လုပ်ဆောင်လာသည်ကို တွေ့ရှိရသဖြင့် တာချီလိတ်မြို့မှ တာဝန်ရှိသူများအနေဖြင့် ပြန်လည်တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် ကုန်သည်ကြီးများ၊ မြို့မိမြို့ဖများ တွေ့ဆုံညှိနှိုင်းမှုကို စက်တင်ဘာ ၁၆ ရက်တွင် ပြုလုပ်ကြပြီးနောက် ထိုင်းနိုင်ငံကဲ့သို့ ကုန်တင်ယာဉ် ခြောက်စီးကိုသာ မိမိဘက်မှ စေလွှတ်ခြင်း၊ ယာဉ်မောင်းများ လဲလှယ်မောင်းနှင်စေခြင်း၊ ထိုင်းဘက်မှ ကုန်တင်ယာဉ်များကိုလည်း မိမိဘက်သို့ ခြောက်စီးသာ ဝင်ရောက်စေခြင်းများကို စက်တင်ဘာ ၁၇ ရက်မှစ၍ ပြုလုပ်ရန် သဘောတူဆုံးဖြတ်ကြကြောင်း သိရသည်။

သို့ဖြစ်၍ စက်တင်ဘာ ၁၇ ရက် နံနက် တံတားစတင်ဖွင့်လှစ်ချိန်မှစ၍ ညွှန်ကြားချက်အတိုင်း လုပ်ငန်းများကို အကောင်အထည်ဖော်ရာ မြန်မာနိုင်ငံဘက်မှ သတ်မှတ်ကုန်တင်ယာဉ် ခြောက်စီးကိုသာ ထိုင်းနိုင်ငံဘက်သို့ သွားရောက်ခွင့်ပြုသလို မြန်မာနိုင်ငံဘက်သို့လည်း ကုန်တင်ယာဉ် ခြောက်စီးကိုသာ ပြန်လည်ဝင်ရောက်ခွင့်ပြု ကြောင်း သိရသည်။



စက်တင်ဘာ ၁၇ ရက်က တံတားအမှတ်(၂)၏ ထိုင်းနိုင်ငံဘက်ခြမ်းတွင် ရပ်တန့်စောင့်ဆိုင်းနေရသော ကုန်တင်ယာဉ်ကြီးများ

**ယာဆေး(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## တင်ဒါကော်မတီ
## တင်ဒါခေါ်ယူထားသည့်ဈေးသန့်စင်ခန်းများ တင်ဒါလျှောက်လွှာပိတ်ရက် ရွှေ့ဆိုင်းခြင်းနှင့်ပတ်သက်၍ အသိပေးခြင်း

၁။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ကျန်းမာရေးနှင့်ဈေးများ လုပ်ငန်းတာဝန်ခံအဖွဲ့ ကွပ်ကဲမှုအောက်ရှိဈေးများမှ ၁၈-၈-၂၀၂၀ ရက်မှ ၁၇-၉-၂၀၂၀ရက် အတွင်း တင်ဒါခေါ်ယူခဲ့သော ဈေး(၁၂၄)ဈေး၏ သန့်စင်ခန်းဝင်ခကောက်ခံခြင်း လုပ်ငန်းများ တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းမည့်ရက်ကို ၁၇-၉-၂၀၂၀ ရက် သတ်မှတ်ထားခဲ့ပါသည်။

၂။ သို့ရာတွင် COVID 19 ကပ်ရောဂါကူးစက်မှုမြင့်မားနေခြင်းကြောင့် တင်ဒါဖွင့်ဖောက်ခြင်းကို ခေတ္တဆိုင်းငံ့ထားမည်ဖြစ်သဖြင့် တင်ဒါလျှောက်လွှာများ နောက်ဆုံးတင်သွင်းရမည့်ရက်အား ရွှေ့ဆိုင်းကြောင်းနှင့် ပြန်လည်တင်ပြရမည့်ရက်အား ထပ်မံကြေညာမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ဈေးများဌာန၏ ဖုန်း-၀၁-၃၇၆၇၀၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရှမ်းပြည်နယ်အစိုးရအဖွဲ့
## လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
## ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး
## တောင်ကြီးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့်ရှမ်းပြည်နယ်(တောင်ပိုင်း/မြောက်ပိုင်း/အရှေ့ပိုင်း) ဒေသများတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်းတံတား၊ ရေရရှိရေး၊ သာသနာရေးနှင့် ဆိုလာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို၂၁-၉-၂၀၂၀ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး(၁၆-၁၀-၂၀၂၀)ရက်တွင် တင်ဒါရောင်းချမှုပိတ်သိမ်းမည်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါများကို(၁၉-၁၀-၂၀၂၀) ရက် (၁၆:၃၀)နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရန်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါ ရောင်းချ/တင်သွင်းရမည့်လိပ်စာမှာရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ တောင်ကြီးမြို့၊ (အေးသာယာမြို့) ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၈၁-၂၀၈၅၂၃ သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပြည့်ဖြိုးမြစွမ်းအင်နှင့် ရေအားစက်ရုံများဌာန လက်အောက်ရှိ ဆည်တော်ကြီး၊ဇောင်တူးနှင့် ကြီးအုံကြီးဝ ဓာတ်အားပေးစက်ရုံများအတွက် အောက်ဖော်ပြပါပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့်(DDP At Site)ဝယ်ယူရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Tender No.13/ EPGE/2020-2021 | ဆည်တော်ကြီး၊ဇောင်တူးနှင့်ကြီးအုံကြီးဝ ဓာတ်အားပေးစက်ရုံများအတွက် 220V Cell Bank and Battery Charger များ(3)Items ဝယ်ယူခြင်း။ |

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ( Financial Proposal)တို့အားသီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ (၁၄:၀၀)နာရီနောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ **တင်ဒါပိတ်ရက်** -၂၀-၁၀-၂၀၂၀ရက်နေ့ (၁၄ :၀၀)နာရီ

၄။ တင်ဒါပုံစံအား(၂၁-၉-၂၀၂၀)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအားဝန်ကြီးဌာနဝက်ဆိုဒ်(www.moee.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

ဖုန်း -၀၆၇-၈၁၀၄၂၇၈၊၀၆၇- ၈၁၀၄၂၇၉

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ အပူစွမ်းအင်သုံးစက်ရုံများဌာနလက်အောက်ရှိ ဓာတ်အားပေးစက်ရုံများအတွက် အောက်ဖော်ပြပါပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် DDP At Site ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Tender No.09/ EPGE/2020-2021 | အပူစွမ်းအင်သုံးစက်ရုံများဌာနလက်အောက်ရှိ ဓာတ်အားပေးစက်ရုံများအတွက် Turbine Oil များ ဝယ်ယူခြင်း။ |
| (ခ) | Tender No.10/ EPGE/2020-2021 | ရွှေတောင်ဓာတ်အားပေးစက်ရုံအတွက် Switch Yard ပစ္စည်းများဝယ်ယူခြင်း။ |
| (ဂ) | Tender No.11 EPGE/2020-2021 | မြန်အောင်ဓာတ်အားပေးစက်ရုံအတွက် Switch Yard ပစ္စည်းများဝယ်ယူခြင်း။ |
| (ဃ) | Tender No.12/ EPGE/2020-2021 | ကျွန်းချောင်းဓာတ်အားပေးစက်ရုံအတွက် Switch Yard ပစ္စည်းများဝယ်ယူခြင်း။ |

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ ၁၃:၀၀နာရီနောက်ဆုံးထား၍ **(လူကိုယ်တိုင်)**လာရောက်တင်သွင်းရမည်။

၃။ **တင်ဒါပိတ်ရက်** - ၁၉-၁၀-၂၀၂၀ ရက် (၁၃:၀၀)နာရီ

